# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၇)ရက် ၊ တနင်္ဂနွေနေ့ ၊ (18-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၇၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ဒုတိယသမ္မတ ဦးညိုစော တနင်္သာရီတိုင်းဒေသကြီး မြိတ်နှင့် ထားဝယ်မြို့တို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



ဒုတိယသမ္မတ ဦးညိုစော ဆိုလာလျှပ်စစ် ဓာတ်အားပေးစနစ်ဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိသည့် ရွှေဥဩ ထားဝယ် ရိုးရာရက်ကန်းစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၇**

ဒုတိယသမ္မတ ဦးညိုစောသည် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်လင်းမောင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲဝင်းအောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ဒေသထွက်ကုန်ကြမ်းများကိုအခြေခံသည့်ဒေသတွင်း အသေးစား၊ အလယ်စားနှင့် **စာမျက်နှာ ၁၆ ကော်လံ ၁**

## တီးတိန်မြို့ ခုတင် - ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံတွင် 100mA Fixed Type Digital X-ray စက်တပ်ဆင်ပြီးစီး

**ဖလမ်း အောက်တိုဘာ ၁၇**

ချင်းပြည်နယ် တီးတိန်မြို့ ခုတင်-၁၀၀ ဆံ့ ပြည်သူ့ဆေးရုံတွင် 100mA Fixed Type Digital X-ray စက်တပ်ဆင်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

X-ray စက်တပ်ဆင်ခြင်းဖြင့် ရောဂါရှာဖွေခြင်းကို ချက်ချင်းဆောင်ရွက်နိုင်သည့်အပြင် ယင်းဓာတ်မှန်စက်မှ ကြည်လင်ပြတ်သားသော ဓာတ်မှန်ပုံရိပ်ရရှိနိုင်သောကြောင့် လူနာများအတွက် ရောဂါကုသရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ X-ray စက်တပ်ဆင်ပြီးစီးမှု၊ လက်တွေ့အသုံးပြု၍ ကုသရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ယမန်နေ့က ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်သည် ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အတူ **စာမျက်နှာ ၂၂ ကော်လံ ၄**



**ရတနာပုံ ယနေ့ဖတ်စရာ**

၂၀၂၆ ခုနှစ် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး စာမျက်နှာ - ၂၁

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃)မှ အမျိုးသမီးဗိုလ်လောင်းများ နေပြည်တော်အတွင်း လေ့လာရေးဆောင်ရွက် စာမျက်နှာ - ၁၈

အမေရိကန် Tesla လျှပ်စစ်ကားကုမ္ပဏီက ပျံသန်းနိုင်သောကားကို မိတ်ဆက်ပြသ စာမျက်နှာ - ၇



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဒေသခံပြည်သူများက မြေရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

## မြန်အောင်မြို့နယ်ရှိ မမြေရေလှောင်တမံ ဆင်ခြေလျှော မြေသားနိမ့်ကျမှုကို ပြုပြင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများလျှော့ချလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြေရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်နိမ့်ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှဆည်ရေများ လျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှု ပြန်လည်ပြုပြင်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမံ၏ အထက်ရေပြင်နှင့်ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျ အုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုကို ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေကို ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ **စာမျက်နှာ ၂၂ ကော်လံ ၃**

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၈ ရက်

## အယ်ဒီတာ့အာဘော်

# ထာဝရငြိမ်းချမ်းရေးဖြင့် အနာဂတ်နိုင်ငံတော်သစ်ကို အလှဆင်ကြပါစို့

နိုင်ငံတစ်နိုင်ငံ တည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းရေးတို့အတွက် အဓိကအကျဆုံးနှင့် မရှိမဖြစ်လိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးပင်ဖြစ်သည်။ ယနေ့အချိန်အခါသည် တိုင်းရင်းသားပြည်သူအားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် နိုင်ငံသစ်ကို အတူတကွတည်ဆောက်ကြရမည့် သမိုင်းဝင်အချိန်အခါ ဖြစ်ပေသည်။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ ရွေးကောက်ပွဲကို တရားမျှတစွာကျင်းပခဲ့ပြီး ဒီမိုကရေစီအစိုးရတစ်ရပ် ပေါ်ထွန်းလာပြီဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် စတင်တာဝန်ယူချိန်မှစ၍ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဆိုသည့် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို အရှိန်အဟုန်မြင့် ဖော်ဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးများ နောက်ကျခဲ့ရာ ကြုံတွေ့နေရသည့် သဘောထားကွဲလွဲမှုများကို လက်နက်ကိုင်နည်းလမ်းဖြင့်မဖြေရှင်းဘဲ နိုင်ငံရေးနည်းလမ်းဖြင့်သာ အေးချမ်းစွာအဖြေရှာကြရမည်ဖြစ်သည်။ ယနေ့ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ခိုင်မာသည့်သန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်လျက်ရှိရာ ဖြစ်နိုင်သည်များကို ပူးပေါင်းညှိနှိုင်းအဖြေရှာခြင်းအားဖြင့် ပြည်သူလူထုအတွက် စစ်မှန်သောငြိမ်းချမ်းရေးရလဒ်များ ထွက်ပေါ်လာမည်ဖြစ်သည်။

နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းမှသာ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အနာဂတ်နိုင်ငံတော်အတွက် လူငယ်များကို ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခများ ကင်းရှင်းရမည်ဖြစ်သည်။ သို့မှသာ လူငယ်မောင်မယ်များ စာသင်ကျောင်းများတွင် အေးချမ်းစွာပညာသင်ကြားနိုင်မည်ဖြစ်သည်။ ပညာသင်ယူခွင့်ရရှိမှသာ လူငယ်များကြီးပြင်းလာပါက အရာရာတိုင်းတွင် အကြောင်းအကျိုးဝေဖန်စဉ်းစားဆင်ခြင်နိုင်ကြပေလိမ့်မည်။ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးရလဒ်နှင့်အတူ ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အခြေခံအဆောက်အအုံများကို ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်အစိုးရ၏ ပွင့်လင်းမြင်သာသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အပြည့်အဝယုံကြည်ပြီး မိမိတို့ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတည်ငြိမ်ရေးအတွက် အလေးထားပူးပေါင်းဆောင်ရွက်သွားကြမည်ဆိုပါက စည်းလုံးညီညွတ် ငြိမ်းချမ်းခြင်းဖြင့် အနာဂတ်နိုင်ငံတော်သစ်ကို အလှဆင်နိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ပါ၍ နိုင်ငံသူနိုင်ငံသားများ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ငြိမ်းချမ်းရေး၏ တန်ဖိုးကိုသိမြင်ဖော်ထုတ်လျက် အမျိုးသားစည်းလုံးညီညွတ်မှုကိုအခြေခံကာ ထာဝရငြိမ်းချမ်းရေးပန်းတိုင်သို့ လက်တွဲညီညာ လျှောက်လှမ်းကြရမည့်အချိန်အခါကောင်းဖြစ်ပါကြောင်း နှိုးဆော်ရေးသားလိုက်ရပေသည်။

# ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူ ၆၂၃၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကြက်သွန်ဖြူစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူ ၆၂၃၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် ကြက်သွန်ဖြူ ၆၂၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ စတုတ္ထပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ ကြက်သွန်ဖြူ ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားပါမယ်။ ကြက်သွန်ဖြူစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်မှန်ကန်ဖို့၊ ပိုးမွှားရောဂါ ကင်းရှင်းဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်သွားပါမယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် ကြက်သွန်ဖြူစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၂၇ ဧက၊ ခင်ဦးမြို့နယ်တွင် ၁၃၉၅ ဧက၊ ဝက်လက်မြို့နယ်တွင် ၄၈၁၅ ဧက စုစုပေါင်း ၆၂၃၇ ဧကဖြစ်ကြောင်း သိရသည်။

ကြက်သွန်ဖြူကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်ဖြူကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပုသိမ်ကြီးမြို့နယ် အင်ကျယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုသိမ်ကြီး အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ အင်ကျယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၆ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သန်း ၆၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အင်ကျယ်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၂ ဦးကို ရန်ပုံငွေကျပ် သန်း ၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ဘိုကလေးမြို့နယ်တွင် ပဲထောပတ်အနီများ အရောင်းအဝယ်ကောင်းမွန်နေ



**ဘိုကလေး အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် ပဲထောပတ်အနီများဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဘိုကလေးမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် အောက်တိုဘာလဒုတိယပတ်မှ ယနေ့ထိ ပဲထောပတ်အနီများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ ပဲထောပတ်အနီများ ဝယ်ယူမှုအားကောင်းလာခြင်းသည် ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အခု ဘိုကလေးမြို့နယ်မှာ အခြားပဲတွေထက် ပဲထောပတ်အနီက ဝယ်ယူမှုပိုအားကောင်းနေပါတယ်။ စက်တင်ဘာလ ဒုတိယပတ်လောက်ကတည်းက အဝယ်လိုက်လာတာဖြစ်ပါတယ်။ ပဲထောပတ်အနီတွေ အရောင်းအဝယ်ကောင်းမွန်လာတော့ ပွဲရုံပိုင်ရှင်တွေ၊ တောင်သူတွေ အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် အရောင်းအဝယ်ကောင်းမွန်နေသည့် ပဲထောပတ်အနီ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၈၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# သာစည်မြို့နယ် သုံးပတ်လည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သုံးပတ်လည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သုံးပတ်လည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သုံးပတ်လည်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၆ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၅၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၃ ဒသမ ၉ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၃၂ လမ်း၊ ၆၂လမ်း x ၆၃လမ်းကြားနေ ဦးမျိုးဟန်-ဒေါ်ချိုချိုမာ ရွှေစကား မိသားစုက နှစ်ဖက်သောဘိုးဘွားမိဘများနှင့် ဆရာဟောင်း၊ ဆွေမျိုးဟောင်းတို့အားရည်စူး၍ ထာဝရပဒေသာပင်အတွက် ငွေကျပ် ၁၁ သိန်းလှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ပွင့်ဖြူ အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက နှမ်း ၂၄၇၂၀ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ နှမ်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၉ ဒသမ ၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ နှမ်း ၂၄၇၂၀ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေကို အခုလက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ အထွက်နှုန်းက တစ်ဧကကို ၉ ဒသမ ၅ တင်း ထွက်ရှိပါတယ်။ နှမ်းစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး ပြည်တွင်းစားသုံးဆီ ဖူလုံစေဖို့နဲ့ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် တောင်သူတွေကို မျိုးကောင်းမျိုးသန့်တွေ တိုးချဲ့စိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ပျော်ဘွယ်မြို့နယ် သစ်ဆိမ့်ပင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ပျော်ဘွယ် အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းမကြီးကျေးရွာအုပ်စု သစ်ဆိမ့်ပင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ သစ်ဆိမ့်ပင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သစ်ဆိမ့်ပင်ကျေးရွာ၌ အရှည်ပေ ၅၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၉ ဒသမ ၉၄ သန်း အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးမြွေထိုးပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးမြွေထိုး ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်တွင် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးမြွေထိုးများကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ကြောင်း၊ ယခုနှစ် ဩဂုတ်လအတွင်း ငါးမြွေထိုး ပိဿာချိန် ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးမြွေထိုး ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးတွေ အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ငါးမြွေထိုးတွေကို မှာယူမှုကောင်းလာလို့ တင်ပို့မှုကောင်းခဲ့တာပါ။ အခုလို ငါးမြွေထိုးတွေ မှာယူမှုများလာတာကြောင့် ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေအားလုံး အဆင်ပြေလာပါတယ်"ဟု ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးမြွေထိုးတစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ မှ ၂၇၅၀၀ ထိ အရွယ်အစားပေါ်မူတည်၍ ဈေးအပြောင်းအလဲရှိကြောင်း၊ အဆိုပါဒေသမှ ငါးမြွေထိုးများ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ငါးမွေးမြူသူများ၊ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ကုန်ကြမ်းထောင်ချောက်ကိုကျော်လွှား၍ ကုန်ချောပိုမိုထုတ်လုပ်တင်ပို့နိုင်ရေး



ပြည်တွင်းစားအုန်းဆီ ထုတ်လုပ်သည့်စက်ရုံကို တွေ့ရစဉ်။

ယခင်တစ်ပတ်မှအဆက်

**ချမ်းသာသော နိုင်ငံများမည်သို့ချမ်းသာလာပါသနည်း**

ချမ်းသာသော နိုင်ငံများဆိုသည်မှာ ယနေ့ဖွံ့ဖြိုးတိုးတက်နေသော စက်မှုနိုင်ငံကြီးများဖြစ်သည့် အမေရိကန်၊ အင်္ဂလန်၊ ဂျာမဏီ၊ ပြင်သစ် စသည့် နိုင်ငံများသည် နိုင်ငံတကာကုန်သွယ်ရေးကို လွတ်လပ်သော ကုန်သွယ်ရေး Free Trade ဖြင့် စတင်ခဲ့ကြသည်မဟုတ်ပါ။ ထို့ပြင် ကုန်သွယ်မှုများစတင်စနှင့် နယ်မြေသစ်များ ရှာဖွေစဉ်က အဆိုပါနိုင်ငံကြီးများသည် နိုင်ငံငယ်လေးများကို လက်နက်အားကိုးဖြင့် နယ်ချဲ့ကုပ်သွေးစုပ်ခဲ့ကြခဲ့သည်သာဖြစ်သည်။ အာရှ၊ အာဖရိက စသည့်နေရာများမှ သဘာဝသယံဇာတများကိုရယူပြီး ကုန်သွယ်မှုတွင် အသာစီးကို အမျိုးမျိုးရယူခဲ့ကြသည်။

စက်မှုကဏ္ဍဖွံ့ဖြိုး၍ ကုန်ချောများထုတ်နိုင်လာသည့်အခါတွင် သူတို့၏ကုန်ပစ္စည်းများ ရောင်းချရရေးအတွက် လွတ်လပ်သော ကုန်သွယ်မှု Free Trade ဟုအော်လာကြခြင်းဖြစ်သည်။ ထိုအချက်ကို ရှေ့တန်းတင်၍ ကုန်ကြမ်းရရှိရေးအတွက် မဖွံ့ဖြိုးသေးသော နိုင်ငံငယ်လေးများကို ကုန်ချောပိုင်းတွင် အခက်အခဲ အမျိုးမျိုးဖြစ်စေရန် နည်းလမ်းနှစ်မျိုးဖြင့် အဓိကဟန့်တားတတ်သည်။ အကောက်ခွန်နည်းလမ်းနှင့် သွင်းကုန်ကို အရည်အသွေးဖြင့်ထားခြင်း နည်းလမ်းများဖြစ်ကြသည်။

နိုင်ငံငယ်လေးများက မိမိတို့နိုင်ငံတွင်းသို့ ကုန်ချောပစ္စည်းများ ဝင်ရောက်မှုကို တားမြစ်လျှင် Free Trade and Fair Trade ဟုလည်းကောင်း၊ ကိုယ့်ကုန်ကိုကာကွယ်သူ၊ကိုယ်ကျိုးစီးပွားသာကြည့်သူ Protectionism ဟုလည်းကောင်း စွပ်စွဲတတ်သည်။ အဆိုပါ နိုင်ငံကြီးများသည် ကုန်သွယ်မှုအသာစီးရရေးကို နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်တတ်ကြသည်။ စက်မှုဖွံ့ဖြိုးပြီး နိုင်ငံကြီးများသည် သူတို့၏ ပြည်တွင်းစက်ရုံ၊ အလုပ်ရုံများ အားကောင်းလာစေရန် ပြည်ပမှအချောထည်တင်သွင်းမှုကို အခွန်နှုန်းထားမြင့်မားစွာ စည်းကြပ်ထားတတ်သည်။ ထို့သို့ အသာစီးယူထားသော နည်းလမ်းများဖြင့် ချမ်းသာလာကြခြင်းဖြစ်သည်။

အခြားတစ်နည်းမှာ အဆင့်မြင့်နည်းပညာရှိသော နိုင်ငံများ၏ နည်းပညာနှင့် စက်မှုလုပ်ငန်းနည်းစနစ်များကိုအတုယူ၍ သူတို့၏ပြည်တွင်းတွင် အမြန်ဆုံး အကောင်အထည်ဖော် တုပထုတ်လုပ်ခြင်းနည်းလမ်းဖြင့်လည်း ချမ်းသာလာကြခြင်းဖြစ်သည်။ ထို့ပြင် စက်မှုအချောထည် တည်ဆောက်ခြင်းလုပ်ငန်းများကို ကောင်းစွာအကောင်အထည်ဖော်နိုင်လာသည့်အချိန်တွင် လွတ်လပ်စွာ ကုန်သွယ်မှု Free Trade ကိုအကြောင်းပြု၍ နိုင်ငံတကာလွတ်လပ်စွာ ကုန်သွယ်မှုပြုလုပ်ပြီး အခြားနိုင်ငံများရှိ ဈေးကွက်များကိုပါလွှမ်းမိုး၍ စီးပွားဖြစ် ချမ်းသာလာကြခြင်းမျိုးဖြစ်သည်။

ချမ်းသာသောနိုင်ငံများသည် မည်သို့ပင် လွတ်လပ်သောကုန်သွယ်မှု၊ မျှတသော ကုန်သွယ်မှု Free Trade and Fair Trade ဟု ကြွေးကြော်ကြသော်လည်း ကလေးနှင့် လူကြီးအပြေးပြိုင်သကဲ့သို့ အမြဲနိုင်နေသည်ကိုသာတွေ့ရသည်။ ဆိုလိုသည်မှာ အရေးအတွက် အတူတူပေးခြင်း၊ ရခြင်းဟူသော ညီမျှခြင်း Equality ကိုသာပေးပြီး၊ အားနည်းသူကို ပို၍ပေးပြီး၊ တရားမျှတမှုရှိခြင်း Equitable ကို လုပ်ဆောင်မှု မရှိခြင်းမျိုးဖြင့် Free Trade ဆိုသည်ကို ချမ်းသာသောနိုင်ငံများက လုပ်ဆောင်တတ်ကြသည်။

တောင်ကိုရီးယားနိုင်ငံမှ ဆရာတစ်ဦးက ဖွံ့ဖြိုးဆဲနိုင်ငံများသည် မိမိတို့ စတင်ကြိုးစားနေရသည့်အချိန်တွင် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကိုယ်ကျိုးစီးပွားကာကွယ်မှု Protectionism နည်းလမ်းကို သုံးကြရပြီး တိုးတက်မှုအရှိန်ရလာမှသာလျှင် လွတ်လပ်သော ကုန်သွယ်မှု Free Trade ထဲသို့ ဝင်ရောက်သင့်သည်ဟုဆိုခဲ့သည်။ ဤအချက်သည် ကုန်ကြမ်းထောင်ချောက်မှ လွတ်မြောက်နိုင်သော နည်းလမ်းများမှ နည်းလမ်းတစ်ခုဖြစ်သည်။ ဖွံ့ဖြိုးမှုနည်းပါးသော နိုင်ငံများသည် စက်မှုမဖွံ့ဖြိုးသေးဘဲ လွတ်လပ်စွာ ကုန်သွယ်မှုကို စောစီးစွာ လက်ခံလိုက်သဖြင့် ပြည်ပမှစက်မှုကုန်ချောပစ္စည်းများနှင့် မယှဉ်ပြိုင်နိုင်ဘဲ ကုန်ကြမ်းတင်ပို့သည့်အဆင့်တွင် သာပိတ်မိနေခြင်းကြောင့်လည်း မချမ်းသာနိုင်ခြင်းဖြစ်သည်။

နိုင်ငံတကာ အဖွဲ့အစည်းတချို့၏ လွတ်လပ်စွာကုန်သွယ်ရေးဟူသောအချက်ကို ဖိအားသဘောမျိုးဖြင့် လုပ်ဆောင်ခြင်းကြောင့် မလွဲမရှောင်သာ လွတ်လပ်စွာ ကုန်သွယ်ရေးထဲရောက်ရှိသွားပြီး ပြည်တွင်းစက်မှုကဏ္ဍများဖွံ့ဖြိုးရေးကို အကာအကွယ်မပေးနိုင်ဘဲ ကုန်ကြမ်းသာ တင်ပို့နိုင်သည့် အခြေအနေတွင် ပိတ်မိနေခြင်းဖြစ်သည်။ ထိုအချက်များကို ကျော်လွှားနိုင်မှသာ ပြည်တွင်းနှင့် ပြည်ပဈေးကွက်နှစ်ခုလုံးတွင် ပိုမိုတိုးတက်ဝင်ဆံ့လာပြီး နိုင်ငံနှင့် ပြည်တွင်းစက်မှုလုပ်ငန်းများဖွံ့ဖြိုးလာမည်ဖြစ်သည်။

**ထောင်ချောက်မှရုန်းထွက်ပါ**

ကုန်ကြမ်းထောင်ချောက်မှ ရုန်းထွက်ပြီး ကုန်ထုတ်လုပ်မှု တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် လုပ်ဆောင်သွားရမည်ဖြစ်သည်။ ထိုသို့ ရုန်းထွက်ရာတွင် သုံးစွဲရမည့်နည်းလမ်းများရှိသည်။ ပထမတစ်ခုမှာ တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ခြင်း Value addition ဖြစ်သည်။ ရောင်းချနေကြ ကုန်ကြမ်းများသာမက ပြည်တွင်းတွင် ဆန်းသစ်ထားသည့် စက်ရုံအလုပ်ရုံများ ထူထောင်ကာ ကုန်ချောထုတ်ကုန်များနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းဖြစ်သည်။

အခြေခံအချက်များပြုပြင်ရောင်းချခြင်းPrimary Processing များမှသည် အဆင့်မြင့် အချောထည်များထိ ထုတ်လုပ်နိုင်သည့် စက်ရုံများထူထောင်ကာ ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကို ပြောင်းလဲစေခြင်းဖြစ်သည်။ ဤနေရာတွင် အခြေခံအချက်များ ပြုပြင်ရောင်းချခြင်းဆိုသည်မှာ နည်းပညာနှင့် စက်မှုလုပ်ငန်းများများစွာ ပါဝင်ခြင်းမရှိဘဲ ကုန်ကြမ်းမှ အနည်းငယ် အဆင့်မြှင့်ထားသော တန်ဖိုးမြင့်ထုတ်ကုန် Value Added Production မျိုး ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ဥပမာအားဖြင့် ပဲလုံးကုန်ကြမ်းရောင်းချခြင်းမှ ပဲခြမ်းနှင့် ပဲမှုန့်များပြုလုပ်ပြီး ရောင်းချခြင်းမျိုးဖြစ်သည်။ နှမ်းစေ့အပြင် နှမ်းဆီ၊ နှမ်းလှော်မှုန့် ပြုလုပ်ရောင်းချခြင်းမျိုးဖြစ်သည်။

ထို့ပြင် ပြည်ပသွင်းကုန်အစားထိုးသည့် ကုန်ပစ္စည်းမျိုး ထုတ်လုပ်ခြင်းကိုလည်း ဆောင်ရွက်ပေးရန်လိုအပ်သည်။ ဥပမာအားဖြင့် စားအုန်းဆီကို ပြည်ပမှ တင်သွင်းနေရသည့်နေရာတွင် ပြည်တွင်းစားအုန်းဆီကို တိုးတက်ထုတ်လုပ်ခြင်းနှင့် အခြားသော စားသုံးဆီများ တိုးတက်ထုတ်လုပ်ခြင်းမျိုးဖြင့်လည်း ကုန်ကြမ်းထောင်ချောက်မှ လွတ်အောင် ရုန်းထွက်ရာတွင် အထောက်အကူဖြစ်စေသည်။ ပြည်တွင်းဓာတ်ခွဲခန်းများ၏ အရည်အသွေး စံချိန်စံညွှန်းများကို မြင့်တက်စေပြီး ပြည်တွင်းထုတ်ကုန်များ အရည်အသွေးမြင့်တင်ထုတ်လုပ်မှုကို အထောက်အကူဖြစ်စေခြင်းမျိုးကိုလည်း လုပ်ဆောင်ပေးရမည်ဖြစ်သည်။ ဤနေရာတွင် အစိုးရ၏ ပံ့ပိုးမှုမပါလျှင် အရည်အသွေး မြင့်မားရေးကဏ္ဍသည် တိုးတက်မှုနှေးကွေးမည်ဖြစ် သည်။

တိုးတက်ချင်စိတ်ရှိမှုပင် တိုးတက်မည်ဖြစ်သဖြင့် အစိုးရ၏ပံ့ပိုးမှုသည် အလွန်အရေးကြီးသည်။ စိုက်ပျိုးထုတ်လုပ်သူများနှင့် ပြည်တွင်းပြည်ပ ဈေးကွက်အတွက် ကုန်ချော သို့မဟုတ် တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်သူများကြားတွင် ကြားခံနည်းပါးစေပြီး စနစ်တကျ စာချုပ်စာတမ်းဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်းမျိုး၊ တောင်သူနှင့်စက်ရုံတို့ တိုက်ရိုက်စာချုပ်ချုပ်ဆိုပြီး စိုက်ပျိုးထုတ်လုပ်ခြင်းမျိုးဖြစ်သည်။ ထိုအခါ တောင်သူအနေဖြင့် ကောင်းနိုးရာရာ ရွေးချယ်စိုက်ပျိုးနေရန် မလိုအပ်ဘဲ အမြတ်သေချာသည့် ပစ္စည်းမျိုးကို စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းကြောင့် စိုက်ပျိုးရေးထုတ်ကုန်များတိုးလာစေပြီး ကုန်ထုတ်လုပ်မှုစရိတ်ကိုလျှော့ချနိုင်မည်ဖြစ်သည်။ တန်ဖိုးမြင့်ထုတ်ကုန်များနှင့် ကုန်ချောထုတ်လုပ်သူများ၊ စက်ရုံအလုပ်ရုံများကို အခွန်ကင်းလွတ်ခွင့်ပေးခြင်း၊ စက်မှုပိုင်းဆိုင်ရာ အားပေးမှုများ ပြုလုပ်ပေးခြင်း၊ နည်းပညာအကူအညီများ ဖန်တီးပေးခြင်း စသည့်အထောက်အပံ့များကို အစိုးရက ပိုမိုပေးရန်ဖြစ်သည်။

နောက်ဆုံးတစ်နည်းမှာ ကုန်ချောထုတ်လုပ်သူများထံ ကုန်ကြမ်းရောင်းချရသည့်အဆင့်မှ စားသုံးသူထံ တိုက်ရိုက်ရောက်စေရန် နည်းလမ်းရှာဖွေဆောင်ရွက်ရမည်ဖြစ်သည်။ တိုက်ရိုက်သုံးစွဲသူများရှိသည့် ပြည်တွင်းပြည်ပဈေးကွက်အတွင်းသို့ ကုန်အမှတ်တံဆိပ်ဖြင့် ထိုးဖောက်ခြင်းမျိုးဖြစ်သည်။ ဤနေရာတွင်လည်း ဝန်ကြီးဌာနများနှင့် ဌာနကြီးများသည် ပုဂ္ဂလိက ကဏ္ဍဘက်သို့ ကူညီဆောင်ရွက်ပေးခြင်းမျိုးဖြင့် ကုန်ကြမ်းထောက်ချောက်မှရုန်းထွက်ရမည်ဖြစ်သည်။ ယခုအခါ ပဲပုပ်သည် ပြည်တွင်းဈေးကွက်အတွင်း ဝယ်လိုအားမြင့်တက်လျက်ရှိသည်ကိုတွေ့ရသည်။ ပြည်တွင်းဆီစက်များအနေဖြင့် ပဲပုပ်ကို ဆီကြိတ်ခွဲထုတ်လုပ်နိုင်သည့်အပြင် ပဲပုပ်ဖတ်ကို တရိစ္ဆာန်အစားအစာအဖြစ်တွင်တွင်ကျယ်ကျယ် ရောင်းချနေရသဖြင့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်လာစေမည်ဖြစ်သကဲ့သို့ ဆီစက်လုပ်ငန်းလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် ကုန်ကြမ်းထောင်ချောက်အတွင်းမှ ရုန်းထွက်ပြီး ပြည်တွင်းဖူလုံ၍ ပြည်ပသို့လည်း ကုန်ချောများ တိုးတက်တင်ပို့နိုင်သည့်အခြေအနေရောက်အောင် ကြိုးစားကြရဦးမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

> ❖ ဖွံ့ဖြိုးဆဲနိုင်ငံများသည် မိမိတို့ စတင်ကြိုးစားနေရသည့်အချိန်တွင် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကိုယ်ကျိုးစီးပွားကာကွယ်မှု Protectionism နည်းလမ်းကိုသုံးကြရပြီး တိုးတက်မှုအရှိန်ရလာမှသာလျှင် လွတ်လပ်သော ကုန်သွယ်မှု Free Trade ထဲသို့ ဝင်ရောက်သင့်သည်ဟုဆိုခဲ့သည်။ ဤအချက်သည် ကုန်ကြမ်းထောင်ချောက်မှ လွတ်မြောက်နိုင်သော နည်းလမ်းများမှ နည်းလမ်းတစ်ခုဖြစ်သည်။ ❖

**ကိုးကား**

- Erik R. Reinert ၏ How Rich Countries Got Rich --- and Why Poor Countries Stay Poor.

မျိုးသူ(ကုန်သွယ်မြင့်)

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ကန့်ဘလူ အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၅၃၁၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇက်တင်ဘာလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၁၉ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပဲတီစိမ်း ၅၅၃၁၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်း စိုက်ခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးရာသီမှာလဲ တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်း ကောင်းမွန်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

## သနပ်ပင်မြို့နယ် ရစ်ကံလေးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် အောက်တိုဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရစ်ကံလေးကျေးရွာအုပ်စု ရစ်ကံလေးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP) အကောင်အထည် ဖော်ရခြင်း၏ ရည်ရွယ်ချက်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် ဝန်ထမ်းများက ရစ်ကံလေးကျေးရွာ VRFP စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၃၆ သိန်း လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက VRFP စီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ ရစ်ကံလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၂၂၆ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၃၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၁၇၃ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၉၀ ကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၄၃၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းထံမှ သိရသည်။

နွဲ့ယဉ်

## စံပြုစရာ မြန်မာအနုပညာ

\- တို့မြန်မာ ယဉ်ကျေးမှု
စံပြုလို့ ဂုဏ်ယူစရာ၊
နှစ်ထောင်ချီ မပျက်ယွင်း
ကောင်းခြင်းဖြာဖြာ၊
ဂီတအစ ထံတျာ
နားဝင်မှာ လွန်ငြိမ့်ညောင်း၊
အဆို အက အရေး အတီး
နည်းစနစ်ကောင်း။

\- အနုပညာ သည်အတတ်
ထူးမြတ်လို့ ဂုဏ်ယူဖွယ်၊
ကြေးကြိုးသားရေ လေလက်ခုပ်
အဟုတ်မလွယ်၊
စည်းဝါးတိကျ မှန်ရမယ်
ညဏ်ဆန်းကျယ် တီထွင်မှု၊
စိတ်ထားဖြူစင် ကြိုးစားခြင်းက
ရင်တွင်းမှာပြု။

\- နိုင်ငံတော် ဦးဆောင်နွှဲ
ပြိုင်ပွဲဝင်ကြ သည်ချိန်ခါ၊
၂၇ ကြိမ် ချိန်ခါရောက်
ဝမ်းမြောက်ကြည်သာ၊
ဘာသာရပ် စုံလင်စွာ
သူ့ထက်ငါ စွမ်းရည်ပြလို့၊
တို့ရိုးရာ အမွေအနှစ်
ချစ်ကြပါစို့။

\- ကိုယ့်ရိုးရာ ကိုယ်ချစ်လို့
နှစ်သက်လို့ စွဲလမ်းပြီ၊
ဘိုးဘွားတွေ အမွေပေး
ယဉ်ကျေးပေသည်၊
မြန်မာ့ဆိုင်းဝိုင်း လွန်ခံ့ထည်
ကမ္ဘာ့အလယ် ဂုဏ်ဝင့်ကြွား၊
စုပေါင်းကာ ညီညာမှု
စံပြုလို့ထား။ ။

**မန္တလာကိုကိုဝင်း**

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## ရုရှားနိုင်ငံအပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများကို အမေရိကန်သမ္မတ ယာယီဖြေလျှော့ထား

**ဝါရှင်တန် အောက်တိုဘာ ၁၇**

ရုရှားနိုင်ငံအပေါ် ချမှတ်ထားသည့် အဓိကအရေးယူပိတ်ဆို့မှုများနှင့် အခွန်စည်းကြပ်မှုများကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယာယီဖြေလျှော့ပေးထားကြောင်း အောက်တိုဘာ ၁၆ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် လအတွင်း လက်မှတ်ရေးထိုးခဲ့သော ဥပဒေတစ်ရပ်အရ အာဏာမသက်ဝင်မီ ရက်အနည်းငယ် အလိုတွင် ထိုအရေးယူ ပိတ်ဆို့မှုများကို သမ္မတဒေါ်နယ်ထရမ့်က ဖြေလျှော့ခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားများအရ ရုရှားနိုင်ငံအပေါ်ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများနှင့် အခွန်စည်းကြပ်မှုများကို ဖြေလျှော့ပေးခဲ့ခြင်းဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်၏ အောက်တိုဘာ ၁၆ ရက်တွင် ထုတ်ပြန်ခဲ့သည့် အထူးအမိန့်ဒီကရီ၌ ဖော်ပြထားသည်။

သမ္မတ ဒေါ်နယ်ထရမ့် လက်မှတ်ရေးထိုးထားသည့် ထိုဥပဒေအရ ဥပဒေကိုလက်မှတ်ရေးထိုးခဲ့ပြီး ရက် ၃၀ အတွင်း အမေရိကန်နိုင်ငံသို့ တင်ပို့နေသည့် ရုရှားရေနံနှင့် ဓာတ်ငွေ့များကို ၁၀၀ ရာခိုင်နှုန်းထိ အခွန်စည်းကြပ်မည်ဖြစ်သည်။

သို့ရာတွင် သမ္မတဒေါ်နယ်ထရမ့်က အောက်တိုဘာ ၁၆ ရက်တွင် ထုတ်ပြန်ခဲ့သည့် အထူးအမိန့်ဒီကရီအရ ရုရှားနိုင်ငံအပေါ် ချမှတ်မည့် အရေးယူပိတ်ဆို့မှု စည်းမျဉ်းများကို ဖြေလျှော့ပေးထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ယူကရိန်းနိုင်ငံ၌ လုံခြုံရေးဇုန်တစ်ခု တည်ဆောက်နေကြောင်း ရုရှားသမ္မတ ပူတင်ပြောကြား



**မော်စကို အောက်တိုဘာ ၁၇**

ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံအတွင်း၌ လုံခြုံရေးဇုန်တစ်ခု သတ်မှတ် တည်ဆောက်နေပြီး ယူကရိန်းနှင့် ကျင်းပမည့်အနာဂတ် ဆွေးနွေးပွဲများတွင် ထိုလုံခြုံရေးဇုန်ကိစ္စကို ထည့်သွင်းဆွေးနွေးမည်မဟုတ်ကြောင်း ရုရှားသမ္မတ ပူတင်က အောက်တိုဘာ ၁၆ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယူကရိန်းနိုင်ငံက ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် ကြားကာလအတွင်း ရုရှားနိုင်ငံအနောက်ပိုင်း ခရိုင်ဒေသ ကျူးကျော်ခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် ယူကရိန်းနယ်မြေအတွင်း လုံခြုံရေးဇုန်သတ်မှတ်ထားခြင်းဖြစ်ကြောင်း ရုရှားသမ္မတ ပူတင်က ပြောကြားထားသည်။

ရုရှား လက်နက်ကိုင်တပ်များသည် မိမိတို့၏ အမိမြေပေါ်မှရန်သူများကို တွန်းလှန်တိုက်ထုတ်ခဲ့ရုံသာမက ယူကရိန်းနိုင်ငံအတွင်း၌ လုံခြုံရေးဇုန်ထားရှိရေး တာဝန်ကိုလည်း ရယူခဲ့ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံအတွင်း၌ သတ်မှတ်ထားရှိမည့် လုံခြုံရေးဇုန်မှာ အရှည်ကီလိုမီတာ ၆၆၀ (မိုင် ၄၁၀) ရှိပြီး ၇၀ ရာခိုင်နှုန်းမှာ ရုရှားနိုင်ငံ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေကြောင်း ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ရီယာ့ဒ်မြို့နှင့် အခြားနယ်မြေများ၌ ဒုံးကျည်များ၊ မောင်းသူမဲ့ဒရုန်းယာဉ်များကို ပင်လယ်ကွေ့ညွန့်ပေါင်းအုပ်စု တားဆီး

**ရီယာ့ဒ် အောက်တိုဘာ ၁၇**

ရီယာ့ဒ်မြို့နှင့် အခြားနယ်မြေများ၌ ဒုံးကျည်များ၊ မောင်းသူမဲ့ဒရုန်းယာဉ်များကို ကြားဖြတ်တားဆီးခဲ့ကြောင်း ဆော်ဒီအာရေဗျဦးဆောင်သော ပင်လယ်ကွေ့ညွန့်ပေါင်းအုပ်စုက အောက်တိုဘာ ၁၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယီမင်အခြေစိုက် အီရန်ကျောထောက်နောက်ခံပြု ဟူသီလက်နက်ကိုင်အဖွဲ့က ဆော်ဒီအာရေဗျနိုင်ငံကို အဆက်မပြတ်တိုက်ခိုက်နေချိန်တွင် ရီယာ့ဒ်မြို့နှင့် အခြားနယ်မြေများ၌ ဒုံးကျည်များ၊ မောင်းသူမဲ့ ဒရုန်းယာဉ်များကို ပင်လယ်ကွေ့ညွန့်ပေါင်းအုပ်စုက ကြားဖြတ် တားဆီးခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဇူလိုင်လအတွင်း ယီမင်ပြည်တွင်း စစ်ရေးပဋိပက္ခ ပြန်လည်ဖြစ်ပွားခဲ့ပြီး နောက်ပိုင်း ဟူသီ လက်နက်ကိုင်အဖွဲ့သည် ပင်လယ်နီ ရေပြင်အတွင်းသွားလာနေသော ရေနံတင်သင်္ဘောများနှင့် ရေနံချက်လုပ်ငန်းများအပါအဝင် ဆော်ဒီအာရေဗျပစ်မှတ်များကို အကြိမ်ကြိမ်တိုက်ခိုက်ခဲ့သည်။

ဆော်ဒီအာရေဗျ နိုင်ငံသည် ဟူသီလက်နက်ကိုင်အဖွဲ့နှင့် ၁၀ နှစ်ကျော်ကြာ တိုက်ခိုက်နေသော နိုင်ငံတကာအသိအမှတ်ပြု ယီမင်အစိုးရကို ထောက်ခံအားပေးနေသည့် ပင်လယ်ကွေ့ အာရပ်နိုင်ငံများ ညွန့်ပေါင်းအုပ်စုကို ဦးဆောင်နေသောနိုင်ငံဖြစ်သည်။

ဆော်ဒီအာရေဗျ တောင်ပိုင်းနှင့် ရီယာ့ဒ်မြို့တို့၌ မောင်းသူမဲ့ဒရုန်းယာဉ်သုံးစင်းကို ကြားဖြတ်ဖျက်ဆီးနိုင်ခဲ့ပြီး ပင်လယ်နီဒေသအထက်၌ ခရုစ်ဒုံးကျည်နှစ်စင်းကို ကြားဖြတ် ပစ်ချနိုင်ခဲ့သည်ဟု ပင်လယ်ကွေ့ အာရပ်နိုင်ငံများ ညွန့်ပေါင်းအုပ်စု သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

Ref: RT

Trs : KKO

## တိုပီဒို လက်နက်စနစ်တစ်မျိုး မြောက်ကိုရီးယားနိုင်ငံ စမ်းသပ်



**ပြုံယမ်း အောက်တိုဘာ ၁၇**

မြောက်ကိုရီးယား နိုင်ငံသည် အောက်တိုဘာ ၁၅ ရက်တွင် တိုပီဒိုလက်နက်စနစ် တစ်မျိုးကို ပင်လယ်ရေအောက် စမ်းသပ်မှု ပြုလုပ်ခဲ့ကြောင်း ကေစီအင်န်အေ သတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

တိုပီဒိုလက်နက်စနစ် စမ်းသပ်မှုတွင် ပြီးခဲ့သည့်ငါးနှစ်တာကာလအတွင်း အကြိမ် ၁၈၀ကျော် စမ်းသပ်ခဲ့သည့် တွန်းကန်အားနည်းပညာ၏ ယုံကြည်ရမှုကို အတည်ပြုနိုင်ခဲ့ကြောင်း ကေစီအင်န်အေ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အောက်တိုဘာ ၁၅ ရက်တွင် စမ်းသပ်ခဲ့သော တိုပီဒိုလက်နက်စနစ်တွင် ပစ်မှတ်ထောက်လှမ်းရေးနှင့် လမ်းညွှန်စနစ်များအတွက် လူ့ဉာဏ်ရည်တု နည်းပညာ (အေအိုင်)ကို အသုံးပြုထားကြောင်း ကေစီအင်န်အေ သတင်းဌာန၏အဆိုအရ သိရသည်။

တိုပီဒို လက်နက်စနစ်စမ်းသပ်မှုသည် မြောက်ကိုရီးယားနိုင်ငံက ယခုလအတွင်း ပြုလုပ်ခဲ့သော နောက်ဆုံး လက်နက်စမ်းသပ်မှုဖြစ်သည်။

စစ်မဲ့ဇုန်နယ်စပ်၌ မြေမြှုပ်မိုင်းပေါက်ကွဲမှုများကြောင့် ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများ မြင့်တက်နေချိန်တွင် တိုပီဒိုလက်နက်စနစ်တစ်မျိုးကို မြောက်ကိုရီးယားနိုင်ငံက စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် အောက်တိုဘာ ၁၄ ရက်ကလည်း ရေငုပ်သင်္ဘောမှတစ်ဆင့် ပစ်လွှတ်နိုင်သော မဟာဗျူဟာမြောက် ခရုစ်ဒုံးကျည်နှစ်မျိုးကို ပစ်လွှတ်စမ်းသပ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ်ရာထူးအတွက် အလွတ်သဘောမဲခွဲပွဲ လုံခြုံရေးကောင်စီ ကျင်းပ

**နယူးယောက် အောက်တိုဘာ ၁၇**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ်ရွေးချယ်ရေးအတွက် အလွတ်သဘောမဲခွဲပွဲကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အောက်တိုဘာ ၁၆ ရက်တွင် ကျင်းပခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ အလွတ်သဘောမဲခွဲပွဲတွင် ကော်စတာရီကာ ဒုတိယသမ္မတဟောင်း ရီဘက်ကာဂရင်းစပင်းက အခြားပြိုင်ဘက်များကို ဆက်လက် ဦးဆောင်နေဆဲဖြစ်ကြောင်း သံတမန်သတင်းအရင်းအမြစ်များက ပြောကြားထားသည်။



အောက်တိုဘာ ၁၆ ရက် အလွတ်သဘော မဲခွဲပွဲတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သစ်ရာထူးအတွက် ပါဝင်ယှဉ်ပြိုင်နေသူအားလုံးမှာ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံငါးနိုင်ငံတို့၏ ကန့်ကွက်မဲများကို နှစ်မဲနှင့်အထက် ကိုယ်စီရရှိထားရာအနိုင်ရလဒ် ပြတ်သားမှုမရှိသေးကြောင်း သိရသည်။

အောက်တိုဘာ ၁၆ ရက် အလွတ်သဘောမဲခွဲပွဲသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သစ် ရွေးချယ်ပွဲအတွက် လုံခြုံရေးကောင်စီကပြုလုပ်ခဲ့သော ဆဋ္ဌမအကြိမ်မြောက် အလွတ်သဘောမဲခွဲပွဲဖြစ်သည်။

လက်ရှိကုလသမဂ္ဂအကြီးအကဲ ပေါ်တူဂီဝန်ကြီးချုပ်ဟောင်း အန်တိုနီယိုဂူတာရက်စ်သည် သက်တမ်းနှစ်ဆက် တာဝန်ထမ်းဆောင်ပြီးနောက်ယခုနှစ်ဒီဇင်ဘာ ၃၁ရက်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန်မှ အနားယူမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အမေရိကန် Tesla လျှပ်စစ်ကားကုမ္ပဏီက ပျံသန်းနိုင်သောကားကို မိတ်ဆက်ပြသ

**ဝါရှင်တန် အောက်တိုဘာ ၁၇**

အမေရိကန် လျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီ Tesla သည် တွန်းကန်အား ပေးစက်များ တပ်ဆင်ထားသည့် ပျံသန်းနိုင်သော ကားအသစ်တစ်စီးကို ပရိသတ်များရှေ့မှောက်၌ ယမန်နေ့က မိတ်ဆက်ပြသခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်ရှိ မော်တော်ယာဉ်စမ်းသပ်မောင်းနှင်ရေး စက်ရုံတစ်ခု၌ အဆိုပါကား၏ အံ့မခန်းစွမ်းပကားကို ပြသခဲ့သည်။ ဆွဲငင်အား ဆန့်ကျင်မောင်းနှင်နိုင်စွမ်းကို ပရိသတ်များက အနီးကပ်ကိုယ်တိုင်မြင်တွေ့ခဲ့သည်။



Tesla အမှုဆောင်အရာရှိချုပ်အီလွန်မက်စ်က မယုံနိုင်လောက်အောင် ထူးခြားသည့်အရာများကို မြင်တွေ့ရတော့မည်ဖြစ်ကြောင်းနှင့် အဆိုပါပြသမှုသည် ဉာဏ်ရည်တု နည်းပညာဖြင့် ဖန်တီးထားခြင်းမဟုတ်ကြောင်း သက်သေပြနိုင်ရန် ပရိသတ်များရှေ့မှောက်တွင် စမ်းသပ်ပြသခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထို့နောက် အဆိုပါပြိုင်ကားသည်ဒေါင်လိုက်နီးပါး မတ်စောက်သော ပြေးလမ်းတစ်ခုအတိုင်း မောင်းတက်သွားကာ နောက်ပြန်လှန်၍ ပြန်လည်ဆင်းသက်ခဲ့ပြီး ဆင်းသက်ချိန်တွင် လည်း ထိန်းချုပ်မှုရှိရှိဖြင့် ဆင်းသက်နိုင်ခဲ့သည်။

စမ်းသပ် မောင်းနှင်ရာတွင် ဘေးကင်းလုံခြုံရေး အတွက် ယာဉ်မောင်းမပါဝင်စေခဲ့ကြောင်း မက်စ်က ပြောကြားခဲ့သည်။

အဆိုပါကားတွင် ဒုံးပျံကုမ္ပဏီ SpaceX မှ နည်းပညာများကို အသုံးပြုထားသည်။ ကားတွင် တပ်ဆင်ထားသည့် တွန်းကန်အားပေးစက်များကြောင့် ရပ်တန့်နေသည့်အနေအထားမှ တစ်နာရီလျှင် ၉၆ ကီလိုမီတာနှုန်းအထိ တစ်စက္ကန့်အတွင်းပင် အရှိန်မြှင့်တင်နိုင်ကြောင်း သိရသည်။

ယင်းကားကို ၂၀၂၈ ခုနှစ်တွင် စတင် ထုတ်လုပ်သွားမည်ဟု မက်စ်က ပြောကြားခဲ့သည်။ သို့သော်အဆိုပါကားကို မိတ်ဆက်ပြသမည့် အစီအစဉ်သည် အကြိမ်ကြိမ် ရွှေ့ဆိုင်းခဲ့ရကြောင်း အနောက်နိုင်ငံ မီဒီယာအချို့က ပြောကြားခဲ့သည်။

Ref : Xinhua News

# ဝက်ရူးပြန်အတက်ရောဂါ ဆေးတစ်မျိုးက အရိုးအဆစ်ရောင်ရမ်းမှုရောဂါ ကုသရာတွင် အထောက်အကူပြုနိုင်

**နယူးယောက် အောက်တိုဘာ ၁၇**

ဝက်ရူးပြန်အတက်ရောဂါအတွက် အသုံးပြုနေသည့် ဆေးတစ်မျိုးသည် အရိုးအဆစ်ရောင်ရမ်းမှုရောဂါ (Osteoarthritis)ကို ကုသရာတွင် အထောက်အကူပြုနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကိုကိုးကား၍ အောက်တိုဘာ ၁၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ ဝေးဆေးတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Lacosamide အမည်ရှိ အဆိုပါဆေးသည် အရိုးအဆစ်ရောင်ရမ်းရောဂါကြောင့် နာကျင်ကိုက်ခဲမှုများကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် Lacosamideဆေးသည် အရိုးအဆစ်များပျက်စီးမှုတချို့ကိုလည်း တားဆီးပေးနိုင်ကြောင်း၊ အဆိုပါဆေးသည် So-dium Channel Blocker ဆေးအမျိုးအစားဖြစ်ပြီး ဝက်ရူးပြန်အတက်ရောဂါကို ကုသရေးအတွက် အမေရိကန်အစားအသောက်နှင့် ဆေးလုံခြုံရေးအေဂျင်စီ(FDA) က ခွင့်ပြုချက်ပေးထားပြီးဖြစ်သော ဆေးတစ်မျိုးဖြစ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Lacosamide ဆေးသည် Nav 1.7အမည်ရှိ ပရိတင်းတစ်မျိုး၏လှုပ်ရှားမှုကို ထိန်းချုပ်ပေးခြင်းဖြင့် အရိုးအဆစ်ရောင်ရမ်းမှုကြောင့် နာကျင်ကိုက်ခဲမှုကို လျှော့ချပေးပြီး အရိုးနုများကို ကာကွယ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

# တရုတ်နိုင်ငံက ကျူကေး-၂ အီး ဝိုင် ၄ ဒုံးပျံဖြင့် ဂြိုဟ်တု ၁၀ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့

**ပေကျင်း အောက်တိုဘာ ၁၇**

တရုတ်နိုင်ငံသည် အောက်တိုဘာ ၁၅ ရက်တွင် ကျူကေး-၂ အီး ဝိုင် ၄ ဒုံးပျံဖြင့် ဂြိုဟ်တု ၁၀ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း အောက်တိုဘာ ၁၆ ရက် သတင်းများအရ သိရသည်။

ကျူကေး-၂ အီး ဝိုင် ၄ ဒုံးပျံ ကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း တုန်ဖန်းအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း၊ လွှတ်တင်ပြီး မကြာမီမှာပင် ကျူကေး-၂ အီး ဝိုင် ၄ ဒုံးပျံသည်သယ်ဆောင်ထားသည့်ဂြိုဟ်တု ၁၀ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ကျူကေး-၂ အီး ဝိုင် ၄ ဒုံးပျံဖြင့် လွှတ်တင်ခဲ့သော ဂြိုဟ်တု ၁၀ စင်းအနက် ရှစ်စင်းကို ပုဂ္ဂလိက တရုတ် အာကာသနည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် Adospace နည်းပညာကုမ္ပဏီက တည်ဆောက်ပေးခြင်း ဖြစ်ကြောင်း၊ အဆိုပါဂြိုဟ်တုများသည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ လေဆာဆက်သွယ်ရေးနည်းပညာ အပါအဝင် အဓိကနည်းပညာများကို စမ်းသပ်မည်ဖြစ်ကြောင်း သိရသည်။



Adaspace ကုမ္ပဏီသည် သတင်းအချက်အလက် စိစစ်ရေး ဂြိုဟ်တု ၂၈၀၀ တို့ဖြင့် ဖွဲ့စည်းထားသော Star Compute အမည်ရှိ လူ့ဉာဏ်ရည်တု နည်းပညာသုံး ဂြိုဟ်တုကွန်ရက်တစ်ခု တည်ဆောက်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# လမ်းလျှောက်ခြင်း၊ ယောဂကျင့်ခြင်း လေ့ကျင့်ခန်းများက ဓမ္မတာရာသီကုန်ဆုံးမှု၏ ကျန်းမာရေးပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်

**လန်ဒန် အောက်တိုဘာ ၁၇**

လမ်းလျှောက်ခြင်း၊ ယောဂကျင့်ခြင်း စသည့်လေ့ကျင့်ခန်းများသည် ဓမ္မတာရာသီကုန်ဆုံးမှု၏ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို ဖြေရှင်းနိုင်မည့် အကောင်းဆုံး နည်းလမ်းဖြစ်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ အောက်တိုဘာ ၁၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဓမ္မတာ ရာသီကုန်ဆုံးနေသော အမျိုးသမီးများအနေဖြင့် ပုံမှန် လမ်းလျှောက်ခြင်း၊ ယောဂကျင့်ခြင်းများပြုလုပ်ခဲ့ပါက ဟော်မုန်းအဆင့်ကျဆင်းလာမှုနှင့် ဆက်စပ်နေသော စိတ်ပိုင်းဆိုင်ရာပြဿနာများ ပေါ်ထွက်လာမှု နည်းပါးနေတတ်ကြောင်း သိရသည်။

ဓမ္မတာရာသီကုန်ဆုံးချိန်ကို ဖြတ်သန်းနေရသည့် အမျိုးသမီးများအနက် ထက်ဝက်ကျော်တို့မှာ စိတ်အားငယ်ခြင်း၊ စိုးရိမ်သောကဝင်ရောက်ခြင်း၊ စိတ်ဝေဒနာ ခံစားရခြင်းနှင့် ရင်ဆိုင်ရလေ့ရှိကြောင်း သိရသည်။

သို့ရာတွင် လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဓမ္မတာရာသီ ကုန်ဆုံးချိန်ကာလအတွင်း လေ့ကျင့်ခန်းပြုလုပ်မှုသည် စိတ်ပိုင်းဆိုင်ရာရောဂါလက္ခဏာများကို လျှော့ချနိုင်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# နှစ်ပေါင်းသန်း ၁၅၀ ခန့်က တရုတ်နိုင်ငံ၌ ရှင်သန်ကျက်စားခဲ့သော ကျီးငှက်အရွယ်ငှက်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များ တူးဖော်တွေ့ရှိ

**ပေကျင်း အောက်တိုဘာ ၁၇**

လွန်ခဲ့သော နှစ်ပေါင်းသန်း ၁၅၀ ခန့်က တရုတ်နိုင်ငံ၌ ရှင်သန်ကျက်စားခဲ့သော ကျီးငှက်အရွယ်ငှက်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက တူးဖော်တွေ့ရှိခဲ့ကြောင်း အောက်တိုဘာ ၁၆ ရက် သတင်းများအရ သိရသည်။

အဆိုပါ ကမ္ဘာဦးငှက် ကျောက်ဖြစ်ရုပ်ကြွင်းများကို Yueshuornis Yangyuanensis ဟူ၍ တရုတ်သိပ္ပံအကယ်ဒမီမှ သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

ဂျူရက်ဆစ်ဘူမိခေတ် ငှက်တစ်မျိုးဖြစ်သည့် Y-Yangyua-nensis ငှက်သည် ကိုယ်ခန္ဓာအရွယ်အစားနှင့် မလိုက်အောင် သေးငယ်လှသည်ဖြစ်ရာ ၎င်းငှက်သည် ပျံသန်းခြင်းထက် မြေပြင်တွင် ပြေးလွှားရှင်သန်သည့် ငှက်မျိုးစိတ်ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

Y-Yangyuanensis ငှက်ကျောက်ဖြစ်ရုပ်ကြွင်းသည် ငှက်များ၏ အစောပိုင်းကာလ ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်၏ ရုပ်ထွေးမှုကို ပြသလျက်ရှိသည်။

Y-Yangyuanensis ငှက်ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ဖူကျန်းပြည်နယ်၌ တူးဖော်တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း၊ ကိုယ်ခန္ဓာအလေးချိန် ၁ ဒသမ ၈ ပေါင် (၈၀၀ ဂရမ်) ထိသာရှိကြောင်း သိရသည်။

ဂျူရက်ဆစ်ဘူမိခေတ်အတွင်း ပေါ်ထွက်လာသည့် ငှက်များသည် အမွေးအတောင်ပါ ဒိုင်နိုဆောယ်များမှတစ်ဆင့် ဆင့်ကဲပေါ်ထွက်လာခြင်းဖြစ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# အမေရိကန်ရေကူးမယ် ဂရက်ချန်ဝေါ်ရှ် ကမ္ဘာ့ရေကူးချန်ပီယံရှစ်ပြိုင်ပွဲတွင် စံချိန်ဟောင်းကို ကျော်ဖြတ်ပြီး စံချိန်သစ်တင်



ဝါရှင်တန် အောက်တိုဘာ ၁၇

အမေရိကန်ရေကူးမယ် ဂရက်ချန်ဝေါ်ရှ်သည် ကမ္ဘာ့ရေကူးချန်ပီယံရှစ်ပြိုင်ပွဲ အမျိုးသမီးမီတာ ၅၀ အလွတ်ကူး ပြိုင်ပွဲတွင် ၎င်း၏ စံချိန်ဟောင်းကို ကျော်ဖြတ်ပြီး စံချိန်သစ်ရယူခဲ့ကြောင်း World Aquatics သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်တွင်ကျင်းပခဲ့သည့် ကမ္ဘာ့ရေကူးချန်ပီယံရှစ် ပြိုင်ပွဲတွင် ဂရက်ချန်ဝေါ်ရှ်က အမျိုးသမီးမီတာ ၅၀ ပြိုင်ပွဲအဖြစ် ယနေ့တွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ၂၂ ဒသမ ၇၅ စက္ကန့်ဖြင့် ပန်းဝင်ခဲ့ပြီးနောက် ၎င်း၏စံချိန်ဟောင်းကို ကျော်ဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂရက်ချန်ဝေါ်ရှ်သည် ယခင်စံချိန်ဟောင်းအဖြစ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်က ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့တွင် ကျင်းပခဲ့သည့် အမျိုးသမီးမီတာ ၅၀ အလွတ်ကူး ပြိုင်ပွဲတွင် ၂၂ ဒသမ ၈၃ စက္ကန့်ဖြင့် ပန်းဝင်ခဲ့ပြီး အမြန်ဆုံးစံချိန်ကို ရရှိခဲ့ခြင်းဖြစ်သည်။

သို့သော် ဂရက်ချန်ဝေါ်ရှ်သည် ယခု အမေရိကန်နိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ရေကူးချန်ပီယံရှစ်ပြိုင်ပွဲတွင် အမျိုးသမီးမီတာ ၅၀ အလွတ်ကူးပြိုင်ပွဲကို ၂၂ ဒသမ ၇၅ စက္ကန့်ဖြင့် ပန်းဝင်ခဲ့ပြီးနောက် စံချိန်ဟောင်းကို ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဂရက်ချန်ဝေါ်ရှ်က "အခုလိုကိုယ့်စံချိန်ဟောင်းကို ကျော်ဖြတ်နိုင်ခဲ့တဲ့အတွက် ကျေနပ်ပါတယ်။ ပြိုင်ပွဲမှာ တကယ်ပင်ပန်းခဲ့ပါတယ်။ ဒါပေမဲ့ ပင်ပန်းမှုတွေကိုပဲ သက်တောင့်သက်သာဖြစ်အောင်ကြိုးစားပြီး ပြိုင်ပွဲဝင်နိုင်ခဲ့လို့ အခုလိုစံချိန်တွေ တင်နိုင်ခဲ့တာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : World Aquatics

Trs : STA

# ဘေဆယ်အိုးပင်းအမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲကို ဂျိုကိုဗစ် ဝင်ရောက်ယှဉ်ပြိုင်မည်

ဘေဆယ် အောက်တိုဘာ ၁၇

ဆားဘီးယား ထိပ်တန်း တင်းနစ်ကစားသမား ဂျိုကိုဗစ်သည် ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပမည့် ဘေဆယ်အိုးပင်း အမျိုးသား တစ်ဦးချင်း တင်းနစ်ပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ဘေဆယ် အိုးပင်း အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် ၂၀၁၁ ခုနှစ်က နောက်ဆုံး ဝင်ရောက်ကစားခဲ့ခြင်း ဖြစ်ပြီး အဆိုပါကာလနောက်ပိုင်း တွင်ဝင်ရောက်ကစားခြင်း မရှိခဲ့ဘဲ ယခုအခါ ဆယ်စုနှစ်တစ်ခုအကြာမှ ဝင်ရောက်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဘေဆယ်အိုးပင်း အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ကျင်းပရေးကော်မတီက ဂျိုကိုဗစ်ကို ပြိုင်ပွဲဝင်ရောက်ကစားခွင့်အတွက် Wild Card ကစားသမားအဖြစ် ကမ်းလှမ်းခဲ့ပြီးနောက် ဂျိုကိုဗစ်ကလည်း ဝင်ရောက်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်သည် ၂၀၁၁ မတိုင်မီက ဘေဆယ်အိုးပင်း အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် ဝင်ရောက်ကစားခဲ့ပြီး ၂၀၀၉ ခုနှစ် ပြိုင်ပွဲတွင် ဆွစ်ဇာလန်ထိပ်တန်း တင်းနစ် ကစားသမားဟောင်း ဖက်ဒရာကို အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

Ref : AGTP Tennis

Trs : STA

# မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)တွင် ရန်ကုန်စီးတီးအသင်းက ချင်းလန်းအက်ဖ်စီအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ



ရန်ကုန် အောက်တိုဘာ ၁၇

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)အဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ သီဟဒီပအားကစားကွင်းတွင် ရန်ကုန်စီးတီးအသင်းနှင့် ချင်းလန်းအက်ဖ်စီအသင်းတို့ကစားခဲ့ရာ ရန်ကုန်စီးတီးအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရန်ကုန်စီးတီးအသင်းက ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၁၉မိနစ်တွင် ဝင်းနိုင်ထွန်းက ရန်ကုန်စီးတီးအသင်းအတွက် ဦးဆောင်ဂိုးသွင်း ယူခဲ့သော်လည်း ပွဲချိန် ၄၅ မိနစ် ပြည့်ပြီး အချိန်ပိုလေးမိနစ်တွင် Van Hming Chuang က ချင်းလန်း အက်ဖ်စီအသင်းအတွက် ချေပဂိုး ပြန်လည် သွင်းယူခဲ့ပြီးနောက် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည် စတင်ချိန်တွင် ရန်ကုန်စီးတီး အသင်း ပိုမိုဖိအားပေးကစားခဲ့ရာ ပွဲချိန် ၈၂ မိနစ်တွင် ပင်နယ်တီမှ တစ်ဆင့် ဝင်းနိုင်ထွန်းက ရန်ကုန်စီးတီးအသင်းအတွက် ဦးဆောင် ဂိုး ထပ်မံသွင်းယူခဲ့ပြီး လက်ကျန် ပွဲချိန်များတွင် ရန်ကုန်စီးတီးအသင်း ကအနိုင်ရလဒ်ကို ထိန်းချုပ်ကစား ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန် တွင် နှစ်ဂိုး တစ်ဂိုးဖြင့် ရန်ကုန် စီးတီးအသင်းက အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄) အဖြစ် အောက်တိုဘာ ၁၈ရက်တွင် ဟံသာဝတီယူနိုက်တက် အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ဆက်လက် ကစားမည်ဖြစ် ကြောင်းသိရသည်။ STA

# အောက်တိုဘာလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာအမျိုးသမီးအသင်း ကမ္ဘာ့အဆင့် တစ်ဆင့်ကျဆင်းခဲ့ပြီး အဆင့်(၅၆)နေရာ၌ ရပ်တည်

ရန်ကုန် အောက်တိုဘာ ၁၇

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်က လက်ရွေးစင် အမျိုးသမီးအသင်းများ၏ အောက်တိုဘာလအတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်များကို ယနေ့တွင် ထုတ်ပြန်ခဲ့ရာ မြန်မာအမျိုးသမီးအသင်း အဆင့်တစ်ဆင့်ကျဆင်းခဲ့ပြီး ကမ္ဘာ့အဆင့်(၅၆)နေရာ၌ ရပ်တည်နေကြောင်းသိရသည်။

မြန်မာအမျိုးသမီးအသင်းသည် ပြီးခဲ့သည့် စက်တင်ဘာလအတွင်း အာရှအားကစား ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ရလဒ်မကောင်းခဲ့ဘဲ အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရပြီး နောက် အောက်တိုဘာလ ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ရမှတ် ၁၄၅၅ ဒသမ ၅ မှတ်ဖြင့် ကမ္ဘာ့ အဆင့်(၅၆)နေရာ၌ ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်က လက်ရွေးစင် အမျိုးသမီးအသင်း များ၏ အောက်တိုဘာလ အတွက် ကမ္ဘာ့အဆင့်သတ်မှတ် ချက်များအရ အာဆီယံဇုန်တွင် ဗီယက်နမ် အသင်းက ကမ္ဘာ့အဆင့် (၃၇)ဖြင့် အာဆီယံအဆင့်(၁)၊ ဖိလစ်ပိုင်အသင်းက ကမ္ဘာ့အဆင့်(၃၉)ဖြင့် အာဆီယံအဆင့်(၂)၊ ထိုင်းအသင်းက ကမ္ဘာ့အဆင့်(၅၀)ဖြင့် အာဆီယံအဆင့်(၃)၊ မြန်မာအသင်းက ကမ္ဘာ့အဆင့်(၅၆)ဖြင့် အာဆီယံအဆင့်(၄)၊ မလေးရှားအသင်းက ကမ္ဘာ့အဆင့်(၁၀၁) ဖြင့် အာဆီယံအဆင့် (၅)၊ အင်ဒိုနီးရှား အသင်းက ကမ္ဘာ့အဆင့်(၁၀၅)ဖြင့် အာဆီယံအဆင့်(၆)၊ ကမ္ဘောဒီးယားအသင်း က ကမ္ဘာ့အဆင့်(၁၁၈)ဖြင့် အာဆီယံအဆင့်(၇)၊ လာအိုအသင်းက ကမ္ဘာ့အဆင့်(၁၂၀)ဖြင့် အာဆီယံအဆင့်(၈)၊ စင်ကာပူအသင်းက ကမ္ဘာ့အဆင့်(၁၄၇)ဖြင့် အာဆီယံအဆင့်(၉)၊ တီမောလက်စ်တေအသင်းက ကမ္ဘာ့အဆင့်(၁၅၈)ဖြင့် အာဆီယံအဆင့် (၁၀)နေရာတွင် ရပ်တည်နေပြီး ဘရူနိုင်းအသင်းက ကမ္ဘာ့အဆင့် သတ်မှတ်ချက် မဝင်ရောက်နိုင် သေးကြောင်းသိရသည်။

STA

# ရီးရဲလ်မက်ဒရစ်အသင်းက ဘယ်လင်ဟမ်နှင့် သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုရန် သဘောတူညီမှုရရှိ



မက်ဒရစ် အောက်တိုဘာ ၁၇

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းမှ ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်ကို ၂၀၃၁ ခုနှစ်ထိ သက်တမ်းတိုး စာချုပ်သစ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ကြောင်း 365 Scores သတင်း ဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၁နှစ်သာရှိသေးသည့် ဘယ်လင်ဟမ်သည် ၂၀၂၃ ခုနှစ်က ဒေါ့မွန်အသင်းမှ ရီးရဲလ်မက်ဒရစ် အသင်းသို့ မြင့်မားသည့်ပြောင်း ရွှေ့ကြေး တစ်ရပ်ဖြစ်သည့် စတာလင်ပေါင် ၈၆ သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

ဘယ်လင်ဟမ်သည် ရီးရဲလ် မက်ဒရစ်အသင်းနှင့် အတူ ဘောလုံး ရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်း ပြသခဲ့ပြီး ကွင်းလယ် ကစားသမားတစ်ဦး ဖြစ်သော်လည်း အသင်းတိုက်စစ် ပိုင်းထိလိုက်ပါကာ အရေးပါသည့် သွင်းဂိုးများကိုလည်း သွင်းယူခဲ့ ပြီးနောက် လက်ရှိဘောလုံး လောကတွင် အကောင်းဆုံး ကွင်းလယ် ကစားသမားများ အနက် တစ်ဦးအပါအဝင်ရပ်တည် နေသူဖြစ်သည်။

ဘယ်လင်ဟမ်နှင့် ရီးရဲလ် မက်ဒရစ်အသင်းတို့ စာချုပ် သက်တမ်းမှာ ယခုနှစ်ဘောလုံး ရာသီအကုန် ၂၀၂၇ ခုနှစ် ဇွန်လ အကုန်တွင် ကုန်ဆုံးမည်ဖြစ်သည့် အတွက် အသင်းနှင့် ကစားသမား ကြား သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာ ၂၀၃၁ ခုနှစ်ထိ စာချုပ်သစ် ချုပ်ဆိုရန် သဘော တူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ဘယ်လင်ဟမ်သည် ရီးရဲလ် မက်ဒရစ် အသင်းနှင့်အတူ လေးရာသီအတွင်း ပြိုင်ပွဲစုံ ပွဲ ၁၅၀ ကစားထားပြီး သွင်းဂိုး ၄၉ ဂိုး သွင်းယူထားကြောင်း သိရသည်။

Ref : 365 Scores

Trs : STA



# LPGA Shanghai 2026 အမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယအကျော့အပြီးတွင် တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ချိုင်ဟေးဂျင်ထိပ်ဆုံးမှ ဦးဆောင်



**ပေကျင်း အောက်တိုဘာ ၁၇**

တရုတ်နိုင်ငံတွင် ကျင်းပနေသည့် LPGA Shanghai 2026 အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်များအပြီးတွင် တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ချိုင်ဟေးဂျင်က အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေကြောင်း DP Tour သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

LPGA Shanghai 2026 အမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်အဖြစ် အောက်တိုဘာ ၁၅ ရက်က ကစားခဲ့ပြီးဒုတိယအကျော့အဖြစ် အောက်တိုဘာ ၁၆ ရက်တွင် ကစားခဲ့ရာ ချိုင်ဟေးဂျင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးမှ ဦးဆောင်နေခြင်းဖြစ်သည်။

LPGA Shanghai 2026 အမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယအကျော့အပြီး ချိုင်ဟေးဂျင်၏နောက်တွင် ဩစတြေးလျဂေါက်သီးရိုက်မယ် ဂရေ့ဗ်ကင်၊ တောင်ကိုရီးယား ဂေါက်သီးရိုက်မယ်အေမီယန်းတို့က စုစုပေါင်း သတ်မှတ် ရိုက်ချက်ထက် လေးချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေပြီး စပိန်ဂေါက်သီးရိုက်မယ် ဆီဂန်ဒါက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ကာ တတိယနေရာတွင် ရပ်တည်နေသည်။

LPGA Shanghai 2026 အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲသည် LPGA Tour အဆင့်ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး အောက်တိုဘာ ၁၈ရက်ထိ ကျင်းပမည်ဖြစ်ကာ စုစုပေါင်း ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ သန်းချီးမြှင့်ပေးအပ်မည်ဖြစ်ပြီး လက်ရှိချန်ပီယံအဖြစ် ထိုင်းဂေါက်သီးရိုက်မယ် သီတီကူက ရပ်တည်နေကြောင်း သိရသည်။

**Ref : DP Tour**
**Trs : STA**

# ရတနာပုံအက်ဖ်စီအမျိုးသမီးအသင်းက ရူပါခိုင်နှင့် မာရူနီတို့ကိုခေါ်ယူ

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေးမြို့အခြေစိုက် ရတနာပုံအက်ဖ်စီ အမျိုးသမီးအသင်းက မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ဒုတိယအကျော့အတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းမှ ကစားသမားတစ်ဦးဖြစ်သည့် ရှမ်းယူနိုက်တက်အမျိုးသမီးအသင်းမှ တိုက်စစ်ကစားသမား ရူပါခိုင်နှင့် ကင်ညာလက်ရွေးစင်အသင်းကစားသမား မာရူနီတို့ကို ယနေ့တွင် ခေါ်ယူခဲ့ကြောင်း သိရသည်။

ရတနာပုံအက်ဖ်စီအသင်းသည် ယခုနှစ် ဘောလုံးရာသီမှသာ အမျိုးသမီးအသင်းကို စတင်တည်ထောင်ခဲ့ပြီး မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ ပထမအကျော့တွင်လည်း မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအဆင့် ကစားသမားများအပြင် ပြည်ပကစားသမားများကို ခေါ်ယူခဲ့ပြီး ယခုအခါတွင်လည်းဒုတိယအကျော့အတွက် ရူပါခိုင်နှင့် မာရူနီတို့ကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ရူပါခိုင်သည် ယခုနှစ် ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲပထမအကျော့တွင် ရှမ်းယူနိုက်တက် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသခဲ့ကာ အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သည့်အပြင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင်လည်း အဓိကတိုက်စစ်ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

မာရူနီသည် ကင်ညာယူ-၂၀ အမျိုးသမီးအသင်းနှင့် ကင်ညာလက်ရွေးစင်အသင်းတို့တွင်ပါဝင်ကစားခဲ့သူဖြစ်ပြီး ကလပ်အသင်းကစားသမားဘဝတွင် ကင်ညာကလပ်အသင်း Vihiga Queen အသင်း၊ တရုတ်ကလပ်အသင်းများဖြစ်သည့် Fujian Nan'an FC အသင်း၊ အိန္ဒိယကလပ်အသင်းများဖြစ်သည့် East Bengal FCအသင်း၊ Sesa FA အသင်း အစရှိသည့်အသင်းများတွင်ပါဝင်ကစားခဲ့သူဖြစ်ကာ ကွင်းလယ်နှင့် တိုက်စစ်ပိုင်းတို့တွင် ကစားနေသူဖြစ်ကြောင်း သိရသည်။ **STA**







# ရီးရဲလ်မက်ဒရစ်အသင်းက ဗီနီစီးယက်စ်၏ အနီကတ်ပြစ်ဒဏ်အတွက် စပိန်အဆင့်အမြင့်ဆုံးတရားရုံးထံ အယူခံဝင်ရောက်ရန်ပြင်ဆင်

**မက်ဒရစ် အောက်တိုဘာ ၁၇**

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းမှ အဓိကကစားသမား ဗီနီစီးယက်စ်၏ အနီကတ် ပြစ်ဒဏ်အတွက် စပိန်အဆင့်အမြင့်ဆုံးတရားရုံးတွင် အယူခံဝင်ရောက်ရန် ပြင်ဆင်နေကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဗီနီစီးယက်စ်သည် အောက်တိုဘာ ၁၆ ရက်က စပိန်လာလီဂါ ပွဲစဉ်အဖြစ် ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ် အသင်းက ဗီလာရီးရဲလ်အသင်းကို တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်၌ ပွဲချိန် ၇၁ မိနစ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူခဲ့သော်လည်း သွင်းဂိုးမရရှိမီ ပြိုင်ဘက်အသင်း ကစားသမား၏ ဆံပင်ကိုဆွဲပြီး ဘောလုံးကိုလုယူခဲ့သည့်အတွက် ကွင်းလယ်ဒိုင်က သွင်းဂိုးကို ပယ်ဖျက်ခဲ့သည့်အပြင် တိုက်ရိုက်အနီကတ် ပြသခဲ့ခြင်းဖြစ်သည်။

ထို့နောက် စပိန်လာလီဂါ အဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ဗီနီစီးယက်စ်၏ အနီကတ်ပြစ်ဒဏ်ကို လေးပွဲပယ်ချမှတ်ခဲ့ရာ ဘာစီလိုနာအသင်းနှင့်ပွဲစဉ်အပါအဝင် ပွဲစဉ်လေးပွဲ လွဲချော်မည်ဖြစ်သည့်အတွက် အယူခံဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

သို့သော် စပိန်လာလီဂါအဖွဲ့ချုပ်က ရီးရဲလ်မက်ဒရစ်အသင်း၏ အယူခံကို ပယ်ချခဲ့သည့်အတွက် ရီးရဲလ်မက်ဒရစ် အသင်းက စပိန်နိုင်ငံရှိ အဆင့်အမြင့်ဆုံး တရားရုံးတွင် အယူခံဝင်ရောက်ရန် ပြင်ဆင်နေခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : The Athletic**
**Trs : STA**

# UFC အဖွဲ့ချုပ်က တားမြစ်ဆေးသုံးစွဲမှုဖြင့် အမိုရင်ကို ခြောက်လပွဲပယ်ပြစ်ဒဏ်ချမှတ်

**ဝါရှင်တန် အောက်တိုဘာ ၁၇**

UFC အဖွဲ့ချုပ်က ဘရာဇီးအမျိုးသမီးဖိုက်တာအမိုရင်ကို တားမြစ်ဆေးသုံးစွဲမှုဖြင့် ခြောက်လပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း UFC Stats သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

UFC အဖွဲ့ချုပ်က အဖွဲ့ချုပ်နှင့် စာချုပ် ချုပ်ဆိုထားသည့် ဖိုက်တာများကို ပြိုင်ပွဲပြင်ပတားမြစ်ဆေးသုံးစွဲမှု ရှိ၊ မရှိနှင့်ပတ်သက်ပြီး ပြီးခဲ့သည့် ဇူလိုင် ၂၉ ရက်က ဆေးစစ်မှုများ လုပ်ဆောင်ခဲ့ရာ အမိုရင်သည် တားမြစ်ကန့်သတ်ထားသည့်ဆေးသုံးစွဲထားကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထို့နောက် UFC အဖွဲ့ချုပ် တားမြစ်ဆေး စစ်ဆေးရေးအဖွဲ့က ဒုတိယအကြိမ်အဖြစ် ပြီးခဲ့သည့် ဩဂုတ် ၁၇ ရက်က အမိုရင်ကို ထပ်မံဆေးစစ်မှုများ လုပ်ဆောင်ခဲ့ရာတွင်လည်း တားမြစ်ဆေးသုံးစွဲထားကြောင်း တွေ့ရှိခဲ့သည့်အတွက် ပြိုင်ပွဲမှယာယီ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

အမိုရင်က ၎င်းအနေဖြင့် တားမြစ်ဆေး သုံးစွဲခဲ့ခြင်းမရှိခဲ့ကြောင်း ငြင်းဆိုခဲ့သော်လည်း သုံးစွဲကြောင်း နှစ်ကြိမ်တွေ့ရှိခဲ့သည့်အတွက် ယနေ့တွင် ခြောက်လပွဲပယ် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ပြီး ခြောက်လပွဲပယ် ပြစ်ဒဏ်ကို ယာယီပြစ်ဒဏ် ချမှတ်ထားသည့် ဩဂုတ် ၁၇ ရက်မှစတင်အကျုံးဝင်မည်ဖြစ်ပြီး လာမည့် ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်ထိ ကျခံရမည်ဖြစ်သည်။

အမိုရင်သည် ပရော်ဖက်ရှင်နယ်ဖိုက်တာဘဝတွင် ၁၁ပွဲနိုင်၊ နှစ်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသူ ဖြစ်ကြောင်း သိရသည်။

**Ref : UFC Stats**
**Trs : STA**

# AFC Challenge League အုပ်စု (E) ပွဲစဉ်များအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ




**ရန်ကုန် အောက်တိုဘာ ၁၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် AFC Challenge League အုပ်စု (E) ပွဲစဉ်များအတွက် ပွဲကြို သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏကွင်းအတွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ အုပ်စု (E) သက်ဆိုင်ရာ အသင်းများမှ နည်းပြချုပ်များနှင့် အဓိက ကစားသမားတစ်ဦးစီ တက်ရောက်ခဲ့ကြပြီး မီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားခဲ့ကြသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ရှမ်းယူနိုက်တက်အသင်း နည်းပြဦးဟန်ဝင်းအောင်က“ဒီအုပ်စုမှာ ပါဝင်တဲ့အသင်းတွေအားလုံးရဲ့ ခြေစွမ်းပိုင်းက ကွာခြားချက်အများကြီးမရှိပါဘူး။ ကျွန်တော်တို့အနေနဲ့ အိမ်ကွင်းမှာ ကစားရမှာဖြစ်တဲ့အတွက် နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့ ကြိုးစားသွားမှာပါ။ ပြိုင်ပွဲတစ်ပွဲနဲ့တစ်ပွဲ အခြေအနေတွေက မတူညီတဲ့အတွက် အကောင်းဆုံး ကြိုးစားသွားမှာပါ”ဟု ပြောကြားခဲ့သည်။

AFC Challenge League အုပ်စု (E)အုပ်စု ပွဲစဉ်များအဖြစ် အောက်တိုဘာ ၁၈ ရက်တွင် ရှမ်းယူနိုက်တက် အသင်းနှင့် တရုတ်(တိုင်ပေ)ကလပ် New Taipei City အသင်း၊ ဖိလစ်ပိုင်ကလပ် Manila Digger အသင်းနှင့် ဘရူနိုင်းကလပ် Kasuka အသင်းတို့ ကစားရမည် ဖြစ်ကြောင်း သိရသည်။

**STA**

# အာဟာရရည်မှန်းချက်ပြည့်မီဖို့ ကြက်ဥနှင့်ကြက်သားတိုးချဲ့ထုတ်လုပ်စို့

စံမြတ်ဘုန်း(စစ်ကိုင်း)



လူတိုင်းအတွက် စားရေး၊ ဝတ်ရေး၊ နေရေး ကဏ္ဍကြီးများသည် မရှိမဖြစ်လိုအပ်သည်။ လူတိုင်း စီးပွားရှာဖွေခြင်းသည် စားဝတ်နေရေးအတွက် လှုပ်ရှားရုန်းကန်မှုဖြစ်သည်။ စားရေးဟူသည် ထိပ်ဆုံးကရှိသည့်အလျောက် အသက်ရှင်ရပ်တည်ရေးအတွက်သာမက လူတစ်ဦးချင်းစီ၏ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်းရေး၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်စေရေးကို ဟန်ချက်ညီညီဖြစ်ထွန်းစေသည်။ လူ့ကိုယ်ခန္ဓာ၏ ဇီဝကမ္မဖြစ်စဉ်များ ကောင်းစွာလည်ပတ်နိုင်စေရေး ပံ့ပိုးကူညီပေးသည်။ လိုအပ်နေသည့် ဗီတာမင်၊ သတ္တုဓာတ်၊ အသားဓာတ်နှင့် အဆီဓာတ် အစရှိသည့်အာဟာရဓာတ်များရရှိရေး အစားအစာများကိုမျှတစွာ စားသုံးပေးမှသာ ကိုယ်ခံအားစနစ်ကောင်းမွန်စေပြီး ရောဂါဘယဘေးများမှလည်း ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ လုံလောက်သော အစားအသောက်မရရှိပါက ကိုယ်ခန္ဓာတိုးတက်ကြီးထွားမှုကို ထိခိုက်စေရုံသာမက နုံးချည့်ပင်ပန်းပြီး ရောဂါများ လွယ်ကူစွာဝင်ရောက်လာမည်ဖြစ်သည်။

သို့ဖြစ်၍ နေ့စဉ်ဘဝ ရောဂါကင်းစင်ကျန်းမာရေး အစာအာဟာရဖြည့်စွက်စားသုံးကြရသည်။ နိုင်ငံအလိုက်၊ ယဉ်ကျေးမှုအလိုက်၊ ဓလေ့ထုံးစံများ မတူညီမှုအလိုက် ချက်ပြုတ်စားသောက်မှုပုံစံအမျိုးမျိုး တွေ့ရမည်ဖြစ်သည်။ ဆန်၊ ဂျုံ၊ ပဲ၊ ပြောင်း ဒေသထွက်သီးနှံများကို အခြေပြု၍ချက်ပြုတ်စီမံစားသုံးခြင်းသည် လူ့ယဉ်ကျေးမှု၏ အနှစ်သာရလည်းဖြစ်သည်။ အဆိုပါ အနှစ်သာရများ ပကတိတည်တံ့ခိုင်မြဲရေး၊ လူသားတိုင်း အစာအာဟာရဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စားရေရိက္ခာ ဖူလုံရေးအခန်းကဏ္ဍသည် လူသားအားလုံးနှင့် သက်ဆိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေး စဉ်ဆက်မပြတ်ထိန်းသိမ်းသွားရမည်ဖြစ်သည်။

မွေးမြူရေးလုပ်ငန်းမှရရှိသည့် စားသောက်ကုန်များအနက် အသားစားကြက်မွေးမြူရေးနှင့် ဥစားကြက်မွေးမြူရေးကဏ္ဍများသည် ပြည်သူများ၏ နေ့စဉ် အာဟာရလိုအပ်ချက်များကို အမြန်ဆန်ဆုံးနှင့် အထိရောက်ဆုံး ကူညီပေးစွမ်းနိုင်သည့် အာဟာရမဏ္ဍိုင်တစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ အသားစားကြက်နှင့် ဥစားကြက်မွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများမှသည် ခေတ်မီနည်းပညာအသုံးပြုသည့် အကြီးစားမွေးမြူရေးခြံများထိ တိုးချဲ့လုပ်ကိုင်လျက်ရှိကြသည်။ အရည်အသွေးမြင့် အသားနှင့်ဥ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်မှသာ နေ့စဉ်နှင့်အမျှ စားသုံးနေသည့် ပမာဏညီမျှမှု၊ ပိုလျှံမှုကို ဖြစ်စေနိုင်မည်ဖြစ်သည်။ ပုဂ္ဂလိကကြက်ခြံများ တစ်စတစ်စ အောင်မြင်စွာ ပေါ်ပေါက်လာမည်ဆိုပါက ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများဖြစ်ပေါ်စေပြီး မိသားစုဝင်ငွေများလည်း တစ်ဖက်တစ်လမ်းမှ တိုးပွားလာနိုင်မည်ဖြစ်သည်။ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များဖြစ်သဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေသည်။

နိုင်ငံ၏ လူဦးရေတိုးတက်လာမှုအလိုက် ကြက်သားစားသုံးမှုနှင့် ကြက်ဥစားသုံးမှုနှုန်းများလည်း သိသိသာသာမြင့်တက်လာခဲ့သည်။ ကြက်ဥနှင့် ကြက်သားသည် အခြားသောအသားများနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းသင့်တင့်ခြင်း၊ ဝယ်ယူစားသုံးရန်လွယ်ကူခြင်းစသည်ဖြင့် နေ့စဉ်ဘဝ၏ထမင်းဝိုင်းများတွင် အမြဲတစေတွေ့မြင်ရသည့်ဟင်းလျာပင်ဖြစ်သည်။ ကြက်ဥ၊ ကြက်သားတွင် အမိုင်နိုအက်စစ်၊ ဗီတာမင်ဘီအုပ်စုများနှင့်သတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်သဖြင့် စားသုံးသူများ၏လူ့ခန္ဓာကိုယ် သန်စွမ်းကျန်းမာရေးကို များစွာအထောက်အကူပြုသည်။ ကြက်ဥအနှစ်တွင် ပါဝင်သောကိုလင်းဓာတ်သည် ဦးနှောက်ဆဲလ်များ၏ဖွံ့ဖြိုးတိုးတက်မှုကို အားပေးသဖြင့် မှတ်ဉာဏ်နှင့် အာရုံကြောစနစ်လည်ပတ်မှုကို ကောင်းမွန်စေသည်။ ကြက်သားတွင် ကြက်ရင်ပုံသားသည် အဆီနည်းပြီး ပရိုတင်းဓာတ်ကြွယ်ဝစွာ ပါဝင်သဖြင့် လူ့ခန္ဓာကိုယ်ရှိ ကြွက်သားနှင့်အရိုးများကို သန်စွမ်းကျန်းမာစေသည်။

မြန်မာနိုင်ငံတွင် မွေးမြူလျက်ရှိသည့် ဥစားကြက်မျိုးများမှာ အီဆာဘရောင်း၊ ရှေးဗား၊ စတားခရော့၊ အာရ်အိုင်အာရ်ကြက်မျိုးများဖြစ်ကြသည်။ မွေးမြူနိုင်သည့်နည်းစနစ်များအဖြစ် အခင်းထူစနစ်၊ ကြမ်းခင်းစနစ်၊ လှောင်အိမ်စနစ်၊ အလုံပိတ်လေအေးပေးစနစ်များကို တွေ့ရှိရသည်။ ဥစားကြက်မွေးမြူရာတွင် လူနေအိမ်နှင့် သီးခြားဖြစ်သည့်နေရာဖြစ်ခြင်း၊ ရေမဝပ်၍ လေကောင်းလေသန့်ရရှိနိုင်သောနေရာဖြစ်ခြင်း၊ သန့်ရှင်းသည့်ရေ အလုံအလောက်ရရှိသောနေရာဖြစ်ခြင်း၊ ဝင်လမ်း၊ ထွက်လမ်းကောင်းသောနေရာဖြစ်ခြင်း အစရှိသည့်ခြံနေရာရွေးချယ်သတ်မှတ်ပေးရမည်ဖြစ်သည်။ မွေးမြူသည့်ဒေသ၏ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်မည့်အဆောက်အအုံဆောက်လုပ်ရန်လိုအပ်သည်။ အလားတူ ကြက်ခြံကြမ်းခင်းများကို ကြွက်များထိုးဖောက်ခြင်းမှ ကာကွယ်ရန်လိုအပ်ပြီး ကြက်ချေး၊ အညစ်အကြေးများကို လွယ်ကူစွာစွန့်ပစ်ရန် စနစ်တကျစီမံဆောင်ရွက်ရပေသည်။ ဥစားကြက်မများအတွက် လိုအပ်သည့် အသင့်တော်ဆုံးအပူချိန်၊ အလင်းရောင်လိုအပ်ချက်၊ အစာနှင့် ရေသောက်နှုန်းများကို စံချိန်စံနှုန်းများနှင့်အညီ ဖြည့်ဆည်းခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်များကို တတ်ကျွမ်းနားလည်သူများ၏ အကူအညီဖြင့် စနစ်တကျဆောင်ရွက်ရလေ့ရှိသည်။

ကြက်မွေးမြူရေးတောင်သူများ၊ လုပ်ငန်းရှင်များအနေဖြင့် မွေးမြူရေးလုပ်ငန်းသုံး သွင်းအားစုများ မြင့်မားခြင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း ဒဏ်များကို အလူးအလဲခံကြရသည်။ နွေရာသီတွင်ဖြစ်လေ့ရှိသည့် အပူချိန်လွန်ကဲသည့်ပြဿနာကြောင့် ကြက်များ အပူဒဏ်ကြောင့် ကြီးထွားမှုနှေးကွေးခြင်း၊ ဥအထွက်နှုန်းကျဆင်းခြင်းနှင့် ရောဂါကျရောက်သေဆုံးခြင်းများ ဖြစ်စေနိုင်သည်။ ကြက်ခြံလုပ်ကိုင်သူများသည် ကြက်များ၏ အစာစားနှုန်း စံချိန်နှင့် ကိုယ်အလေးချိန်စံချိန်များပြည့်မီအောင် ဆောင်ရွက်ရပြီး အခန်းအပူချိန် တတ်နိုင်သမျှလျှော့ချခြင်း၊ အစာခွက်၊ ရေခွက်အရေအတွက် တိုးပေးခြင်း၊ အလင်းရောင်ပိုပေးခြင်း၊ အစာခွက်အတွင်း အစာပိုထည့်ခြင်း၊ အစာကျွေးချိန် တိုးပေးခြင်းနှင့် ကြက်သောက်မည့်ရေကို မပူအောင်ဆောင်ရွက်ခြင်းများ ပြုလုပ်ပေးရသည်။ အလားတူ ပူပြင်းသည့်နွေရာသီတွင် ဒဏ်ခံအားဆေး၊ စီဗစ်အားဆေးများကို သတ်မှတ်နှုန်းထားနှင့်အညီ ဖျော်တိုက်ပေးရသည်။ ကြက်၏ ခန္ဓာကိုယ်ပေါ်တွင် ရှိသည့် သန်း၊ လှေး၊ မွှားများ ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် တွေ့ရှိပါက ကုသပေးခြင်းများလည်း ပြုလုပ်ကြရသည်။ ကြက်များတွင် သန်ကောင်များ ရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်ပါက သန်ချဆေးများ တိုက်ကျွေးပေးရသည်။

ကြက်မွေးမြူရေးလုပ်ငန်းတွင် အစာလိုအပ်ချက် ဖြည့်ဆည်းပေးရသည့်အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသည်။ ကြက်စာအရည်အသွေးကောင်းမွန်မှုရှိမှသာ အသားစားကြက်များ လျင်မြန်စွာကြီးထွားပြီး ဥစားကြက်များမှာလည်း ဥအထွက်နှုန်းကောင်းမွန်စေနိုင်သည်။ ကြက်စာထုတ်လုပ်ရေး ပြောင်း၊ ဆန်ကွဲများကို အဓိကထားအသုံးပြုပြီး ပရိုတင်း(အသားဓာတ်)ရရှိစေသည့် ပဲပုပ်ဖတ်၊ နှမ်းဖတ်၊ ငါးမှုန့်တို့ကို အချိုးကျရောစပ်ပေးရသည်။ ကြက်များ၏အရိုးများ သန်မာစေရန်နှင့် ကြက်ဥခွံများမပျက်စီးစေရန် ကယ်လ်စီယမ်နှင့် သတ္တုဓာတ်များ၊ ဗီတာမင်များကို စနစ်တကျထည့်သွင်းပေးရပေသည်။

ကြက်မွေးမြူရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် တိုးတက်ထုတ်လုပ်နိုင်ရေး မဟာဗျူဟာမြောက် လမ်းညွှန်ချက်များ၊ အစီအမံများချမှတ်ပြီး ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။ ကြက်မွေးမြူရာတွင် မွေးမြူမည့်ကြက်အမျိုးအစား၊ မွေးမြူမည့်ပမာဏများကို တိကျစွာတွက်ချက်ခြင်း၊ အစာဖိုး၊ ဆေးဝါး၊ လုပ်သားခ၊ လျှပ်စစ်နှင့်ရေ အစရှိသောစရိတ်များနှင့် မမျှော်မှန်းနိုင်သည့် ကုန်ကျစရိတ်များ တွက်ချက်ခြင်းနှင့် ထွက်ရှိလာမည့် ကြက်ဥ၊ ကြက်သားများ တင်ပို့ရောင်းချနိုင်မည့် လက်လီ၊ လက်ကား ဈေးကွက်များကို ကြိုတင်ချိတ်ဆက်ဆောင်ရွက်ခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။ မွေးမြူရေးခြံများတွင် ဇီဝလုံခြုံမှုအစီအမံများကို တိကျစွာလိုက်နာဆောင်ရွက်ပြီး တိရစ္ဆာန်များကို ရောဂါပိုးနှင့် ကင်းဝေးအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ကြက်ဥနှင့် ကြက်သားတိုးချဲ့ထုတ်လုပ်ရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် မျိုးကောင်းမျိုးသန့်များ၊ အာဟာရပြည့်မီသော အစာများ၊ ရောဂါကာကွယ်ရေးနှင့် ဈေးကွက်ထိုးဖောက်နိုင်မှု အခြေအနေများ လိုအပ်ပေသည်။

❖ ကြက်မွေးမြူရေးလုပ်ငန်းတွင် အစာလိုအပ်ချက်ဖြည့်ဆည်းပေးရသည့်အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသည်။ ကြက်စာအရည်အသွေးကောင်းမွန်မှုရှိမှသာ အသားစားကြက်များ လျင်မြန်စွာကြီးထွားပြီး ဥစားကြက်များမှာလည်း ဥအထွက်နှုန်းကောင်းမွန်စေနိုင်သည်။ ကြက်စာထုတ်လုပ်ရေး ပြောင်း၊ ဆန်ကွဲများကို အဓိကထားအသုံးပြုပြီး ပရိုတင်း(အသားဓာတ်)ရရှိစေသည့် ပဲပုပ်ဖတ်၊ နှမ်းဖတ်၊ ငါးမှုန့်တို့ကို အချိုးကျရောစပ်ပေးရသည်။ ကြက်များ၏အရိုးများ သန်မာစေရန်နှင့် ကြက်ဥခွံများမပျက်စီးစေရန် ကယ်လ်စီယမ်နှင့် သတ္တုဓာတ်များ၊ ဗီတာမင်များကို စနစ်တကျထည့်သွင်းပေးရပေသည်။ ❖

ကျန်းမာကြံ့ခိုင်သော လူသားအရင်းအမြစ် ရေရှည်တည်တံ့ရေးအတွက် နေ့စဉ်မှီဝဲသုံးဆောင်ရမည့်စားရေရိက္ခာများသည် အာဟာရပြည့်ဝဖူလုံရမည်ဖြစ်သည်။ အာဟာရရည်မှန်းချက်များ ချမှတ်မှုနှင့်အတူ ဖူလုံသောစားရေရိက္ခာထုတ်လုပ်ရေး ခရီးလမ်းကို အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် စိုက်ပျိုးမွေးမြူရေးတောင်သူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် အတူတကွလျှောက်လှမ်းရမည်ဖြစ်သည်။ ကြက်မွေးမြူသည့် တောင်သူများ၏ အစာလိုအပ်ချက်၊ ငွေကြေးအရင်းအနှီး၊ ခေတ်အလိုက်နည်းပညာပြောင်းလဲမှု၊ ရာသီဥတုနှင့် လိုက်လျောညီထွေဖြည့်ဆည်းရေးလုပ်ငန်းများတွင် စီးပွားရေးတူ၊ လုပ်ငန်းတူသူများ ပူးပေါင်းပါဝင်မှုဖြင့် အတူတကွ အဖြေရှာဆောင်ရွက်ရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**– မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏**
**"ဥစားကြက်မွေးမြူရေး"စာစောင်**

# Vice-President U Nyo Saw inspects the implementation of regional development projects in Myeik and Dawei, Tanintharyi Region




Vice-President U Nyo Saw visits the OK Yadanar high-quality rice mill.

**Nay Pyi Taw October 17**

Vice-President U Nyo Saw, accompanied by Union Minister for Cooperatives and Rural Development U Myo Zaw Thein, Lieutenant General Kyaw Lin Maung from the Office of the Commander-in-Chief (Army), Tanintharyi Region Chief Minister U Zaw Naing Oo, Coastal Region Command Commander Brigadier General Ye Win Aung, deputy ministers and officials, inspected locally based micro, small and medium-sized enterprises (MSMEs) in Myeik, Tanintharyi Region, this morning, including Myanmar Marco Industry Co., Ltd., which produces canned fish as an import-substitution initiative using locally sourced raw materials, and the OK Yadanar high-quality rice mill, which has a daily milling capacity of more than 100 tonnes, to observe its operations and rice milling and production processes.

The Vice-President and party then visited the fish auction market and a site designated for fishery operations in Myeik to study project activities and inspect the trading of fish, prawns and other fishery products at the auction market.

In the afternoon, Vice-President U Nyo Saw and his delegation arrived in Dawei and inspected the flow of the Dawei River and the site designated for the traditional Dawei Thabeik Hmyaw (floating alms-bowl) festival; the Shwe U-Aw traditional Dawei weaving workshop—which operates using a solar-powered electricity system and produces various types of traditional Dawei longyis (sarongs)—as well as the production of various cakes at Kyaw Kyaw Bakery; and the site earmarked for the construction of a modern market in Dawei. The Regional Chief Minister and officials provided explanations on the respective projects and sectors.

The Vice-President then visited Lawka Marazein Pagoda in Dawei, paid homage, made donations and toured the pagoda compound.

He subsequently attended and delivered an address at a meeting with the Region Chief Minister, members of the Region Government and departmental officials at the Region Government Office.

During the meeting, Vice-President U Nyo Saw said his visit was aimed at ensuring the successful implementation of directives issued by the President during his visit to Tanintharyi Region to promote economic and agricultural development and livestock breeding, as well as the production and export of MSME products. He discussed the need to support the development of agriculture- and livestock-based MSMEs, conduct research to expand coffee and cocoa cultivation for international markets, work collectively to achieve regional self-sufficiency in rice and cooking oil, encourage the expansion of livestock farming suited to local conditions, address the needs of recovery and rehabilitation efforts in Launglon, and promptly implement preparedness and preventive measures across relevant sectors against natural disasters that could arise from the El Niño weather phenomenon.

The Regional Chief Minister then reported on the implementation of the directives issued by the Head of State; annual agricultural and livestock production, output and regional food self-sufficiency; trade and revenue earnings by year; natural disasters and the resulting damage and losses; rescue and rehabilitation efforts; and plans for further implementation. The Union Minister and deputy ministers also made supplementary presentations on necessary matters.

Vice-President U Nyo Saw subsequently reviewed and discussed the reports, coordinated the necessary measures, and delivered concluding remarks before the meeting ended in the evening.

MNA

# All sown acreage of sunflower harvested in Pale Township

**Pale October 17**

According to the township Agriculture Department, local farmers harvested all sown acreage of sunflower in Pale Township of Sagaing Region this year.

Pale Township cultivated up to 3,225 acres of sunflower during this year's monsoon crop season. Harvesting of the sunflower fields began in August, and all the cultivated acreage has now been fully harvested, with an average yield of 26.05 baskets per acre.

"During this year's monsoon crop season, 3,225 acres of sunflower were cultivated in Pale Township. At present, all the cultivated sunflower acreage has been fully harvested. We will make efforts to expand sunflower cultivation, as an oilseed crop, in order to reduce reliance on imported palm oil. Sunflower produces more oil per acre than other oil crops such as groundnut and sesame," said Daw Khin Lay Nwe, Head of the Pale Township Agriculture Department.

To expand sunflower cultivation in Pale Township, the Township Agriculture Department has stepped up agricultural extension training and educational programmes. It has also intensified training to enhance the capacity and skills of departmental staff and farmers who plan to cultivate sunflower.

This year, arrangements have also been made to provide sunflower seeds to farmers in Pale Township, sell urea fertilizer at affordable prices, and distribute sunflower seeds produced by farmers through farmer-to-farmer seed exchange systems.

206



Sunflower being harvested using machinery in a field.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Another 5-storey illegal building used in online scam/ gambling in Shwe Kokko (Part-II) demolished

**Ongoing systematic demolition of a 5-story building in Part-II of the Shwe Kokko area, which was used for committing online gambling offenses.**



Before demolition.



Demolition using machinery.

**Nay Pyi Taw October 17**

As a national responsibility, the government has placed emphasis on combat against online scams and gambling and systemically carried out the total demolition of illegal buildings in Shwe Kokko (Part-II), where majority of online scams and gambling were operated, so that they cannot be used again for such crimes.

In doing so, the demolition of a 5-storey building being demolished with the use of machinery out of illegal buildings used in online scams and gambling in Shwe Kokko (Part-II) completed 100 percent today while the demolition of another 5-storey illegal building has completed 80 percent so far.

A total of 63 buildings used in online scams and gambling in Shwe Kokko (Part-II) were classified into those to be demolished with the use of machinery, to be detonated and to be knocked down manually floor by floor due to their proximity and systematic demolition works were being carried out. As a 5-storey building was knocked down today, 58 buildings were left for demolition. Plans are reportedly underway to level them down systematically.

In cooperation with neighboring and regional countries, the government has placed a special emphasis on complete eradication of online scams and gambling, which has posed a threat to the global socio-economic arena and national security. 100

# More than 3,000 acres of green gram reaped in Myinmu Township

**Myinmu October 17**

Local farmers have harvested more than 3,000 acres of green gram in Myinmu Township of Sagaing Region, according to the Myinmu Township Agriculture Department.

Myinmu Township has cultivated up to 18,402 acres of green gram during this year's monsoon crop season. Harvesting of the green gram fields began in September, and 3,535 acres have been harvested to date, with an average yield of 13 baskets per acre.

"During this year's monsoon crop season, 18,402 acres of green gram have been cultivated in Myinmu Township. The green gram fields are currently being harvested, and more than 3,000 acres have been harvested to date. Regarding green gram cultivation, we provide farmers with agricultural extension services to encourage expanded cultivation and promote the use of quality and pure seeds to achieve good yields," said U Soe Paing, Head of the Myinmu Township Agriculture Department.

This year, the Myinmu Township Agriculture Department has provided farmers cultivating green gram with agricultural extension services on the use of quality and pure seeds suitable for local conditions, proper cultivation methods, pest and disease prevention, systematic use of fertilizers, and measures to achieve higher yields.

During this year's monsoon crop season, the department has been working together with farmers cultivating various types of pulses to provide the necessary quality and pure seeds, agricultural inputs, and post-harvest technologies to improve crop yields and quality. 206



A thriving green gram plantation.

# YeU Township harvests all plantations of green gram

**YeU October 17**

Statistics of YeU Township Agriculture Department stated that local farmers have reaped all sown acreage of green gram in the township.

YeU Township has cultivated up to 1,054 acres of green gram during this year's monsoon crop season. Harvesting of the green gram fields began in September, and all 1,054 acres have now been fully harvested, with an average yield of 13.60 baskets per acre.

"During this year's monsoon crop season, only 1,054 acres of green gram were cultivated in YeU Township. At present, all the cultivated acreage has been fully harvested. Regarding green gram cultivation, we have provided farmers with extension services to encourage expanded cultivation and to promote the use of quality and pure seeds to achieve good yields," said Daw Aye Nyein Thant, Head of the YeU Township Agriculture Department.

This year, the YeU Township Agriculture Department has provided farmers cultivating green gram with agricultural extension services on the selection of quality and pure seeds suitable for local conditions, proper cultivation methods, pest and disease prevention, systematic use of fertilizers, and measures to achieve higher yields.

It is also reported that, during this year's monsoon crop season, the department has been working together with farmers cultivating various types of pulses to provide the necessary quality and pure seeds, agricultural inputs, and post-harvest technologies to improve crop yields and quality. 206

# Budalin Township earmarks cultivation of more than 50,000 acres of chickpea

**Budalin October 17**

According to the agricultural data compiled by Budalin Township Agriculture Department, local farmers plan to grow 52,110 acres of chickpea in Budalin Township of Sagaing Region this year.

During the 2026-2027 winter crop season, 52,110 acres of chickpea are planned to be cultivated in Budalin Township. Cultivation will be carried out from October to December this year, according to reports.

"During the upcoming winter crop season in Budalin Township, we have set a target of cultivating 52,110 acres of chickpea. We will make efforts to meet the targeted acreage. Chickpea cultivation has been increasing year by year. In cooperation with farmers, we will provide the necessary quality and pure seeds, agricultural inputs and post-harvest technology to improve the yield and quality of pulse crops," said U Phyo Wai, Head of the Budalin Township Agriculture Department.

It is reported that farmers select and cultivate Yezin-8 and Yezin-11 chickpea varieties, which are suitable for local conditions and provide good yields. The cost of cultivating one acre of chickpea is more than K300,000.

During this year's winter crop season, the department is working together with farmers to provide the necessary quality and pure seeds, agricultural inputs and post-harvest technologies to improve the yield and quality of various pulse crops. It will also coordinate with model farmers to conduct awareness-raising and extension activities encouraging the use of beneficial Trichoderma fungi during the pulse cultivation season.

Sagaing Region is the region with the largest area under pulse cultivation and production in Myanmar. In addition to being cultivated as a major crop, pulses can also be grown as multiple or intercropped crops, and farmers therefore cultivate them as income-generating crops. 206

# ဆွီဒင်နိုင်ငံက Gripen E/F တိုက်လေယာဉ်အင်ဂျင်နည်းပညာစွမ်းရည်မြှင့်တင်ရန် ပြည်တွင်းကုမ္ပဏီနှစ်ခုနှင့်ပူးပေါင်းဆောင်ရွက်မည်



ဆွီဒင်နိုင်ငံသည် Gripen E/F တိုက်လေယာဉ်များ၏ အင်ဂျင်နည်းပညာစွမ်းရည်မြှင့်တင်ရန် ပြည်တွင်းကုမ္ပဏီနှစ်ခုဖြစ်သော Saab ကုမ္ပဏီ၊ GKN Aerospace ကုမ္ပဏီတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Gripen တိုက်လေယာဉ်မျိုးကွဲသစ်များ၏ အင်ဂျင်ဆိုင်ရာလုပ်ငန်းများတွင် GKN Aerospace ကုမ္ပဏီကို Saab ကုမ္ပဏီ၏ မိတ်ဖက်အဖြစ်သတ်မှတ်သည့် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ၎င်းအစီအစဉ်အရ GKN Aerospace ကုမ္ပဏီသည် နည်းပညာကျွမ်းကျင်မှု၊ အင်ဂျင်နီယာဆိုင်ရာလုပ်ဆောင်နိုင်စွမ်းနှင့် စီမံကိန်းအတွက် လိုအပ်သောပံ့ပိုးကူညီမှုများကို ဖြည့်ဆည်းပေးခြင်းဖြင့် အင်ဂျင်ဆိုင်ရာလုပ်ငန်းများတွင် တဖြည်းဖြည်းပိုမိုအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်သည်။

ဆွီဒင်အစိုးရက အဆိုပါကုမ္ပဏီနှစ်ခုကို Gripen E/F တိုက်လေယာဉ်အင်ဂျင်နှင့် ပတ်သက်သည့် ပြည်တွင်းနည်းပညာကျွမ်းကျင်မှုများ တည်ဆောက်မြှင့်တင်ရန် တာဝန်ပေးအပ်ထားခြင်းဖြစ်သည်။ သို့သော် ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ အသေးစိတ်အချက်အလက်များနှင့် အကောင်အထည်ဖော်မည့် အချိန်ဇယားကိုမူ ထုတ်ပြန်ခြင်းမရှိသေးပေ။

Saab နှင့် GKN Aerospace ကုမ္ပဏီတို့သည် ယခင်မျိုးဆက် Gripen C/D တိုက်လေယာဉ်များတွင် အသုံးပြုသည့် အင်ဂျင်ဆိုင်ရာလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီးဖြစ်သည်။ယခုသဘောတူညီချက်သည် ထိုပူးပေါင်းဆောင်ရွက်မှုကို Gripen E/F မျိုးဆက်သစ်များထိ တိုးချဲ့လိုက်ခြင်းဖြစ်သည်။ ဆွီဒင်နိုင်ငံသည် သက်တမ်းကြာမြင့်လာသည့် တိုက်လေယာဉ်အုပ်စုကို အစားထိုးရန် Gripen E/F တိုက်လေယာဉ်များကို စတင်မိတ်ဆက်အသုံးပြုလျက်ရှိကြောင်း သိရသည်။

အင်ဂျင်ဆိုင်ရာ သဘောတူညီချက်သည် Gripen တိုက်လေယာဉ်ထုတ်လုပ်ရေးဆိုင်ရာ စက်ကိရိယာများနှင့် စီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွီဒင်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ပြုလုပ်နေချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

Saab ကုမ္ပဏီသည် Gripen စီမံကိန်း၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ၂၀၂၈ ခုနှစ်ထိ ပံ့ပိုးဆောင်ရွက်ရန် အမှာစာတစ်ရပ်ရရှိခဲ့သည်။ ၎င်းလုပ်ငန်းများတွင် စမ်းသပ်လေယာဉ်များ၊ စမ်းသပ်ကိရိယာများနှင့် လက်ရှိစနစ်များကို စမ်းသပ်အတည်ပြုခြင်း၊ စွမ်းရည်အသစ်များ ဖော်ဆောင်ခြင်းတို့အတွက်အသုံးပြုသည့် လေ့ကျင့်ရေးသရုပ်တူစနစ်များကို ပံ့ပိုးပေးခြင်းတို့ ပါဝင်သည်။

ထို့ပြင် ၂၀၂၅ ခုနှစ် ဇွန်လတွင် ဆွီဒင်ကာကွယ်ရေးပစ္စည်း စီမံခန့်ခွဲရေးအဖွဲ့သည် Gripen E တိုက်လေယာဉ်များ ထုတ်လုပ်ရေးအတွက် အပိုပစ္စည်းကိရိယာများ ထပ်မံမှာယူခဲ့သည်။

ဆွီဒင်နိုင်ငံသည် Gripen မျိုးဆက်သစ်တိုက်လေယာဉ်များကို ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေးကိုလည်း ဆက်လက်ကြိုးပမ်းလျက်ရှိသည်။ ယူကရိန်းနိုင်ငံက Gripen E/F တိုက်လေယာဉ်အစင်းရေ ၂၀ ဝယ်ယူရန် ရည်ရွယ်ထားကြောင်း ၂၀၂၆ ခုနှစ် မေလက ကြေညာခဲ့သည်။ ထို့ပြင်ဆွီဒင်သည် ၎င်း၏လက်ရှိလေယာဉ်အုပ်စုမှ Gripen C/D တိုက်လေယာဉ် ၁၆ စင်းထိ ယူကရိန်းသို့ ပံ့ပိုးရန်လည်း စီစဉ်ထားကြောင်း သိရသည်။

ထိုင်းနိုင်ငံကလည်း ၂၀၂၅ ခုနှစ် ဩဂုတ်လတွင် Gripen E/F တိုက်လေယာဉ် လေးစင်းကို အမေရိကန်ဒေါ်လာ ၅၂၉ သန်းခန့်တန်ဖိုးရှိ သဘောတူညီချက်ဖြင့် မှာယူခဲ့သည်။ အဆိုပါအမှာစာတွင် တစ်ယောက်စီး Gripen E သုံးစင်းနှင့် နှစ်ယောက်စီး Gripen F တစ်စင်းပါဝင်ပြီး လေယာဉ်များကို ၂၀၃၀ ပြည့်နှစ်ထိ အပြီးသတ်ပေးပို့သွားရန် စီစဉ်ထားကြောင်း သိရသည်။

**Saab, GKN Expand Gripen Engine Work as Sweden Builds Expertise** ကို ဘာသာပြန်ဆိုထားပါသည်။

# အစ္စရေးနိုင်ငံက မိုးပျံပူဖောင်းတွင်တပ်ဆင်နိုင်သော ရေဒါစနစ်သစ်ကို အမေရိကန်ကြည်းတပ်ပြပွဲ၌ ထုတ်ဖော်ပြသ

အစ္စရေးလေကြောင်းနှင့် အာကာသလုပ်ငန်းများကုမ္ပဏီ (Israel Aerospace Industries – IAI) သည် မိုးပျံပူဖောင်းတွင် တပ်ဆင်နိုင်သော ရေဒါစနစ်သစ်တစ်ခုကို ယခုသီတင်းပတ်အတွင်း ဝါရှင်တန်မြို့၌ ကျင်းပသည့် အမေရိကန်ကြည်းတပ်ပြပွဲတွင် ထုတ်ဖော်ပြသခဲ့ကြောင်း Defence Blog သတင်းဌာနက အောက်တိုဘာ ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

POINT@AIRဟုအမည်ပေးထားသော အဆိုပါစနစ်သည် မြေပြင်အထက် မြင့်မားသောနေရာတွင် အချိန်ကြာမြင့်စွာ ဆက်တိုက်ထိန်းသိမ်းထားနိုင်သည့် ဟီလီယမ်ဓာတ်ငွေ့ဖြင့် လွှတ်တင်ထားပြီး ကြိုးဖြင့်ချည်နှောင်ထားသော မိုးပျံပူဖောင်းတစ်ခုပေါ်၌ AESA ရေဒါတစ်ခုကို တပ်ဆင်ထားခြင်းဖြစ်သည်။ IAI ကုမ္ပဏီ၏ ဖော်ပြချက်အရ အဆိုပါရေဒါစနစ်သည် လေကြောင်း၊ ရေကြောင်းနှင့် မြေပြင်ပစ်မှတ်အများအပြားကို ထောက်လှမ်းခြေရာခံနိုင်ခြင်း၊ ဦးစားပေးသတ်မှတ်နိုင်ခြင်းနှင့် ရရှိလာသောအချက်အလက်များကို ကွပ်ကဲရေးနှင့် ထိန်းချုပ်ရေးစနစ်များထံသို့ ချက်ချင်းပေးပို့နိုင်စွမ်းရှိကြောင်း သိရသည်။ ထို့ပြင် ၎င်းစနစ်ကို လျင်မြန်စွာရွှေ့ပြောင်းနိုင်ပြီး အမြဲတမ်းတပ်စွဲနိုင်သည့် အခြေခံအဆောက်အအုံများလည်း လိုအပ်မည်မဟုတ်ကြောင်း၊ ရေဒါ၏ အကွာအဝေး၊ မိုးပျံပူဖောင်းပျံသန်းနိုင်သည့် အမြင့်၊ လေပေါ်တွင် အချိန်မည်မျှကြာကြာ ဆက်တိုက်တည်ရှိနိုင်သည်၊ ဝန်ထမ်းအင်အား မည်မျှလိုအပ်သည် သို့မဟုတ် ဈေးနှုန်းမည်မျှရှိသည် စသည့် အသေးစိတ်အချက်အလက်များ၊ ဝယ်ယူမည့်ဖောက်သည်နိုင်ငံများကို IAI ကုမ္ပဏီက ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးပေ။

မြေပြင်အထက်သို့ ရေဒါကို မြှင့်တင်အသုံးပြုခြင်းဖြင့် မြေပြင်အခြေစိုက်ရေဒါများအတွက် ပစ်မှတ်များအနီးသို့ ရောက်ရှိလာသည်ထိ မမြင်တွေ့နိုင်အောင် တားဆီးပိတ်ဆို့နေသည့် တောင်ကုန်းများ၊ အဆောက်အအုံများကို ကျော်လွန်၍ ထောက်လှမ်း မြင်တွေ့နိုင်စေမည်ဖြစ်သည်။ POINT@AIR စနစ်သည် IAI ကုမ္ပဏီ၏ ELM–2083 ရေဒါမျိုးဆက်များကို အခြေခံထားခြင်းဖြစ်သည်။ ကုမ္ပဏီ၏ ဖော်ပြချက်အရ ၎င်း၏ရေဒါသည် လှိုင်းထုတ်လွှင့်မှုကို လမ်းကြောင်းနှစ်ဖက်စလုံးဖြင့် အီလက်ထရွန်နစ်စနစ်အတိုင်း လမ်းညွှန်ပေးနိုင်ရုံသာမက ဒီဂရီ ၃၆၀ အပြည့်အဝ လွှမ်းခြုံနိုင်ရန်အတွက် စက်မှုပိုင်းဆိုင်ရာဖြင့် လှည့်ပတ်ပေးနိုင်စွမ်းရှိကြောင်း သိရသည်။





မူလ ELM–2083 ရေဒါသည် မိုးပျံပူဖောင်းများဖြင့် သယ်ဆောင်ရသည့် L-band အမျိုးအစား ကြိုတင်သတိပေးရေဒါကြီးတစ်ခုဖြစ်ပြီး အစ္စရေးနိုင်ငံ၏ Arrow ဒုံးကျည်ကာကွယ်ရေးစနစ်တွင် အသုံးပြုသည့် Green Pine ရေဒါမှ ဆင်းသက်လာခဲ့ခြင်းဖြစ်သည်။ IAI ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီဖြစ်သော ELTA Systems က ၎င်းကို အိန္ဒိယနိုင်ငံအပါအဝင် နိုင်ငံအများအပြားသို့ တင်သွင်း တပ်ဆင်ပေးခဲ့ပြီးဖြစ်သည်။ ယခု POINT@AIR စနစ်သည် ထိုကဲ့သို့သောနည်းပညာအယူအဆကို တပ်ဖွဲ့များနှင့်အတူ အလွယ်တကူလိုက်ပါ ရွှေ့ပြောင်းနိုင်သည့် ပိုမိုငယ်ရွယ်ပြီး ခရီးဆောင်စနစ်တစ်ခုအဖြစ် ဖန်တီးလာခြင်းဖြစ်သည်။

မိုးပျံပူဖောင်းတွင် တပ်ဆင်သည့် ရေဒါစနစ်များသည် အမေရိကန်ကြည်းတပ်နှင့်ပတ်သက်လာလျှင် ရောထွေးနေသည့် သမိုင်းကြောင်းရှိခဲ့ဖူးသည်။ အမေရိကန်စစ်ဘက်အနေဖြင့် အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ရှိ စခန်းများကို စောင့်ကြည့်ရန်အတွက် ကင်မရာငယ်များတပ်ဆင်ထားသည့် ပူဖောင်းငယ်များကို အသုံးပြုခဲ့ဖူးသော်လည်း ၂၀၁၅ ခုနှစ်တွင် မေရီလန်းပြည်နယ်ရှိ ၎င်း၏ ချည်နှောင်ထားရာနေရာမှ ပူဖောင်းတစ်စင်းပြုတ်ထွက်သွားကာ ပင်ဆယ်ဗေးနီးယားပြည်နယ်ပေါ်ထိ မျောပါသွားခဲ့ပြီးနောက် အလွန်ကြီးမားလှသည့် JLENS ခရုဇ်ဒုံးကျည်ကာကွယ်ရေး အစီအစဉ်ကို ဖျက်သိမ်းခဲ့ရဖူးကြောင်း သိရသည်။

**Israel brings a balloon–borne radar to the U.S. Army show** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၁၂၉၂ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဂျုံစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၁၂၉၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် ဂျုံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၂၅၀၊ ဘုတလင်မြို့နယ်တွင် ၄၅၃ ဧက၊ အရာတော်မြို့နယ်တွင် ၁၈ ဧကနှင့် ချောင်းဦးမြို့နယ်တွင် ဧက ၁၂၀၀ စုစုပေါင်း ၁၂၉၂ ဧကတို့ ဖြစ်ကြောင်း၊ အဆိုပါ ဂျုံစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလ စတုတ္ထအပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ ဂျုံ ၁၂၉၂ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ဂျုံစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တောင်သူတွေကို အသိပညာပေး ဆွေးနွေးတာတွေ၊ ဂျုံအထွက်တိုးဖို့ ရေသွင်းပြီး မြေဩဇာကျွေးဖို့ နှန်းသားတွေ၊ ပေါင်းရှင်းဖို့၊ မျိုးကောင်းမျိုးသန့် တွေသုံးစွဲဖို့ ဆောင်ရွက်ပေးသွားပါမယ်"ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါက်တာ တင်မာမာဦးက ပြောပြသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံသီးနှံအားလုံး လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေး ဂျုံများအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်း ဂျုံများ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျုံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# သာပေါင်းမြို့နယ်တွင် ပေါ်ဆန်းဆန်များ အရောင်းအဝယ်ကောင်းမွန်နေ

**သာပေါင်း အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ပေါ်ဆန်းဆန်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သာပေါင်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ ယနေ့ထိ ဒေသထွက် ပေါ်ဆန်းဆန်များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ ပေါ်ဆန်းဆန်များ တစ်ရက်လျှင် ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀ နှင့်အထက် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

"ပေါ်ဆန်းဆန်အမျိုးအစားက အခြားဆန်တွေထက် တော်တော်လေး အရောင်းအဝယ်ဖြစ်လာပါတယ်။ ပြည်တွင်းစားသုံးအားကောင်းလာတာကြောင့် အခုလို အရောင်းအဝယ်ကောင်း လာတာပါ။ လက်ရှိ ဒေသထွက်ပေါ်ဆန်းဆန်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူအားကောင်းနေပါတယ်။ အရောင်းအဝယ်ကောင်းလာတော့ ဆန်စပါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင် အခွင့်အလမ်း ရရှိလာတာ တွေ့ရပါတယ်" ဟု သာပေါင်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။




သာပေါင်းမြို့နယ်တွင် ပေါ်ဆန်းဆန်အိတ်များအပါအဝင် အခြားဆန်များကို စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မင်းတုန်းမြို့နယ် ကူဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းတုန်း အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ကူဖြူကျေးရွာ၌ အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ကူဖြူကျေးရွာ၌ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ရန်ပုံငွေများ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၃ ဒသမ ၄ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကူဖြူကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူစုစုပေါင်း အသင်းသား၊ အသင်းသူ ၈၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၃ ဒသမ ၄ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဆက်လူ**




# ဇီးကုန်းမြို့နယ် ပေါင်ကြီးကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းနေမှု စစ်ဆေး



**ဇီးကုန်း အောက်တိုဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကြီးကုန်း ကျေးရွာအုပ်စု ပေါင်ကြီးကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေနှင့် ပြည်သူ့ထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများမှ အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင်များနှင့်တွေ့ဆုံကာ ပေါင်ကြီးကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ် ပေါင်ကြီးကျေးရွာ၌ လမ်းအရှည်ပေ ၁၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၄၇ သန်း စုစုပေါင်းငွေကျပ် ၁၈ ဒသမ ၄၇ သန်းအသုံးပြုကာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာ ၂၇ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကိုညို**



**ရှေ့ဖုံးမှအဆက်**

အလတ်စားစီးပွားရေး(MSMEs) လုပ်ငန်းများဖြစ်သည့် မြန်မာမာကိုအင်ဒတ်စထရီကုမ္ပဏီလီမိတက်၏ နိုင်ငံခြားသွင်းကုန်အစားထိုးငါးသေတ္တာစည်သွပ်ဘူးထုတ်လုပ်နေမှု၊တစ်ရက်လျှင် တန် ၁၀၀ ကျ OKရတနာအဆင့်မြင့်ဆန်စက် လည်ပတ်ဆောင်ရွက်နေမှုနှင့် ဆန်ကြိတ်ခွဲထုတ်လုပ်နိုင်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မြိတ်မြို့ရှိ ငါးလေလံဈေးနှင့် ငါးလုပ်ငန်းများဆောင်ရွက်မည့် နေရာသို့ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုလေ့လာကာ ငါးလေလံဈေး၌ ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ထားဝယ်မြို့သို့ရောက်ရှိပြီး ထားဝယ်မြစ်ရေစီးဆင်းမှုနှင့် ထားဝယ်ရိုးရာသပိတ်မျှောပွဲကျင်းပမည့် နေရာကိုလည်းကောင်း၊ ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ်ဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိသည့် ရွှေဥဩထားဝယ်ရိုးရာ ရက်ကန်းစက်ရုံ၏ ထားဝယ်ရိုးရာ လုံချည်အမျိုးမျိုးထုတ်လုပ်နေမှုနှင့် ကျော်ကျော်မုန့်တိုက်၏ ကိတ်မုန့်အမျိုးမျိုး ထုတ်လုပ်နေမှုကိုလည်းကောင်း၊ ထားဝယ်မြို့ အဆင့်မြင့်ဈေးတည်ဆောက်ရန် သတ်မှတ်လျာထားသည့်မြေနေရာကိုလည်းကောင်း လှည့်လည်ကြည့်ရှုရာ



ဒုတိယသမ္မတ ဦးညိုစော မြိတ်မြို့ရှိ တစ်ရက်လျှင် တန် ၁၀၀ ကျ OK ရတနာအဆင့်မြင့်ဆန်စက် လည်ပတ်ဆောင်ရွက်နေမှုနှင့် ဆန်ကြိတ်ခွဲထုတ်လုပ်နိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ထားဝယ်မြို့ရှိ လောကမာရဇိန်ဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်ကာ စေတီတော်ပရိဝုဏ်အတွင်း လှည့်လည်ကြည်ညိုသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

တွေ့ဆုံစဉ် ဒုတိယသမ္မတက နိုင်ငံတော်သမ္မတ တနင်္သာရီတိုင်းဒေသကြီးသို့ လာရောက်သည့်ခရီးစဉ်တွင် လမ်းညွှန်မှာကြားခဲ့သည့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ MSME ထုတ်ကုန်များထုတ်လုပ်တင်ပို့နိုင်ရေးဆိုင်ရာ လမ်းညွှန်ချက်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး လိုအပ်သည်များကို ဆောင်ရွက်နိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်ရန်၊ နိုင်ငံတကာဈေးကွက်ရှိသည့် ကော်ဖီနှင့် ကိုကိုး တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊ တိုင်းဒေသကြီးအတွင်း ဆန်နှင့် ဆီဖူလုံမှုရှိအောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန်၊ ဒေသနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့မွေးမြူနိုင်ရေး အားပေးဆောင်ရွက်ရန်၊ လောင်းလုံးသဘာဝဘေးပြန်လည်ထူထောင်ရေးကိစ္စရပ်များကို လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သက်ရောက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် အချိန်မီအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အသေးစိတ်ဆွေးနွေးပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲလမ်းညွှန်မှာကြားမှုများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊တိုင်းဒေသကြီး၏ခုနှစ်အလိုက် စိုက်ပျိုး၊ မွေးမြူရေးဆောင်ရွက်ခဲ့မှု၊ ထွက်ရှိမှုနှင့် ဒေသတွင်းဝမ်းစာဖူလုံမှုအခြေအနေ၊ နှစ်အလိုက် ကုန်သွယ်ခဲ့မှုနှင့် ဝင်ငွေရရှိခဲ့မှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ခဲ့မှု၊ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှု၊ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက လိုအပ်သည်များကို ဖြည့်စွက်တင်ပြကြသည်။

ဆက်လက်၍ ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍ တွေ့ဆုံပွဲကို ညနေပိုင်းတွင်ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပသည့် ကမ္ဘာ့အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာ ပညာရေးဖွံ့ဖြိုးတိုးတက်မှုညီလာခံ ၂၀၂၆သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တက်ရောက်




**နေပြည်တော် အောက်တိုဘာ ၁၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထျန်းကျင်းမြို့၌ အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက်ထိ ကျင်းပသည့် ကမ္ဘာ့အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာ ပညာရေးဖွံ့ဖြိုးတိုးတက်မှုညီလာခံ ၂၀၂၆ (World Vocational and Technical Education Development Con–ference 2026)သို့တက်ရောက်ရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ဦးဆောင်သည့် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးပါဝင်သောကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၄ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထျန်းကျင်းမြို့သို့ ရောက်ရှိသည်။

အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Guangxi Edu–cation Councilမှ တာဝန်ရှိသူများ၊ Guangxi Economic and Trade Vocational Insti–tute မှ ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများကို လက်ခံတွေ့ဆုံခဲ့ပြီး နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေး (Technical and Vocational Education and Training–TVET) ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ဆရာ၊ ဆရာမများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးတိုးတက်ရေး၊ သင်ကြားမှုဆိုင်ရာ နည်းပညာ၊ AIနည်းပညာနှင့် အတွေ့အကြုံများဖလှယ်ရေးနှင့် ပညာရေးအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့အတူ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသွင်အောင်နှင့် တာဝန်ရှိသူများသည် Guangxi Economic and Trade Vocational Institute မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ MSME လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ယင်းနေ့ ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညီလာခံသို့တက်ရောက်လာကြသည့် နိုင်ငံပေါင်း ၅၅ နိုင်ငံမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့်အတူ ညီလာခံကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

အောက်တိုဘာ ၁၆ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် "TVET:Co–Embracing Change, Co–Forging Standards, Co–Creating Future"ဟူသော ဦးတည်ချက်ဖြင့် ကျင်းပသည့် ကမ္ဘာ့အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာ ပညာရေးဖွံ့ဖြိုးတိုးတက်မှု ညီလာခံ ၂၀၂၆ ဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် "TVET Forging a New Landscape for Regional Cooperation" ခေါင်းစဉ်ဖြင့် ကျင်းပသည့် Parallel session တွင် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရေးသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးပါကြောင်း၊ ပြောင်းလဲလာသော နည်းပညာနှင့် လုပ်ငန်းခွင်လိုအပ်ချက်များကိုဖြည့်ဆည်းနိုင်ရန် ဒီဂျစ်တယ်နည်းပညာ၊ AI ကျွမ်းကျင်မှုများမြှင့်တင်ရန် လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့ပြင် ညီလာခံ၏အဓိကအစီအစဉ်ဖြစ်သည့် ဝန်ကြီးအဆင့်စားပွဲဝိုင်းဆွေးနွေးပွဲ (Ministerial Roundtable)သို့ တက်ရောက်ခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် နိုင်ငံပေါင်း ၅၅ နိုင်ငံ မှ ဝန်ကြီးအဆင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြပြီး ကမ္ဘာ့အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာ ပညာရေးစံနှုန်းများဆိုင်ရာ မူဘောင်(Framework of World Vocational and Technical Educa–tion Standards)တွင်ပါဝင်သည့် အချက်အလက်များ၊ အသုံးအနှုန်းများနှင့် ပြဋ္ဌာန်းချက်များကို ဆွေးနွေးသုံးသပ်ခဲ့ကြကာ နိုင်ငံအသီးသီး၏ ပညာရေးစနစ်၊ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် အမျိုးသားအဆင့်ဦးစားပေး လုပ်ငန်းများအပေါ်အခြေခံ၍ သင့်လျော်မှုရှိ၊ မရှိနှင့် လက်တွေ့အကောင်အထည်ဖော်နိုင်မှုတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညီလာခံပိတ်ပွဲ အခမ်းအနားသို့တက်ရောက်ခဲ့ပြီး World Vocational Skills Competition ပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် အသင်းများ၏ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လက်တွေ့ကျွမ်းကျင်မှုသရုပ်ပြသမှုများကို အားပေးကြည့်ရှုခဲ့သည်။ ညီလာခံတွင် ကမ္ဘာ့အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာ ပညာရေး စံနှုန်းများဆိုင်ရာ မူဘောင်(Framework of World Vocational and Technical Educa–tion Standards) ကို ထုတ်ပြန်ခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့သည် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရေးဆိုင်ရာ Tianjin Modern Vocational Technology College သို့ သွားရောက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ နှစ်နိုင်ငံကြား ပညာရေးဆိုင်ရာပူး ပေါင်းဆောင်ရွက်နိုင်မှုများ၊ MoU MoA ကိစ္စရပ်များ၊ ပညာသင်ဆုကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

ထို့နောက် သင်ကြားလေ့ကျင့်ရေးဆိုင်ရာ အစီအစဉ်များ၊ လက်တွေ့သင်ကြားရေး အထောက်အကူပြုပစ္စည်းများနှင့် နည်းပညာသင်ကြားရေးဆိုင်ရာ အတွေ့အကြုံများကို လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးခင်ရီ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များကို တွေ့ဆုံ

ပဲခူး အောက်တိုဘာ ၁၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(Myanmar Parliamentary Union–MPU) ဒုတိယဥက္ကဋ္ဌ ဦးခင်ရီသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး ဥဿာပြည့်စုံခန်းမ၌ တွေ့ဆုံသည်။




တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဒုတိယဥက္ကဋ္ဌက လွှတ်တော်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ ပြည်ထောင်စုအဆင့်လွှတ်တော်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များကြား လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံတကာလွှတ်တော်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံနိုင်ရေးတို့အတွက် မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့(Myanmar Parliamentary Union–MPU)ကို ဖွဲ့စည်းထားပါကြောင်း၊ မိမိတို့လွှတ်တော်များသည် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပိုင်းခြားထားသော်လည်း မိမိတို့အားလုံးသည် ပြည်သူများကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြသကဲ့သို့ လွှတ်တော်၏တာဝန်သုံးရပ်ဖြစ်သည့် ဥပဒေပြုခြင်း၊ ပြည်သူကိုကိုယ်စားပြုခြင်းနှင့် အခြားမဏ္ဍိုင်များနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်းလုပ်ငန်းများတွင် တူညီကြပါကြောင်း။

မိမိတို့ တာဝန်ထမ်းဆောင်သည့် သက်တမ်းကာလအတွင်း လွှတ်တော်များသည် စွမ်းရည်မြင့်မား၍ ပြည်သူကိုဗဟိုပြုသည့် ခေတ်မီလွှတ်တော်တစ်ရပ်ဖြစ်ထွန်းပေါ်ပေါက်လာရေး အနာဂတ်ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ပြည်သူ့လွှတ်တော်တွင် ပြည်သူ့လွှတ်တော်မဟာဗျူဟာ ငါးနှစ်စီမံကိန်း (၂၀၂၇-၂၀၃၁)ရေးဆွဲထားရှိပြီး ဥပဒေပြုရေးတွင် ထိရောက်မှုရှိရေး၊ စောင့်ကြည့်ထိန်းညှိရေးနှင့်တာဝန်ခံမှုရှိရေး၊ ပြည်သူနှင့် ထိတွေ့၍ ပြည်သူကိုကိုယ်စားပြုရေး၊ နိုင်ငံတကာလွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်ဝန်ထမ်းများစွမ်းရည်မြင့်မားရေး၊ သုတေသနစွမ်းဆောင်ရည်မြင့်မားရေး၊ ဒီဂျစ်တယ်လွှတ်တော်စနစ်ဖွံ့ဖြိုးရေးစသည့် မဟာဗျူဟာရည်မှန်းချက်ခြောက်ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါရည်မှန်းချက် ခြောက်ရပ်အပေါ်မူတည်၍ မိမိတို့တိုင်းဒေသကြီးလွှတ်တော်နှင့်ကိုက်ညီသည့် အချက်များကို နည်းဗျူဟာရေးဆွဲဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကိုယ်စားလှယ်၏တာဝန်များကို ဂုဏ်သိက္ခာရှိစွာဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်ဆိုင်ရာကျင့်ဝတ်စည်းမျဉ်း (Code of conduct) ရေးဆွဲသွားရန် လိုအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့အသံကို အကောင်အထည်ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်မြင့်မားစွာဖြင့် အမြင်ကျယ်ကျယ်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ဥပဒေရေးရာကိစ္စရပ်များတွင်လည်း နှံ့စပ်ကျွမ်းကျင်ရန် လိုအပ်ပါကြောင်း၊ လွှတ်တော်တွင် အရည်အသွေးမြင့်မားသည့် မေးခွန်းနှင့် အဆိုများမေးမြန်းနိုင်ရေးအတွက် ပြည်တွင်းပြည်ပဗဟုသုတများပြည့်စုံကြွယ်ဝရန်လိုအပ်ပြီး လွှတ်တော်သို့ မေးမြန်းသည့်မေးခွန်းနှင့် အဆိုများသည် နိုင်ငံတော်က တရားဝင်ဖော်ပြသည့် အသုံးအနှုန်းဖြစ်ရန်ကိုလည်း သတိပြုရေးသားပြောဆိုဆွေးနွေးရမည်ဖြစ်ပါကြောင်း။

လွှတ်တော်သက်တမ်း နုနယ်သေးသည့်အတွက်လည်း လွှတ်တော်၏ လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် အရှေ့တစ်ခုသို့ရောက်အောင် လိမ္မာပါးနပ်စွာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကို ပြည်သူများပိုမိုသိရှိစိတ်ဝင်စားစေရန်အတွက် မိမိတို့ပြည်သူ့လွှတ်တော်တွင် Know Parliament, See Parliament, Open Parliament အစီအစဉ်များ ကျင့်သုံးဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီးလွှတ်တော်အနေဖြင့်လည်း အခြေအနေအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အကြံပြုလိုပါကြောင်း၊ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များကို အထောက်အကူပြုရသည့် လွှတ်တော်ဝန်ထမ်းများ အနေဖြင့်လည်း နည်းပညာတတ်ကျွမ်းမှု၊ ရုံးလုပ်ငန်းကျွမ်းကျင်မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကို နားလည်တတ်ကျွမ်းပြီး အရည်အသွေးမြင့်မားသည့် ဝန်ထမ်းများဖြစ်စေရေး စဉ်ဆက်မပြတ်လေ့လာသင်ကြားနေရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကဏ္ဍမြင့်မားတိုးတက်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအားလုံးက တက်ညီလက်ညီဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချို်ဦးက ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ လွှတ်တော်ဆိုင်ရာလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# MSME လုပ်ငန်းရှင်များနှင့် အစပျိုးစီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းစွမ်းရည်မြှင့်တင်ရေးအစီအစဉ်တွင်ပါဝင်သည့် သင်တန်းသားများအနေဖြင့် စမ်းသပ်မည့်အကြံဉာဏ်တစ်ခု၊ ရက်ပေါင်း ၃၀ လုပ်ငန်းအစီအစဉ်တစ်ခုဖြင့် စတင်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၇

MSME လုပ်ငန်းရှင်များနှင့် အစပျိုးစီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းစွမ်းရည်မြှင့်တင်ရေးအစီအစဉ်တွင် ပါဝင်သည့် သင်တန်းသားများအနေဖြင့် သင်တန်းပြီးဆုံးချိန်တွင် စမ်းသပ်မည့်အကြံဉာဏ်တစ်ခု၊ ရက်ပေါင်း ၃၀ လုပ်ငန်းအစီအစဉ်တစ်ခုဖြင့် စတင်ဆောင်ရွက်သွားကြစေလိုကြောင်း စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် MSME လုပ်ငန်းရှင်များနှင့် အစပျိုးစီးပွားရေးလုပ်ငန်းရှင်များလုပ်ငန်းစွမ်းရည်မြှင့်တင်ရေး အစီအစဉ်၌ တိုက်တွန်းပြောကြားခဲ့သည်။

ထို့ပြင် လူငယ်များအနေဖြင့် မိမိတို့၏ အသိပညာ၊ ကျွမ်းကျင်မှုနှင့် ဒေသအရင်းအမြစ်များကို အသုံးချဆောင်ရွက်ကြရန် လိုကြောင်း၊ MSME တစ်ခုအောင်မြင်လာပါက အလုပ်အကိုင်များဖန်တီးနိုင်မည်ဖြစ်ပြီး MSME များစွာအောင်မြင်လာပါက ဒေသစီးပွားရေး တိုးတက်လာစေနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ ဒေသစီးပွားရေးများတိုးတက်လာမှုနှင့်အတူ နိုင်ငံ့ထုတ်လုပ်မှု၊ ပို့ကုန်နှင့် နိုင်ငံ့ဝင်ငွေလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် လူမှုအသိုက်အဝန်းနှင့် နိုင်ငံတော်အတွက်ပါ တန်ဖိုးရှိသည့် လုပ်ငန်းများဖန်တီးကြရန်နှင့် ယခုသင်တန်းမှ လက်တွေ့အောင်မြင်သော အစပျိုးစီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွက်လာစေရန်ဆန္ဒပြုကြောင်း ပြောကြားသည်။



ထို့အတူ မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်ဥက္ကဋ္ဌက အစပျိုးစီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းစွမ်းရည်မြှင့်တင်ရေးအစီအစဉ်-၂၀၂၆နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများသည် ခင်းကျင်းပြသထားသည့် MSME ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါအစီအစဉ်ကို အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက် နှစ်ရက်တာကျင်းပသွားမည်ဖြစ်ပြီး ယနေ့ဆွေးနွေးမှုများအဖြစ် တာဝန်ရှိသူများက စီးပွားရေးစတင်ခြင်းမှ ရေရှည်တည်တံ့သော စီးပွားရေးလုပ်ငန်းအဖြစ် တည်ဆောက်ခြင်း၊ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများနှင့် လုပ်ငန်းတိုးချဲ့ရန် အခွင့်အလမ်းများ၊ ဈေးကွက်ဝင်ရောက်မှုမဟာဗျူဟာ၊ စွန့်ဦးတီထွင်လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့ပြင် မျှော်မှန်းချက်မှ လက်တွေ့စီးပွားရေးလုပ်ငန်းဆီသို့ အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များ၏ စီးပွားရေးစတင်တည်ဆောက်မှုခရီးခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**

## တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

**စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည် မဖွံ့ဖြိုး မတိုးတက်စရာ အကြောင်းမရှိပါဘူး။**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)**

## တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီကကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်လေ့ကျင့်ရေးနှင့် ဖွံ့ဖြိုးမှုဦးစီးဌာနတို့ပူးပေါင်းကျင်းပသည့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ လူငယ်စင်တာ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို လူငယ်များအနေဖြင့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်များရရှိစေရန်၊ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းပညာရေးနှင့် လက်တွေ့လုပ်ငန်းနယ်ပယ်တို့ဆက်စပ်မှု ပိုမိုအားကောင်းလာစေရန်နှင့် မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းများမှ ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်နိုင်စေရန်ရည်ရွယ်ပြီးဖွင့်လှစ်ခဲ့ရာ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှ အောက်တိုဘာ ၂၃ ရက်ထိဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက နိုင်ငံအတွင်း၌ရှိသည့် လူငယ်များ အလုပ်အကိုင် အခွင့်အလမ်းများကို နိုင်ငံတော်အစိုးရ၊ အပြည်ပြည်ဆိုင်ရာလူမှုအဖွဲ့အစည်းများ၊ စီးပွားရေးပညာရှင်များနှင့်ပူးပေါင်း၍ လိုအပ်သည့်အခြေခံပညာရေးသင်ယူရင်း အလုပ်လုပ်နိုင်မည့် အလုပ်သင်ပညာရေး CTVET ကို အားပေးပြီး အဆင့်မြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး အလုပ်ဌာနများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့်အတူအလုပ်အကိုင်အခွင့်အလမ်းများကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငွေးက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းဖွင့်ပွဲတွင်ပြသထားသည်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။



(သတင်းစဉ်)

## တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃)မှ အမျိုးသမီးဗိုလ်လောင်းများ နေပြည်တော်အတွင်း လေ့လာရေးဆောင်ရွက်



တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၃)မှ အမျိုးသမီးဗိုလ်လောင်းများ သူရဲကောင်းဗိမာန် (နေပြည်တော်)၌ ဂါရဝပြုစဉ်။



တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၃)မှ အမျိုးသမီးဗိုလ်လောင်းများ တပ်မတော်စစ်သမိုင်းပြတိုက်အတွင်း ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၇**

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး တာဝန်များကို ထမ်းဆောင်ကြမည့် ဗိုလ်လောင်းများအနေဖြင့် ဘုရား၊ စေတီ ပုထိုးများနှင့် အထင်ကရနေရာများကို သွားရောက်လေ့လာခြင်းဖြင့် ဘာသာတရားကိုင်းရှိုင်းမှုနှင့် ဒေသန္တရဆိုင်ရာ ဗဟုသုတရရှိစေရန်၊ တပ်မတော်သမိုင်းနှင့် နိုင်ငံချစ်စိတ်၊ တပ်မတော်ချစ်စိတ်များရှိစေရန်နှင့် အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်ထက်မြက်စေရန် ရည်ရွယ်၍ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃)မှ အမျိုးသမီးဗိုလ်လောင်းများသည် အုပ်ချုပ်သူများ၊ နည်းပြအရာရှိများနှင့်အတူ နေပြည်တော်အတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ဦးစွာ အမျိုးသမီးဗိုလ်လောင်းများသည် အောက်တိုဘာ ၁၆ ရက်တွင် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်လေ့လာကြရာ ဂေါပကများနှင့် တာဝန်ရှိသူများက ဘုရားကြီး၏သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားပြီး ဗိုလ်လောင်းများ၏သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။ ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါမိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံ စေတီများ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒ အိုင်နှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်ကြည်ညိုကြပြီး ဗိုလ်လောင်းများက နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရတနာဆင်ဖြူတော်များကို ဆင်စာများကျွေး၍ ကုသိုလ်ယူကြသည်။

နေ့လယ်ပိုင်းတွင် ဗိုလ်လောင်းများသည် အုပ်ချုပ်သူများ၊ နည်းပြအရာရှိများနှင့်အတူ ဆာဖာရီဥယျာဉ်၊ နက္ခတ်တာရာပြခန်းနှင့်အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး ဗိုလ်လောင်းများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားပေးကြသည်။

ယနေ့နံနက်ပိုင်းတွင်လည်း အမျိုးသမီးဗိုလ်လောင်းများသည် အုပ်ချုပ်သူများ၊ နည်းပြအရာရှိများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ္တသတ္တာဟမဟာဗောဓိစေတီတော် ဗုဒ္ဓဂယာ (နေပြည်တော်) သံဝေဇနီယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) စေတီတော်များကို သွားရောက်ဖူးမြော် ကုသိုလ်ယူကြသည်။

ဆက်လက်၍ နေ့လယ်ပိုင်းတွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့သွားရောက်၍ မြန်မာ့တပ်မတော် စတင်ဖွဲ့စည်းခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်မှအစပြု၍ ခေတ်အဆက်ဆက် တပ်မတော်တွင် အသုံးပြုခဲ့သော စစ်ဝတ်တန်ဆာပလာ အသုံးအဆောင်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြင်ပပြကွက်များနှင့် ပြတိုက်အတွင်း ပြခန်းဆောင်များ၊ လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးများ၏ ပြခန်း၊ ပြကွက်များအလိုက် ခင်းကျင်းပြသထားမှုများကို လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စားစွာ အသက်ကိုပင်ပေးဆပ်ခဲ့ကြသည့် အမွန်မြတ်ဆုံးတုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်များကို ပိုင်ဆိုင်ကြသည့် သူရဲကောင်းတစ်ဦးစီကို မော်ကွန်းတင်ကမ္ပည်းရေးထိုးထားရှိသည့် အထိမ်းအမှတ်ဗိမာန်တစ်ခုဖြစ်သော သူရဲကောင်းဗိမာန် (နေပြည်တော်)သို့ သွားရောက်ဂါရဝပြုခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခိုင်နှင်းစိုး၏ မြန်မာ့သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းပြည်ပဈေးကွက်ချိတ်ဆက်ဆောင်ရွက်ရေး စိန်ခေါ်မှုများ စာတမ်းကောက်နုတ်ချက်

သီဟိုဠ်သရက်အစေ့ (Cashew Nut) သည် သီဟိုဠ်သရက်ပင် Anacardium occidentale ၏ အသီးမှရရှိသော စီးပွားရေးတန်ဖိုးမြင့် သီးနှံထွက်ကုန်ဖြစ်သည်။ သီဟိုဠ် သရက်ပင်သည် အမြဲစိမ်းနှစ်ရှည်ပင်ကြီးမျိုးဖြစ်ပြီး အပူပိုင်းနှင့် အပူပိုင်းခြောက်သွေ့ဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။

**❝ သီဟိုဠ်သရက်ကို တောင်သူဝင်ငွေ တိုးတက်စေသော သီးနှံအဖြစ်မှ ပြည်တွင်းစက်မှုလုပ်ငန်း ဖွံ့ဖြိုးစေသော ကုန်ကြမ်း၊ ထိုမှတစ်ဆင့် တန်ဖိုးမြင့်ထုတ်ကုန် နိုင်ငံခြားဝင်ငွေရှာဖွေပေးသော ပို့ကုန်သီးနှံအဖြစ် ပြောင်းလဲဖော်ဆောင်နိုင်ပါက “လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့” ဆိုသည့် အမျိုးသားအဆင့် ရည်မှန်းချက်ကို သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍမှ အထောက်အကူပြုနိုင်မည် ❞**

သီဟိုဠ်အဆန်သည်ဆိမ့်ပြီး ထူးခြားသောအရသာရှိသဖြင့် တန်ဖိုးမြင့်သရေစာအဖြစ် စားသုံးကြသည့်အပြင် ရေခဲမုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ဒံပေါက်နှင့် အခြားစားသောက်ကုန်များတွင်လည်း ထည့်သွင်း၍ တန်ဖိုးထား စားသောက်အသုံးပြုကြသည်။ ထို့ပြင် သီဟိုဠ်စေ့ အခွံဆီ၊ သီဟိုဠ်သီးမှ ဝိုင်၊ အရက်နှင့် အဖျော်ယမကာများ၊ ယိုနှင့် အခြား တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သဖြင့် သီဟိုဠ်သရက်သည် လယ်ယာကဏ္ဍ၏ ထုတ်ကုန်တစ်မျိုးတည်းသာမက စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ချိတ်ဆက်နိုင်သည့် တန်ဖိုးမြင့်ကွင်းဆက်ရှိသော သီးနှံတစ်မျိုး ဖြစ်သည်။

## မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ

မြန်မာနိုင်ငံ၏သီဟိုဠ်သရက်စိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၂၀-၂၀၂၁ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း စိုက်ဧရိယာသည် ဧက ၂၁၀၀၀၀ ခန့်အတွင်းသာ ရှိနေသဖြင့် သိသိသာသာ တိုးချဲ့စိုက်ပျိုးမှုမရှိကြောင်း တွေ့ရပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စိုက်ဧက – ၂၁၆၄၁၁ ဧက၊ အသီးခူးဧက – ၁၅၄၂၇၈ ဧက၊ အထွက်နှုန်း– ၃၃၀ ဒသမ ၄၁ ပိဿာ/ဧက၊ ထုတ်လုပ်မှု – ၅၀၉၇၄၂၄၆ ပိဿာ ထုတ်လုပ်နိုင်ခဲ့ပါသည်။

### မြန်မာနိုင်ငံ၏ နှစ်အလိုက် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှု

| စဉ် | စိုက်နှစ် | စိုက်ဧက | အသီးခူးဧက | အထွက်နှုန်း (ပိဿာ/ဧက) | အထွက် (အစေ့ကုန်ကြမ်း) | |
|---|---|---|---|---|---|---|
| | | | | | ပိဿာ | တန် |
| ၁။ | ၂၀၂၀-၂၀၂၁ | ၂၁၀၂၂၆ | ၁၅၆၀၃၄ | ၂၉၈.၀၉ | ၄၆၅၁၁၅၀၉ | ၇၅၉၉၉ |
| ၂။ | ၂၀၂၁-၂၀၂၂ | ၂၀၆၂၃၂ | ၁၄၆၂၇၂ | ၃၁၆.၁၁ | ၄၆၂၃၇၅၁၃ | ၇၅၅၅၁ |
| ၃။ | ၂၀၂၂-၂၀၂၃ | ၂၁၆၄၃၉ | ၁၅၀၀၂၈ | ၂၉၀.၈၉ | ၄၃၆၄၁၈၁၁ | ၇၁၃၁၀ |
| ၄။ | ၂၀၂၃-၂၀၂၄ | ၂၀၅၈၇၂ | ၁၅၀၆၂၈ | ၃၃၄.၉၉ | ၅၀၄၅၈၅၇၆ | ၈၂၄၄၉ |
| ၅။ | ၂၀၂၄-၂၀၂၅ | ၂၁၆၄၁၁ | ၁၅၄၂၇၈ | ၃၃၀.၄၁ | ၅၀၉၇၄၂၄၆ | ၈၃၂၉၁ |

ထို့ကြောင့် လက်ရှိကာလတွင် စိုက်ဧရိယာ တိုးချဲ့ခြင်းထက် ရှိပြီးသားဧရိယာ၏ တစ်ဧက အထွက်နှုန်းတိုးတက်အောင် မြှင့်တင်ခြင်းသည် အရေးကြီးသည့် မဟာဗျူဟာတစ်ရပ် ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စိုက်ပျိုးထုတ်လုပ်မှုတွင် တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့သည် သီဟိုဠ်သရက်ကဏ္ဍ၏ အဓိကထုတ်လုပ်သောဒေသများ ဖြစ်ကြပါသည်။ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီးတွင် သီဟိုဠ်သရက် ၇၃၉၂၉ ဧက စိုက်ပျိုးထားရှိပြီး တစ်နိုင်ငံလုံး သီဟိုဠ်စိုက်ဧရိယာ၏ ၃၅ ဒသမ ၈၁ ရာခိုင်နှုန်းဖြင့် မြန်မာနိုင်ငံ၏ သီဟိုဠ်သရက် အများဆုံးစိုက်ပျိုး ထုတ်လုပ်ရာ တိုင်းဒေသကြီးအဖြစ် တွေ့ရှိရပါသည်။

### ၂၀၂၄-၂၀၂၅ ခုနှစ်တွင် သီဟိုဠ်သရက် အဓိကထုတ်လုပ်သောဒေသများ၏ အထွက်နှုန်း နှိုင်းယှဉ်ဖော်ပြချက်

| ဒေသ | စိုက်ဧက | အသီးခူးဧက | အထွက်နှုန်း (ပိဿာ/ဧက) | ထုတ်လုပ်မှု (ပိဿာ) |
|---|---|---|---|---|
| တနင်္သာရီ | ၇၃,၉၂၉ | ၅၅,၅၁၃ | ၂၀၃.၀၄ | ၁၁,၂၇၁,၄၉၉ |
| ဧရာဝတီ | ၆၆,၅၂၉ | ၄၉,၅၉၇ | ၂၂၉.၉၄ | ၁၁,၄၀၄,၄၀၁ |
| ပဲခူး | ၂၃,၈၂၁ | ၂၂,၅၁၅ | ၁၁၅၇.၄၈ | ၂၆,၀၆၅,၃၄၀ |
| ရခိုင် | ၂၁,၉၄၈ | ၁၀,၇၄၈ | ၆၃.၈၆ | ၆၈၆,၃၈၉ |

### သီဟိုဠ်သရက်စိုက်ပျိုးထုတ်လုပ်မှု၏ အဓိကအားသာချက်နှင့် အခွင့်အလမ်းများ

မြန်မာနိုင်ငံတွင် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အားသာချက်များမှာ သီဟိုဠ်သရက်စိုက်ပျိုးနိုင်သော မြေဧရိယာများရှိခြင်း၊ တနင်္သာရီ၊ ဧရာဝတီ၊ ပဲခူးနှင့် ရခိုင်တို့တွင် ရှိပြီးသား ထုတ်လုပ်ရေးအခြေခံရှိခြင်း၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့ကဲ့သို့ အနီးကပ်ဈေးကွက်များ ရှိခြင်း၊ သီဟိုဠ်အဆန်သည် သိုလှောင်၊ သယ်ယူ၊ ပြုပြင်ထုတ်လုပ်နိုင်သော ကုန်ပစ္စည်းဖြစ်ခြင်း၊ ပြည်တွင်းစားသုံးမှုဈေးကွက်ရှိခြင်း၊ အဆန်အပြင် သီဟိုဠ်စေ့ အခွံဆီနှင့် သီဟိုဠ်သီး(apple)ကိုပါ တန်ဖိုးမြင့် အသုံးချနိုင်ခြင်း၊ ကမ္ဘာ့ဈေးကွက်တွင် သီဟိုဠ်စေ့အဆန်နှင့် အခြားထုတ်ကုန်များ၏ ဝယ်လိုအား တိုးလာနိုင်ခြင်းတို့ ဖြစ်သည်။

ထို့ကြောင့်သီဟိုဠ်သရက်ကို ကုန်ကြမ်းထုတ်လုပ်ရောင်းချမှုမှ ပြုပြင်ထုတ်လုပ်၍ တန်ဖိုးမြင့်ထုတ်ကုန်များကို အဓိကထားပြီး ထုတ်လုပ်သည့်ပုံစံသို့ ဦးတည်၍ ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း ပြည်ပဈေးကွက်၌ အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်ပါသည်။

၂၀၂၃-၂၀၂၄ ခုနှစ်တွင် ထုတ်လုပ်နိုင်သော သီဟိုဠ်အဆန် ၂၀၆၁၂ တန်အနက် ပြည်ပတင်ပို့မှုမှာ ၂၅၀၃ ဒသမ ၅၇၅ တန်ရှိပြီး ပြည်တွင်းစားသုံးမှုမှာ ၁၈,၁၀၁ ဒသမ ၄၂၅ တန်ခန့်ရှိ၍ ထုတ်လုပ်မှု၏ ၈၇ ရာခိုင်နှုန်းကျော်မှာ ပြည်တွင်းစားသုံးမှု ဖြစ်ပါသည်။ ထို့ကြောင့် ပြည်တွင်းဈေးကွက်သည်လည်း တန်ဖိုးမြင့်ထုတ်ကုန်များအတွက် အရေးပါသော ဈေးကွက် ဖြစ်သည်။

### သီဟိုဠ်သရက်အဆန် ထုတ်လုပ်ခြင်းနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ

သီဟိုဠ်စေ့ကုန်ကြမ်းမှ အဆန်ထုတ်လုပ်ရာတွင် ကုန်ကြမ်းဝယ်ယူခြင်း၊ သန့်စင်ခြင်း၊ အခြောက်ခံခြင်း၊ ရေနွေးငွေ့ဖြင့် အပူပေးခြင်း၊ အခွံခွဲခြင်း၊ အဆန်အခြောက်ခံခြင်း၊ အမြှေးပါးခွာခြင်း၊ အဆန်၏အဆင့်အတန်းသတ်မှတ်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ ထုပ်ပိုးခြင်းနှင့် ဈေးကွက်တင်ပို့ရောင်းချခြင်း ဟူသည့် လုပ်ငန်းစဉ်များရှိသည်။ အခွံခွဲခြင်းလုပ်ငန်းကို လူအားသုံးစွဲနိုင်သကဲ့သို့ စက်ကိရိယာဖြင့်လည်း အခွံခွဲနိုင်ပါသည်။ သီဟိုဠ်စေ့ကုန်ကြမ်း တစ်ပိဿာလျှင် အစေ့ပေါင်း ၂၅၀ မှ ၃၀၀ ခန့် ပါဝင်ပါသည်။ သီဟိုဠ်စေ့ကုန်ကြမ်း လေးပိဿာလျှင်သီဟိုဠ်အဆန် တစ်ပိဿာခန့် ရရှိပါသည်။ သီဟိုဠ်ဆန် တစ်ပိဿာလျှင် ၁ ဒသမ ၆၄ ကီလို ဂရမ်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာမှ လက်ခံထားသော သီဟိုဠ်သရက်အဆန် အဆင့်အတန်း သတ်မှတ်ချက်များအရ W 180 = (Whole kernel 170–180/pound)၊ W210 = (Whole kernel 200–210/pound)၊ W240 = (Whole kernel 220–240/pound)၊ W 280 = (Whole kernel 260–280/pound)၊ W 320= (Whole kernel 300–320/pound)၊ W 400= (Whole kernel 350–400/pound)၊ W 450= (Whole kernel 400–450/pound) ၊ W 500= (Whole kernel 450–500/pound) ဟူ၍ အဆင့်အတန်း သတ်မှတ်ထားပါသည်။

ထို့ပြင် အဆိုပါ ဈေးကွက်ဝင် သီဟိုဠ်သရက်အဆန်များသာမက သီဟိုဠ်အဆန် အကျိုးအကြေများ၊ လှော်ထားသောအဆန်၊ အရသာထည့်ထားသောအဆန်၊ သီဟိုဠ်နို့၊ သီဟိုဠ်ထောပတ်၊ ဝိုင်၊ ယို၊ အစားအသောက် လုပ်ငန်းသုံးပစ္စည်းများနှင့် သီဟိုဠ်စေ့ အခွံဆီတို့ကိုလည်း တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ဖော်ဆောင်နိုင်သည်။

အထူးသဖြင့် မြန်မာနိုင်ငံသည် လက်ရှိတွင် W400 ကဲ့သို့ အဆန်အရွယ်အစားငယ်သော သီဟိုဠ်သရက်အဆန်များမှသည် W320, W240 နှင့် W180 ကဲ့သို့ အဆင့်မြင့်သီဟိုဠ်သရက်အဆန်များ အဓိက ထုတ်လုပ်ရရှိနိုင်ရန်အတွက် တောင်သူအဆင့် မျိုးရွေးချယ်မှုမှ စတင်၍ စက်ရုံအဆင့် ထုတ်လုပ်မှုအထိ ဆက်စပ်ဆောင်ရွက်ရမည့် အရေးကြီးသော အချက် ဖြစ်ပါသည်။

### ပြည်ပတင်ပို့မှု

ယခုလက်ရှိတွင် မြန်မာနိုင်ငံသည် တရုတ်၊ ထိုင်း၊ စင်ကာပူ၊ မလေးရှားနှင့် ကိုရီးယားနိုင်ငံတို့သို့သီဟိုဠ်အဆန်များ တင်ပို့လျက်ရှိပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သီဟိုဠ်သရက်အဆန် တင်ပို့မှု ၂၅၀၃ ဒသမ ၅၇၅ တန်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂၂၄ သန်း ဝင်ငွေရရှိပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သီဟိုဠ်သရက်အဆန် ၇၄၃၉ ဒသမ ၃၅၂ တန် တင်ပို့နိုင်ခဲ့ရာ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂၆၅ သန်းအထိ ဝင်ငွေပိုမိုတိုးတက်ရရှိခဲ့ပါသည်။

မြန်မာ့သီဟိုဠ်သရက်ကဏ္ဍတွင် လက်ရှိကြုံတွေ့နေရသည့် အောက်ပါစိန်ခေါ်မှုများကို အဓိကထား ဖြေရှင်းရန်လိုအပ်သည်–

(၁) **စိုက်ပျိုးရေးဆိုင်ရာ စိန်ခေါ်မှု။** ဒေသအလိုက် မျိုးကွဲများ မတူညီခြင်း၊ မျိုးကောင်းမျိုးသန့် ပျိုးပင် လုံလောက်မှုမရှိခြင်း၊ ပင်အိုများ ပြန်လည်အစားထိုးရန် လိုအပ်ခြင်း၊ တစ်ဧကအထွက်နှုန်း ကွာခြားမှုများခြင်း၊ ရေ၊ မြေသြဇာနှင့် မြေဆီလွှာစီမံခန့်ခွဲမှု အားနည်းခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် ရေအသုံးချနိုင်မှု။

(၂) **အသီးခူးပြီးနောက် စီမံခန့်ခွဲမှု။** အသီးခူးချိန် မတူညီခြင်း၊ အစေ့ခြောက်သွေ့မှု မမှန်ခြင်း၊ အညစ်အကြေးနှင့် အရည်အသွေးကျဆင်းခြင်း၊ သိုလှောင်မှု စနစ် မကောင်းခြင်း၊ အဆန်အရောင်နှင့် အရည်အသွေး ကျဆင်းခြင်း။

(၃) **ထုတ်လုပ်မှုနှင့် စက်မှုကဏ္ဍ။** စက်ရုံအရေအတွက်နှင့် စက်၏ထုတ်လုပ်နိုင်စွမ်းအား မလုံလောက်ခြင်း၊ စက်ပစ္စည်းနှင့် နည်းပညာလိုအပ်ချက်၊ အဆင့်အတန်းခွဲခြားမှု စံသတ်မှတ်မှု တူညီရန်။

(၄) **ဈေးကွက်ဆိုင်ရာ စိန်ခေါ်မှု။** ကုန်ကြမ်းဈေးနှုန်း အတက်အကျရှိခြင်း၊ နိုင်ငံတကာဈေးကွက်သတင်းအချက်အလက် မလုံလောက်ခြင်း၊ ဈေးကွက်တည်ဆောက်နိုင်မှု အားနည်းခြင်း၊ ဈေးကွက်အနည်းငယ်အပေါ် မှီခိုခြင်း၊ ဈေးကွက်ဝင်ကိုယ်ပိုင်အမှတ်တံဆိပ် မတည်ဆောက်နိုင်သေးခြင်း။

(၅) **ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှု။** စက်ရုံများ၏ ကုန်ထုတ်လုပ်မှု၊ သိုလှောင်မှု၊ ခူးပြီးနောက် ထိန်းသိမ်းမှုနည်းပညာ၊ ထုတ်လုပ်မှုနှင့် အရည်အသွေးစစ်ဆေးမှုဆိုင်ရာ ဓာတ်ခွဲခန်းများ တည်ဆောက်ရေးများအတွက် ရင်းနှီးမြှုပ်နှံမှု လိုအပ်သည်။

### သုံးသပ်အကြံပြုချက်များ

(၁) **မျိုးကောင်းမျိုးသန့်နှင့် ပင်အိုအစားထိုး စိုက်ပျိုးရေး။** ဒေသရေမြေအလိုက် စိုက်ပျိုးရန် သင့်လျော်သည့်မျိုးများကို သတ်မှတ်ပြီး အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့် စံချိန်မီ ပျိုးပင်ထုတ်လုပ်နိုင်ရေး၊ အထွက်နှုန်းကောင်း မိခင်ပင် ရွေးချယ်ရေး၊ လက်ခံပင်နှင့် ကိုင်းဆက်မျိုးယူမည့် အပင်၏ အရည်အသွေး၊ ပျိုးခင်းတွင် မျိုးမှန်ကန်စေရေးနှင့် စံချိန်မီ ပျိုးခင်းတို့ဖြစ်ရန် လိုအပ်သည်။

လက်ရှိစိုက်ပျိုးနေသည့်မျိုးများ အပါအဝင် စီးပွားရေးအရအလားအလာရှိသည့်မျိုးများကိုသုတေသနပြု၍ အထွက်နှုန်း၊ အဆန်အရွယ်အစား၊ အဆန်ထွက်ရှိမှု၊ ရောဂါဒဏ်ခံနိုင်ရည်ရှိမှု၊ ဒေသ၏ ရာသီဥတုနှင့် စိုက်ပျိုးရန်သင့်တော်မှုနှင့် ဈေးကွက်တွင် ရောင်းတမ်းဝင်နိုင်မှုတို့အပေါ် အခြေခံ၍ မျိုးရွေးချယ်သင့်သည်။

(၂) **အထွက်နှုန်းမြှင့်တင်ရေးအတွက် စံပြစိုက်ခင်းများ တည်ထောင်ရေး။** တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်ရေးအထူးဇုန်များ သတ်မှတ်ပြီး စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို အခြေခံ၍ စံပြစိုက်ခင်းများ ထူထောင်ကာ စိုက်ပျိုးနည်းများကို ပြသပေးသင့်ပါသည်။ အထွက်နှုန်းမြင့်မားစေသည့် အချက်များကို ကွင်းသရုပ်ပြပွဲများ ပြုလုပ်ပြီး စိုက်ပျိုးရေးနည်းလမ်းများကို စိုက်ပျိုးသူများထံသို့ ဖြန့်ဝေရန် လိုအပ်သည်။

(၃) **သီဟိုဠ်သရက်အစုအဖွဲ့ ဖော်ဆောင်ရေး။** သီဟိုဠ်သရက် အဓိကစိုက်ပျိုးထုတ်လုပ်သော ဒေသများတွင် စိုက်ပျိုးသူတောင်သူ၊ သိုလှောင်ရောင်းဝယ်သူ၊ စက်ရုံ၊ ဈေးကွက်တင်ပို့ရောင်းချမှု၊ ငွေကြေးအရင်းအနှီးရရှိမှုဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရနှင့် သုတေသနပြုလုပ်မှုတို့ ပါဝင်သည့် သီဟိုဠ်သရက်အစုအဖွဲ့များ ဖွဲ့စည်းရန် လိုအပ်ပါသည်။

(၄) **ထုတ်လုပ်မှုအတွက် စက်ရုံများ တိုးချဲ့တည်ထောင်ရေး။** ကုန်ကြမ်းကို ပြည်ပသို့ တိုက်ရိုက်တင်ပို့ခြင်းထက်

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

ပြည်တွင်းတွင် တန်ဖိုးမြှင့်ကုန်ကြမ်းအဖြစ် ပြောင်းလဲရန် စက်ရုံများ တိုးချဲ့တည်ထောင်သင့်သည်။

**(၅) အရည်အသွေးနှင့် အာမခံချက်ပေးခြင်း။** နိုင်ငံတကာဈေးကွက်အတွက် GAP (စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ)၊ GMP (ထုတ်လုပ်မှု လုပ်ငန်းစဉ်ကို သန့်ရှင်းမှုရှိပြီး စနစ်တကျဆောင်ရွက်ခြင်း)၊ HACCP (ထုတ်လုပ်မှုအတွင်း ဖြစ်ပေါ်နိုင်သော အစားအသောက် ဘေးကင်းရေးအန္တရာယ်များကို ကြိုတင်ထိန်းချုပ်သည့်စနစ်)၊ Food Safety (အစားအစာ၏ဘေးကင်းလုံခြုံရေး)၊ Traceability (ထုတ်ကုန်၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက်ကို သိရှိပြီး နောက်ကြောင်းပြန် ခြေရာခံနိုင်ခြင်း)၊ Standard grading (အဆင့်ခွဲခြားခြင်း)၊ Export packaging (ထုပ်ပိုးမှုနှင့်ဈေးကွက်ဝင်မှု) စသည့် စနစ်များကို တဖြည်းဖြည်း အကောင်အထည်ဖော်သင့်သည်။

**(၆) ဈေးကွက် ချိတ်ဆက်ဖြန့်ကြက်နိုင်မှု။** တရုတ်နှင့် ထိုင်းကဲ့သို့ ရှိပြီးသားဈေးကွက်များကို ဆက်လက်ထိန်းသိမ်းသည့်အပြင် ဥရောပ၊ ဂျပန်၊ ကိုရီးယား၊ အာရှအရှေ့အလယ်ပိုင်းဒေသနှင့် အာဆီယံဈေးကွက်များသို့ တဖြည်းဖြည်းချဲ့ထွင်ရန် လိုအပ်သည်။

**(၇) ပြည်ပကုန်ကြမ်းတင်သွင်းပြီး တန်ဖိုးမြှင့် ထုတ်လုပ်ရေး။** ဗီယက်နမ်၏ အတွေ့အကြုံအရ ပြည်တွင်းကုန်ကြမ်းတစ်ခုတည်းအပေါ် မမှီခိုဘဲ လိုအပ်သည့်အချိန်တွင် ပြည်ပမှ သီဟိုဠ်သရက်ကုန်ကြမ်းများ တင်သွင်းပြီး ပြည်တွင်း ထုတ်လုပ်နိုင်မှု စွမ်းရည်ကိုအသုံးချ၍ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တင်ပို့နိုင်ရေးကိုလည်း ကြိုတင်စဉ်းစား စီမံချက်ချထားသင့်သည်။ သို့ရာတွင် ယင်းစနစ်ကိုအကောင်အထည်ဖော်ရာတွင် ပြည်တွင်းမှ တောင်သူများ၏ ကုန်ကြမ်းဈေးကွက်နှင့် ယှဉ်ပြိုင်မှုမဖြစ်စေရေး၊ တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း စည်းမျဉ်းများ၊ အရည်အသွေးနှင့် ကုန်သွယ်မှုဆိုင်ရာ သတိပြုရမည့်အချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

**(၈) ထုတ်လုပ်တင်ပို့ရောင်းချမှုဆိုင်ရာအဖွဲ့ ဖွဲ့စည်းရေး။** အစိုးရဌာနတစ်ခုတည်းဖြင့် ကဏ္ဍတစ်ခုလုံးကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် မလွယ်ကူသဖြင့် **မြန်မာ့သီဟိုဠ် သရက်စိုက်ပျိုး ထုတ်လုပ်ရေး**ကဲ့သို့သော အသင်းအဖွဲ့ကို တောင်သူ၊ စက်ရုံ၊ ကုန်သည်၊ တင်ပို့ရောင်းချသူနှင့် ပညာရှင်များ ပါဝင်စေ၍ ဖွဲ့စည်းသင့်ပါသည်။

**(၉) ဈေးကွက်သတင်းအချက်အလက်။** သီဟိုဠ်သရက်ဆိုင်ရာဈေးကွက်နှင့် သတင်းအချက်အလက် နည်းပညာဌာနဖွဲ့စည်းပြီး နေ့စဉ်/အပတ်စဉ် ဈေးနှုန်း၊ ပြည်ပဈေးနှုန်း၊ ဈေးကွက်ဝယ်လိုအား၊ အဆန်အဆင့်အတန်းအလိုက် ဈေးနှုန်း၊ ထုတ်လုပ်မှုနှင့် ရာသီဥတုအခြေအနေတို့ကို တောင်သူများထံ ဖြန့်ဝေပေးသင့်သည်။

**(၁၀) သုတေသနနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှု။** သီဟိုဠ်သရက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် သီဟိုဠ်သရက်ဆိုင်ရာ သုတေသနနှင့် နည်းပညာဌာနကို ထားရှိပြီး မျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးရေးမှသည် တန်ဖိုးမြှင့် ထုတ်ကုန်တင်ပို့ရောင်းချသည်အထိ ထုတ်လုပ်မှုကွင်းဆက်အားလုံးတို့ကို ဦးစားပေးသုတေသနပြုရမည်ဖြစ်ပါသည်။

**ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများ**

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှု ဧရိယာဧက သုံးသိန်း ပြည့်မီစေရေးအတွက် ငါးနှစ်စီမံချက်ဖြင့် တိုးချဲ့ဆောင်ရွက်မည့်အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

သီဟိုဠ်သရက် ဧက သုံးသိန်း တိုးချဲ့စိုက်ပျိုးမှု အပြည့်အဝ အောင်မြင်စေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ရမည့်အချက်များမှာ သီဟိုဠ်သရက် တိုးချဲ့စိုက်ပျိုးမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတွင် အကြိုစစ်တမ်းကောက်ယူမှု ပြုလုပ်ခြင်း၊ မျိုးအလိုက် စာရင်းပြုလုပ်ခြင်း၊ အထွက်နှုန်း မှတ်တမ်းယူခြင်း၊ သီဟိုဠ်သရက် ပျိုးခင်းတည်ထောင်ခြင်းနှင့် မျိုးကောင်းမျိုးသန့် ပျိုးပင်ထုတ်လုပ်ခြင်း၊ အရည်အသွေးမြင့် မျိုးများဖြန့်ဝေခြင်း၊ ပင်အိုခုတ်လှဲပြီး အထွက်ကောင်းမျိုးများဖြင့် ပြန်လည်အစားထိုးစိုက်ပျိုးခြင်း၊ GAP စံပြစိုက်ခင်းများ တည်ထောင်ခြင်း၊ အသီးကောက်ယူစုဆောင်းပြီးနောက် သိုလှောင်၊ ထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာသင်တန်းပေးခြင်း၊ သီဟိုဠ်သရက်ဆိုင်ရာ သတင်းအချက်အလက်နှင့် နည်းပညာဖြန့်ဝေမှု စတင်ခြင်း၊ ထုတ်လုပ်သော စက်ရုံများ၏ စက်ရုံထုတ်လုပ်နိုင်စွမ်းကို မှတ်တမ်းပြုလုပ်ခြင်း၊ ထုတ်ကုန်တင်ပို့မှုဆိုင်ရာ လိုအပ်ချက်များအား စုစည်းထုတ်ပြန်ခြင်းတို့ဖြစ်ပြီး ကာလတိုစီမံချက်အဖြစ် ငါးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

**နှစ်ရှည်စီမံချက် နှစ် ၂၀ အတွင်း ဆောင်ရွက်မည့် အစီအမံများ**

ကာလရှည်စီမံချက်အနေဖြင့် ထုတ်လုပ်မှုစက်ရုံများ တိုးချဲ့ခြင်း၊ ထုတ်ကုန်၏အဆင့်အတန်း ခွဲခြားခြင်းနှင့် အရည်အသွေးဆိုင်ရာ ဓာတ်ခွဲခန်းများ တည်ဆောက်ခြင်း၊ HACCP/GMP စနစ်များ စတင်အသုံးပြုခြင်း၊ သီဟိုဠ်သရက်အဆန် အဆင့်အတန်းသတ်မှတ်ချက်အရ W320/ W240/ W180 premium grade တို့အား ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ခြင်း၊ ထုပ်ပိုးမှု ပိုမိုတိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ခြင်း၊ သုတေသနနှင့် နည်းပညာဌာန တည်ထောင်ခြင်း၊ ဥရောပ၊ ဂျပန်၊ ကိုရီးယား၊ အရှေ့အလယ်ပိုင်းဒေသနှင့် အာဆီယံဈေးကွက်များသို့ ဈေးကွက်ချိတ်ဆက်မှု ပြုလုပ်ခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးချဲ့ခြင်း၊ နိုင်ငံတကာအသိအမှတ်ပြု ကုန်တံဆိပ်ရရှိရေးအထိ လုပ်ဆောင်ရန် လိုအပ်ခြင်း၊ ပြည်ပမှ ကုန်ကြမ်းတင်သွင်း၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ပြုလုပ်နိုင်သည့် စက်မှုဇုန်များ ဖော်ဆောင်ခြင်းနှင့် ဒေသဆိုင်ရာ ထုတ်လုပ်မှုနှင့် တင်ပို့မှုဦးဆောင်နိုင်ငံအဖြစ် ဖွံ့ဖြိုးစေခြင်း စသည်တို့ကို ဆောင်ရွက်ပြီး မြန်မာနိုင်ငံကို မြန်မာ့သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် တင်ပို့မှုတွင် ဦးဆောင်နိုင်ရေး ဖော်ဆောင်ရန် ရည်မှန်းသင့်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ခန့်မှန်းကုန်ကျစရိတ်**

သီဟိုဠ်သရက် တစ်ဧက စိုက်ပျိုးထိန်းသိမ်းခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ်(ကျပ်)မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| စဉ် | လုပ်ငန်း | လုပ်ခ | ပစ္စည်း | စုစုပေါင်း |
|---|---|---|---|---|
| ၁ | စိုက်ပျိုးခြင်း | ၃၆၉၇၅၀ | ၄၄၁၀၅၀ | ၈၁၀၈၀၀ |
| ၂ | ထိန်းသိမ်းခြင်း | ၂၈၁၇၀၀ | ၁၈၆၇၅၀ | ၄၆၈၄၅၀ |
| စုစုပေါင်း | | ၆၅၁၄၅၀ | ၆၂၇၈၀၀ | ၁၂၇၉၂၅၀ |

**အကောင်အထည်ဖော်မှုအတွက် ဌာန/အဖွဲ့အစည်းအလိုက် ပူးပေါင်းဆောင်ရွက်မှု**

မြန်မာ့သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးရေး အကောင်အထည်ဖော်မှုအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရနှင့် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်/ငွေကြေးအဖွဲ့အစည်းများ၊ တက္ကသိုလ်/သုတေသနအဖွဲ့များ တို့ဖြင့် Public–Private–Research Partnership အဖြစ် ဆောင်ရွက်သင့်သည်။

ရေတွက်ပုံ(ဧက)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ | ၂၀၂၉ | ၂၀၃၀ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | တနင်္သာရီ | ၇၀၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၃၃၀၀၀ | ၃၅၀၀၀ | ၁၀၀၀၀၀ |
| ၂ | ဧရာဝတီ | ၆၄၀၀ | ၉၆၀၀ | ၁၅၀၀၀ | ၃၁၀၀၀ | ၃၄၀၀၀ | ၉၆၀၀၀ |
| ၃ | ပဲခူး | ၂၄၀၀ | ၃၆၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၃၆၀၀၀ |
| ၄ | ရခိုင် | ၂၄၀၀ | ၃၆၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၃၆၀၀၀ |
| ၅ | မွန် | ၈၀၀ | ၁၂၀၀ | ၂၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၂၀၀၀ |
| ၆ | ကရင် | ၁၀၀၀ | ၂၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ |
| စုစုပေါင်း | | ၂၀၀၀၀ | ၃၀၀၀၀ | ၄၇၀၀၀ | ၁၀၀၀၀၀ | ၁၀၃၀၀၀ | ၃၀၀၀၀၀ |

**မူဝါဒဆိုင်ရာ အကြံပြုချက်များ**

သီဟိုဠ်သရက်သီးနှံသည် ပြည်ပဝယ်လိုအား မြင့်တက်နေသည့် သီးနှံအမျိုးအစားဖြစ်ပြီး အနာဂတ်ဈေးကွက်ဝင်မှု အလားအလာရှိနေသည့်အတွက် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှုသည် စိုက်ပျိုးထုတ်လုပ်သူများအတွက် တွက်ခြေကိုက်သည့်လုပ်ငန်းဖြစ်သောကြောင့် ပြည်ပဝင်ငွေ တိုးမြှင့်ရရှိနိုင်ရေး၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ အကျိုးအမြတ်ရရှိစေရေးနှင့် နိုင်ငံ့စီးပွား အထောက်အပံ့ကောင်း ရရှိရေးအတွက် အောက်ဖော်ပြပါအချက်များကို ထည့်သွင်းစဉ်းစားရန် အကြံပြုတင်ပြအပ်ပါသည်–

(က) အထွက်နှုန်းနှင့် အရည်အသွေးကို ထိခိုက်စေနိုင်သည့် ပိုးမွှားရောဂါများ ကျရောက်နိုင်သည့်အတွက် ထိရောက်သော စီမံခန့်ခွဲမှု အလေ့အကျင့်များ ဆောင်ရွက်ပေးခြင်း၊

(ခ) ဈေးကွက်သို့ ကောင်းမွန်သောအခြေအနေဖြင့် ရောက်ရှိစေရန် မှန်ကန်သော ထုပ်ပိုးခြင်းနှင့် ကိုင်တွယ်ခြင်းတို့သည် အရေးကြီးသောကြောင့် စနစ်တကျ လုပ်ကိုင်နိုင်ရန်နှင့် နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊

(ဂ) သီဟိုဠ်သရက်သီးနှံတင်ပို့ရာတွင် ပို့ကုန်အလားအလာမြှင့်တင်နိုင်ရန်အတွက် ပိုမိုကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့်များနှင့် အခြေခံအဆောက်အအုံများ ကူညီပေးခြင်း၊

(ဃ) တစ်ဧကကုန်ကျစရိတ်နှင့် ထုတ်လုပ်မှုအရင်းအနှီးများသဖြင့် အစိုးရနှင့် ပုဂ္ဂလိကတို့မှ ပူးပေါင်းဆောင်ရွက်ပြီး ငွေကြေးအထောက်အပံ့များ ရရှိရန် ကူညီဆောင်ရွက်ပေးခြင်း၊

(င) ကန်ထရိုက်လယ်ယာစနစ် အားကောင်းလာရေး အစိုးရနှင့်ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံသူများအကြား တာဝန်ယူမှု၊ တာဝန်ခံမှု အားကောင်းစေသော စည်းမျဉ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်ပေးခြင်း၊

(စ) အရည်အသွေးကောင်းမွန်၍ အထွက်နှုန်းကောင်းစေရန် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်းအတွက် တောင်သူပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးခြင်း၊

(ဆ) ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေး သုံးစွဲမှုများ စနစ်တကျအသုံးပြုနိုင်ရေး GAP စနစ်ကို တောင်သူများ လက်ခံကျင့်သုံးမှု များလာစေရန် တွန်းအားပေး ဆောင်ရွက်ပေးခြင်း၊

(ဇ) ပြည်ပရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်၍ တောင်သူများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(ဈ) အရည်အသွေးယှဉ်ပြိုင်နိုင်သည့် သီဟိုဠ်သရက်မျိုးများ ရရှိရေးအတွက် ဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်များ ပေါ်ထွက်လာစေရေးကို အလေးထား ဆောင်ရွက်ပေးခြင်း၊

(ည) ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ကုန်သွယ်မှု ပိုမိုလွယ်ကူချောမွေ့စေရန် မလိုလားအပ်သည့် အကောက်ခွန်မဟုတ်သော အတားအဆီးများ (Non Tariff Barriers) လျှော့ချပေးရန် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဋ) ပြည်တွင်း၊ပြည်ပ ဈေးကွက်အလားအလာများကို ခန့်မှန်းတွက်ချက်ပြီး စိုက်ပျိုးထုတ်လုပ်သူများကို ဈေးကွက်သတင်းအချက်အလက်များ မျှဝေပေးခြင်း၊

(ဌ) ပြည်တွင်းစားသုံးမှုအတွက် ထုတ်လုပ်သည်မှ ပြည်ပသို့တင်ပို့နိုင်သည်အထိ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်ပေးခြင်း။

**အထွေထွေတင်ပြချက်**

မြန်မာနိုင်ငံ၏ သီဟိုဠ်သရက်ကဏ္ဍသည် လက်ရှိတွင် စိုက်ပျိုးထုတ်လုပ်မှုအခြေခံ ရှိပြီးဖြစ်သော်လည်း နိုင်ငံ၏စီးပွားရေး တန်ဖိုးမြှင့်တင်ရေးအတွက် ထိုက်တန်သည့် အကျိုးအမြတ်ကို အပြည့်အဝ မရရှိသေးသည့် ကဏ္ဍတစ်ရပ်ဖြစ်သည်။ အထူးသဖြင့် တနင်္သာရီ၊ ဧရာဝတီ၊ ပဲခူးနှင့် ရခိုင်ဒေသများတွင် ထုတ်လုပ်မှုအခြေခံ ခိုင်မာနေခြင်းသည် အားသာချက်ဖြစ်သည်။ ထိုအားသာချက်ကို အသုံးချ၍ စိုက်ပျိုးဧရိယာ တိုးချဲ့စိုက်ပျိုးရေးတစ်ခုတည်းကိုသာ အာရုံစိုက်ခြင်းမပြုဘဲ သီဟိုဠ်သရက်စိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးမှုအတွက် ကုန်ကြမ်းထုတ်လုပ်မှုမှ ပြုပြင်ထုတ်လုပ်မှုစွမ်းရည်၊ အရည်အသွေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရေး၊ ဈေးကွက်နှင့် ပို့ကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်ခုလုံးကို အချိတ်အဆက်မိမိ ဖော်ဆောင်ရန် လိုအပ်ပြီး တစုတစည်းတည်း မဟာဗျူဟာချ ချိတ်ဆက်ဖော်ဆောင်ရမည့်လုပ်ငန်းကြီး ဖြစ်ပါသည်။

ထို့ပြင် သီဟိုဠ်သရက်သီးနှံကို ပြည်ပနိုင်ငံများသို့ တရားဝင်ပို့နိုင်ရေး သဘောတူစာချုပ်များ ချုပ်ဆိုနိုင်ပါက မြန်မာ့သီဟိုဠ်သရက်သည်ဈေးကွက် ခိုင်မာမှုရှိကာ ရေရှည်တည်တံ့သော ပို့ကုန်တင်ပို့မှု မြင့်မားလာစေပြီး နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာမည့် သီးနှံတစ်ခု ဖြစ်လာနိုင်ပါသည်။ ထို့ပြင် မြန်မာ့သီဟိုဠ်သရက်ဈေးကွက် ခိုင်မာလာပါက စိုက်ပျိုးသူတောင်သူများသည် ဈေးကွက်အခွင့်အလမ်းများစွာရရှိခြင်း၊ အကျိုးအမြတ်များစွာ ရရှိနိုင်ခြင်းကြောင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

ထို့ကြောင့် သီဟိုဠ်သရက်ကို တောင်သူဝင်ငွေ တိုးတက်စေသော သီးနှံအဖြစ်မှ ပြည်တွင်း စက်မှုလုပ်ငန်း ဖွံ့ဖြိုးစေသော ကုန်ကြမ်း၊ ထိုမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးသော ပို့ကုန်သီးနှံအဖြစ် ပြောင်းလဲဖော်ဆောင်နိုင်ပါက "လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" ဆိုသည့် အမျိုးသားအဆင့် ရည်မှန်းချက်ကို သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍမှ အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

**ကိုးကားချက်**


၁။ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှုစာရင်း။

၂။ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှုစာရင်း။

၃။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှုနှင့် ပို့ကုန်ဆိုင်ရာ စာရင်းအင်းများ။

၄။ Food and Agriculture Organization of the United Nations. (2023). FAOSTAT: Crops and Livestock Products Database.

၅။ General Department of Customs of Vietnam. (2023). Cashew Export Statistics.

၆။ International Trade Council. (2024). Vietnam's Cashew Industry and Global Trade with Record Exports.

၇။ Ministry of Industry and Trade of Vietnam. (2024). Cashew Export and Market Information.

၈။ Vietnam Cashew Association. (2024). Cashew Industry and Export Information.

၉။ World Integrated Trade Solution (WITS), World Bank. (2025). – HS 080130 Cashew nuts trade data.

၁၀။ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဗီယက်နမ်နိုင်ငံ သီဟိုဠ်စေ့ထုတ်လုပ်မှု၊ ပြုပြင်ထုတ်လုပ်မှုနှင့် ပို့ကုန်ဆိုင်ရာ လေ့လာချက်များ။

# ၂၀၂၆ ခုနှစ် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် အောက်တိုဘာ ၁၇**

၂၀၂၆ ခုနှစ် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒသမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြပွဲတွင် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများအနက် အတွဲအမှတ် (၂၃၅၆) မှ (၃၀၇၃) ထိ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက စစ်ဆေးကာ ကျောက်စိမ်းအတွဲ ၆၇၅ တွဲ ရောင်းချခဲ့ရကြောင်း ကြေညာပေးသည်။

ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် တင်ဒါအောင်မြင်သည့် ကျောက်စိမ်းအတွဲများ အောင်စာရင်းထုတ်ပြန်ကြေညာနေမှုနှင့် တင်ဒါအောင်မြင်သည့် ပြည်တွင်းရတနာကုန်သည်များက မိမိတို့တင်ဒါအောင်ကျောက်အတွဲများကို စိစစ်ထုပ်ပိုးသိမ်းဆည်းနေမှုကို ကြည့်ရှုစစ်ဆေးအားပေးခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ယခုကျင်းပသည့် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲ ၇၀၀ အနက်မှ ၆၂၉ တွဲကိုလည်းကောင်း၊ ကျောက်မျက်အတွဲ ၁၆၀ အနက်မှ အတွဲ ၇၀ ကိုလည်းကောင်း၊ အုပ်စု(အေနှင့်ဘီ)တို့မှ ကျောက်စိမ်းအတွဲ ၁၆၀၅ တွဲအနက်မှ ၁၃၄၉ တွဲကိုလည်းကောင်း၊ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲ ၁၄၆၈ တွဲအနက်မှ ၁၄၀၈ တွဲကိုလည်းကောင်း နေ့ရက်အလိုက် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို အောင်မြင်စွာကျင်းပနိုင်ရေး နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အကျိုးစီးပွားဖြစ်ထွန်းစေရန် ကြိုးစားဆောင်ရွက်လျက်ရှိပြီး မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ ခေတ်အဆက်ဆက် အကြိမ်မြောက်ပြပွဲများ၊ နှစ်လယ်ရတနာပြပွဲများ၊ အထူးရောင်းချပွဲများ ကျင်းပခဲ့ရာ ယခု ၂၀၂၆ ခုနှစ် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် ၁၀၄ ပွဲမြောက်ကျင်းပသည့်ပြပွဲဖြစ်ကာ ပြည်တွင်းရတနာကုန်သည်များအတွက် စီးပွားရေးအခွင့်အလမ်း၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ (MSME)ကို အားပေးမြှင့်တင်နိုင်စေရန် ရည်ရွယ်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁၈ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**မန္တလေး အောက်တိုဘာ ၁၇**

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ၁၈နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်ကြီးများက မန္တလေးပြည်သူ့ဆေးရုံကြီးဝင်းအတွင်း တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ မန္တလေးပြည်သူ့ဆေးရုံကြီးမှ ဝန်ထမ်းများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများနှင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်း ဦးရေ ၇၀၀ ခန့်က ချုံနွယ်၊ ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အလင်းဖွင့်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်သရိုက်၊ မြောင်းစာများ ဆယ်ယူရှင်းလင်းခြင်း ဆောင်ရွက်နေမှုများ၊ ရေမြောင်းအသစ်များဆောင်ရွက်ပြီးစီးမှုနှင့် နိုင်လွန်ကတ္တရာလမ်းခင်းကျင်းဆောင်ရွက်ပြီးစီးမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

## နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်လာကြစေရန် ရည်ရွယ်သည့်ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်ခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားစနစ်တည်ငြိမ်ရေး၊ ဓာတ်အားတိုးတက်ရရှိရေး၊ ရေနံနှင့်ရေနံထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ စွမ်းအင်လေလွင့်ဆုံးရှုံးမှုလျော့ပါးရေးအပါအဝင် နိုင်ငံတော်၏ စွမ်းအင်ဖူလုံရေးနှင့်လုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်တွင် စွမ်းအင်အရင်းအမြစ်မျိုးစုံတည်ရှိနေသည့်အတွက် ယင်းတို့ကို အချိုးညီစွာပေါင်းစပ်၍ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ပါက မျှော်မှန်းထားသည့်အချိန်ကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူတို့အတွက် စွမ်းအင်လိုအပ်ချက်များကို ဖူလုံစွာဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ စီမံကိန်းများ၊ လုပ်ငန်းများသည် ငွေကြေးအရင်းအနှီးကြီးမားပြီး အတတ်ပညာနှင့်လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအသီးသီးကို ဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံသားလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို အထူးအလေးထား၍ အားပေးလျက်ရှိသည်နှင့်အညီ နိုင်ငံသားလုပ်ငန်းရှင်များကို ရေရှည်တွင် နိုင်ငံတကာစွမ်းအင်ကုမ္ပဏီကြီးများ၊ အဖွဲ့အစည်းကြီးများအဆင့်သို့ တက်လှမ်းနိုင်စေရေးအတွက် ရည်မျှော်လျက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့်အလမ်းများ၊ နိုင်ငံတော်အစိုးရအနေဖြင့် အားပေးကူညီမည့် အစီအစဉ်များကို Power Point Presentation များ၊ ရုပ်ပုံကားချပ်များ၊ 3D Model များဖြင့် တာဝန်ရှိသူများက ရှင်းလင်း၍ ချပြဆွေးနွေးသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ပထမပတ်တွင် နေပြည်တော်၌ကျင်းပမည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများ ချပြဆွေးနွေးပွဲသို့ နိုင်ငံသားလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်အပ်ပါကြောင်းနှင့် ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများအနေဖြင့် အောက်တိုဘာ ၃၀ ရက် ညနေ ၄ နာရီခွဲနောက်ဆုံးထား၍ အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်-

**ဆက်သွယ်ရန်** - ဦးမင်းသူအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊
ပြည်တွင်းပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ၊
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
၀၉ ၄၄၄ ၅၈၈ ၈၈၈၊ Email: messenger@e-moee.gov.mm

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# ချမ်းအေးသာစံမြို့နယ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၇**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက် ပတ္တမြားကျောင်းတိုက်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသရေးအဖွဲ့က သံဃာတော် ၈၂ ပါးအား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မိုင်းနောင်မြို့နယ် တိုက်နယ်ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများ၊ သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့နယ် တိုက်နယ်ပြည်သူ့ဆေးရုံ၌ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မိုင်းနောင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက တိုက်နယ်ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များက မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

❍ မမြရေလှောင်တမံမှ

မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ ယနေ့တွင် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးကြသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ပေမှ သိုလှောင်ရေ ၁၀ ပေ လျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ ညနေပိုင်းတွင် တမံရှိ ရေ ၃၀၅ ဒသမ ၄၅ ပေ သာကျန်ရှိတော့သဖြင့် ၉ ဒသမ ၅၅ ပေခန့် လျော့နည်းသွားကြောင်း သတင်းရရှိသည်။ (၅၀၁)

☆ ကျောဖုံးမှအဆက်

လျှာဒါန်းသည့်ပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်၍ လျှာဒါန်းသည့်ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး၌ ဖျော်ဖြေရေးလုပ်ငန်းများနှင့် ပတ်သက်၍ စည်းကမ်းချက်များ ရှင်းလင်းခြင်း အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကာရာအိုကေနှင့်ပတ်သက်၍ စည်းကမ်းချက် ၁၇ ချက်၊ ဖျော်ဖြေရေးလုပ်ငန်းများနှင့်ပတ်သက်၍ စည်းကမ်းချက် ၃၉ ချက်၊ ဖျော်ဖြေရေးလုပ်ငန်းများနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအပေါ် တိကျစွာလိုက်နာဆောင်ရွက်ကြရန် စသည်တို့ကို ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

❑ တီးတိန်မြို့မှ

သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် နိုင်ငံတော်အကြီးအကဲက ဒေသခံပြည်သူများ ကောင်းမွန်သည့် ဝန်ဆောင်မှုရရှိနိုင်ရန် ရည်ရွယ်ဖြည့်ဆည်းပေးခြင်းဖြစ်သည့်အတွက် အကျိုးရှိရှိ အသုံးပြုရန်နှင့် စက်ထိန်းသိမ်းခြင်းကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ဖလမ်းခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ဖလမ်းမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရမုန့်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**ခရိုင်(ပြန်/ဆက်)**




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ်အဆောက်အအုံ စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးပြီးစီးမှုကို တွေ့ရစဉ်။

■ **ထပ်မံဖြိုချဖျက်ဆီးမှု**

ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးနိုင်ခဲ့ပြီး ထပ်မံ၍ ငါးထပ်အဆောက်အအုံ တစ်လုံးကို ဖြိုချဖျက်ဆီးမှုမှာ ယနေ့ထိ ၈၀ ရာခိုင်နှုန်းပြီးစီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ငါးထပ်အဆောက်အအုံ တစ်လုံးကို ထပ်မံဖြိုချဖျက်ဆီးနိုင်ခဲ့သဖြင့် ဖျက်ဆီးရန်ကျန် အဆောက်အအုံ ၅၈ လုံးကျန်ရှိကာ ၎င်းတို့ကိုလည်း စနစ်တကျဆက်လက်ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရန်အတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(ဉာဏ)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Swe Swe Thi" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်း ရပ်ကွက်နေ လေးနွယ်ကို ညနေ ၄ နာရီ မိနစ် ၂၀ တွင် သဃ်န်းကျွန်းမြို့မရဲစခန်းက တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(ဉာဏ)

● **စက်ဘီးစီးပြိုင်ပွဲမှ**

UCI Track Cycling World Championship စက်ဘီးစီးပြိုင်ပွဲကို အောက်တိုဘာ ၁၆ ရက်ကကျင်းပခဲ့ရာ ဂျိုနသန်မီလန်အနေဖြင့် Qualifying အဆင့်တွင် လေးကီလိုမီတာကို ၃ မိနစ် ၆၈ စက္ကန့်ဖြင့်ပန်းဝင်နိုင်ခဲ့ပြီး Qualifying အဆင့် အောင်မြင်ခဲ့ခြင်းဖြစ်သည်။

ဂျိုနသန်မီလန်သည် Qualifying အဆင့်အောင်မြင်ခဲ့ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲအဖြစ် ကွင်းပတ်လေးကီလိုမီတာပြိုင်ပွဲတွင် သတ်မှတ်ထားသည့် ၁၆ ပတ်စီးနင်းခဲ့ရာ လေးမိနစ်ဖြင့် ပန်းဝင်နိုင်ခဲ့ပြီး ဒုတိယနေရာမှ ဒိန်းမတ်နိုင်ငံ စက်ဘီးစီးကစားသမား မက်ဆန်ထက် ငါးစက္ကန့်အသာဖြင့် ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

UCI Track Cycling World Championship စက်ဘီးစီးပြိုင်ပွဲ ပထမနေ့တွင် နယ်သာလန်နိုင်ငံသား စက်ဘီးစီးကစားသမား ဟာရစ်လာဗရီဆန်က ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ပြီး ဒုတိယနေ့ဖြစ်သည့် ယနေ့တွင် အီတလီစက်ဘီးစီးကစားသမား ဂျိုနသန်မီလန်က ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ချန်ပီယံရှစ်စက်ဘီးစီးပြိုင်ပွဲကို နိုင်ငံ ၄၇ နိုင်ငံမှ ပြိုင်ပွဲဝင်စက်ဘီးစီးကစားသမား ၄၇၅ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲကို အောက်တိုဘာ ၁၈ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : TNT Sports**
**Trs : STA**

❖ **ဂုဏ်ပြုကြိုဆိုမှ**

ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်ပန်းကုံးများ၊ အောင်သပြေခက်များ ကမ်း၍လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(ဉာဏ)

## ထူးခြားသည့် နေ့အပူချိန်များ

(၁၇- ၁၀ -၂၀၂၆)

| | | | | |
|---|---|---|---|---|
| ထားဝယ် | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၆ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| နေပြည်တော် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဘီးလင်း | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပဲခူး | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ကော့ကရိတ် | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

**၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆိုခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပုံမဝေးဘု ရောက်လုပါပြီ

မောင်ခြိမ့်



အို . . . ငါးကြင်းတွေဆန် ငါးတန်တွေ သောင်ရေစီးမှာလ ကိုတံငါ လှေယာဉ်စီးပါလို့ ပိုက်ကြီးနဲ့ ရေချလာ . . . အဲဒါ. . . ညီလေးတို့ တောရဲ့သဘာဝပါ"

သရွတ်သွတ်မြစ်မကြီး၏ တစ်မျှော်တစ်ခေါ် ကျယ်ပြန့်ပြီးလှိုင်းတွန့်ကလေးများ တဖျပ်ဖျပ်လူးလွန့်လျက်ရှိသောရေပြင်ထက်တွင် တံငါလှေကလေးတစ်စင်းသည် တရွေ့ရွေ့ စုန်ဆင်းလျက်ရှိ၏။ လှေကလေး၏အလယ်တွင် ယင်းလိပ်များ လက်ရိုက်တုတ်၊ ဒိုင်းဝန်း၊ ဆောင်းနှင့် ငါးပုစွန်ထည့်သည့် ဝါးကျောနှင့်ရက်ထားသည့် တောင်းများ၊ ပလိုင်းများကို ထပ်၍၊ ဆင့်၍ တင်ဆောင်လာသည်မို့ လှေပဲ့တွင် လှော်လျက်ပါလာသော ဖိုးနီသည် လှေဦးကိုပင် မမြင်ရပါချေ။

လှေဦးတွင်မူ သားဖြစ်သူ သာအောင်သည် ရေစုန်ခရီးဖြစ်သဖြင့် လှော်တက်ကို ပေါင်ပေါ်တင်ကာ ရွာရှိသာရေး၊ နာရေးများတွင် မကြာခဏဖွင့်လေ့ရှိ၍ အလွတ်ရနေပြီဖြစ်သော သီချင်းကို သံနေသံထားဖြင့်သီဆိုရင်း လိုက်ပါလာနေသည်။

ညရှစ်နာရီခန့်ရှိပြီး ကောင်းကင်တစ်ခွင်လုံး မှုန်မှိုင်းမှိုင်းလရောင်ကလေးကသာ မင်းမူလျက်ရှိ၏။ ဆောင်းနှောင်းကာလ၏ အကြွင်းအကျန်မြူငွေ့များက ပိတ်ဖုံးကာဆီးလျက်ရှိသဖြင့် ညအရေးတွင် လအကွေးကလေးကိုတောင် ရေးရေးသာမြင်နေရသည်။ သီချင်းသံသည် မြစ်ပြင်တစ်လျှောက်ရှပ်တိုက်ပြေးလွှားလာသော လေအနေ့ာတွင် တွဲလွဲခိုစီးလိုက်ပါသွားပြီး မြစ်ကမ်းစပ်ရှိ လမုပင်များကို တိုးဝင်ဖြတ်ကျော်ကာ ဟိုးမိုးကုပ်စက်ဝိုင်းထိ လွင့်ပျံ့စီးမျောလျက်ရှိ၏။

ဖိုးနီတို့သားအဖ လှေကလေးကို စီးလာကြသည်မှာမှန်ပါ၏။ သို့သော် ပိုက်ကြီးနှင့်ရေချရန်လာကြသည်မဟုတ်၊ ချုံဖော်ရန်ထွက်လာခဲ့ကြခြင်းဖြစ်၏။ ယနေ့ည ချုံစောင့်အိပ်ကြရမည်။ မနက်စောစော ရေအကျတွင် ချုံဖော်ရမည်ဖြစ်သည်။ ပိုက်သမားများ၊ ကွန်သမားများထဲတွင် စည်းမစောင့်သူရှိ၏။ ထိုသူများသည် ချုံထဲတွင်ခိုအောင်းနေသော ငါး၊ ပုစွန်များကို ခြောက်ထုတ်၍ ဖမ်းယူသွားတတ်၏။ ထိုသို့အဖြစ်မခံနိုင်ပါ။

ဖိုးနီတို့လို ဆင်းရဲသားတံငါသည်များအတွက် ချုံတစ်ချုံဖြစ်ရန်လွယ်ကူသည်မဟုတ်။ အနည်းဆုံး ဝါးအလုံးနှစ်ဆယ်ခန့်ရှိရ၏။ လှေနှစ်စင်းတိုက်စာ ချုံကိုင်းများ ရှာခုတ်ရ၏။ ရေစီးရေလာကောင်းသော နေရာကိုရှာရ၏။ ပြီးမှ အလျားအတောင် နှစ်ဆယ်၊ အနံဆယ်တောင်ခန့်ဝါးများဖြင့် ပတ်၍စိုက်ထားရ၏။

တန်းများပစ်၍ နီးဖြင့်ခိုင်အောင် ချည်တုတ်ထားရ၏။ ပြီးလျှင် နှစ်ရက်၊ သုံးရက်ခန့် အရွက်ကြွေအောင် နေပြထားသော လမုကိုင်း၊ ညောင်ကိုင်း၊ မန်ကျည်းကိုင်းများကို တုံးလုံးလှဲ၍ ထပ်ကာ ထပ်ကာ နင်း၍ ဖိသိပ်ရ၏။

နောက်ဆုံးတွင် ချုံအပေါ်မှဝါးများဖြင့် ဖိကာ ကုပ်နှိပ်ထားရသေး၏။ ဒါမှ ရေစီးအရှိန်ကြောင့် ချုံကိုင်းများ မျောပါသွားခြင်းမရှိနိုင်။

အချို့ချုံသမားတို့က နုန်းတိုးသတ္တဝါများဖြစ်သည့် ငါးမြွေထိုး၊ ငါးကျောက်ဖား စသောငါးများ ခိုအောင်းနေရန် ဝါးဘူးများချကြ၏။

အလျားငါးတောင် လုံးပတ်ထွာဆိုင်မကရှိသော ဝါးပိုးဝါးကို ထက်ခြမ်းခွဲ၊ အထဲမှအဆစ်တွေထုတ်၊ အကိုင်းအခက် ခပ်ရှုပ်ရှုပ်ကိုင်းဖျားကိုင်းနားလေးများကိုထည့်ပြီးမှရင်းချင်းပြန်အပ်၍ နီးဖြင့်ချည်ထားသောဝါးဘူးများကို ချုံကိုင်းများမချမီ နွံထဲတွင် တစ်ဝက်ခန့်တုံးလုံးလှဲ၍ မြှုပ်ထားရသည်။

ချုံဖော်သောအခါ ထိုဝါးဘူးများအတွင်း နုန်းတိုးသတ္တဝါများ အပြည့်အသိပ်ပါလာတတ်၏။ ဖိုးနီတို့သားအဖသည် ထိုဝါးဘူးဆယ်လုံးခန့်ကို ချုံထဲတွင် ထည့်ထားခဲ့ကြပါ၏။

ထိုကဲ့သို့ချုံချပြီးလျှင် ဆယ်ငါးရက်မှ ရက်နှစ်ဆယ်၊ တစ်လအထိစောင့်ရ၏။ ရေတက်ဦး ငါးမြူးတတ်သောအချိန်များတွင် ဖွဲနုနှင့် ရွှံ့စေးရော၍နယ်ထားသော အစာလုံးများမှန်မှန် ကျွေးရသေး၏။ ဒါမှ ချုံထဲတွင် ငါးများပျော်ရွှင်စွာ ခိုအောင်းကြမည် မဟုတ်လား။

နောက်ပြီးနေပူရှိန်ပြင်းသောလများ၌ အပေါ်ပိုင်းတွင် ဗေဒါပင်များဆယ်ကာ တင်ထားရသေး၏။ ထိုသို့ပြုလုပ်ရခြင်းမှာ အရိပ်အနေကောင်းသော နေရာတွင် ငါး၊ ပုစွန်တို့ ပိုမိုခိုအောင်းစေရန်ဖြစ်၏။ ဤသို့ချုံများချကာအသက်မွေးကြသော တံငါချုံသမားတို့ရက်ပတ်လည်၍ ဖော်နိုင်ရန် တတ်နိုင်သလောက် လေး၊ ငါး၊ ခြောက်နေရာချထားတတ်ကြပါ၏။

အခု ဖိုးနီတို့ဖော်မည့်ချုံသည် အချိန်တစ်လတိတိစောင့်ဆိုင်းထားသော ချုံဖြစ်၍ ငါး၊ ပုစွန်အထိအမိများလိမ့်မည်ဟု တွက်ထားသည်။ သို့ဖြစ်၍ အခုည သားအဖနှစ်ယောက် ချုံစောင့်အိပ်ကြရန် ထွက်လာခဲ့ကြခြင်းဖြစ်၏။

သူတို့ ချုံချထားသည့်နေရာ သောင်အကွေ့ကို ရောက်တော့မည်။ ကမ်းစပ်ရှိသမန်း ချုံပုတ်များ၊ ခရာချုံပုတ်များအတွင်းမှ ရေကြက်၊ စနိုက်ငှက်နှင့် ရေညှောင့်ကောင်တို့၏ အသံများကို ကြားနေရသည်။ မြစ်ပြင်သည် မှုန်ရီနေသော လရိပ်အောက်တွင်တိုးတိတ်စွာ စီးဆင်းလျက်ရှိသည်။

ခပ်လှမ်းလှမ်းရှိ သောင်စပ်ကမ်းခြေတွင် မီးရောင်လက်လက်ကို လှမ်း၍မြင်နေရသည်။ မီးခွက်၊ မီးအုပ်တို့၏ အလင်းရောင်မဟုတ်။ မီးဖိုကလေးတစ်ဖို၏ အလင်းရောင်ဖြစ်၏။

ဧကန္တ ဘဝန်းသမားတစ်ယောက်ယောက်ဖြစ်လိမ့်မည်။ စကားပြောဖော်ရပြီဟူသော မျှော်လင့်ချက်ဖြင့် ဖိုးနီသည် ထိုမီးရောင်ကလေးဆီ အသာလှော်လာခဲ့သည်။ အနားရောက်တော့မှ ဘကြီးသာကျော်တို့ မြေးအဘိုးဖြစ်နေသည်ကိုတွေ့ရ၏။

"ဖိုးနီတို့ပါလားကွ၊ လာ . . . လာ. . ရေနွေးကြမ်းသောက်ရအောင်၊ ဆူတော့မယ်ကွ၊ ဘာလဲချုံစောင့်ဖို့လာတာမဟုတ်လား"

ဖိုးနီတို့လှေပေါ်တင်လာသော ဝါးယင်းလိပ် အပုံကြီးကိုတွေ့၍ ဘကြီးသာကျော်က မေးလိုက်သည်။ "ဟုတ်တယ် ဘကြီးရေ... မနက်စောစော ချုံဖော်ဖို့အတွက် လာစောင့်အိပ်တာ၊ မီးရောင်တွေ့လို့ အဖော်ရပြီးဆိုပြီး လှော်လာခဲ့တာ၊ အေး...အေး ... ငါတို့လဲအဖော်ရတာပေ့ါကွာ။ ငါးဖျင်းသလက်အခြောက်ကလေးတွေလဲ ဆီပူထိုးလာတယ်ကွ၊ ရေနွေးကြမ်းနဲ့ မြည်းရတာပေ့ါကွာ"

"ဟုတ်တယ်အဖေ၊ ကျွန်တော်တို့ချုံလဲ ဒီကနေလှမ်းကြည့်ရင်မြင်နေရတာပဲဥစ္စာ၊ ဒီမှာပဲ စောင့်အိပ်လိုက်ကြရအောင်"

လှေဦးမှ သားဖြစ်သူ သာအောင်ကပြော၏။ သာအောင်အဖော်ရသွားပြီ ဘကြီးသာကျော်၏ မြေးငပိန်သည် သူနှင့် သူငယ်ချင်းမဟုတ်လား။

ဘယ်လိုလဲ ဘကြီးရဲ့ ခုတလော ငါးပုစွန်အထိအမိများရဲ့လား"

"အေး... မဆိုးဘူးကွ၊ ချောင်းဖျားဘက်က မင်းတို့ချုံတွေကော ထိရဲ့လားဟေ့"

"အသင့်အတင့်ပါပဲ ဘကြီးရာ ဒါပေမဲ့ ဈေးကလေးကတော့ ကောင်းလာတော့ စားဖို့သောက်ဖို့တော့ရနေတာပါပဲ၊ အခုဖော်မဲ့ချုံက တစ်လတောင် အောင်းထားရတာဆိုတော့ မျှော်လင့်ထားတာပေ့ါလေ"

"အခြားတော့ မပြောတတ်ဘူးဟေ့၊ ငါးမြွေထိုးတော့ မင်းတို့ ချုံတော်တော် ရလိမ့်မယ်ကွ၊ ရေကျတုန်းက ငါဘဝန်းလိုက်စိုက်နေတုန်း နုန်းထဲမှာ ငါးမြွေထိုးတွေ နင်းမိတာများ အများကြီးပဲကွ။ ဘဝန်းထဲတောင်မရဘူးဆို တစ်ညတစ်ည တစ်ပိဿာတော့ အောက်ထစ်ပဲကွ"

ဖိုးနီနှင့်ဘကြီးသာကျော်တို့နှစ်ယောက် ရောက်တတ်ရာရာစကားကောင်းနေစဉ်မှာပင် လှေဦးမှ သာအောင်နှင့် ငပိန်တို့ကလဲ ကလေးပီပီအအိပ်မက်သူများဖြစ်ကြရာ ဟောက်သံပင်ပေးနေကြပြီ။ လှေအလယ်ရှိမီးဖိုကလေးတွင် ခပ်ထပ်ထပ် ကလေးဖြစ်အောင် နေပြထားသော ကိုယ်ရံကြီးပင် အရွက်များထည့်ထားသဖြင့် မီးခိုးအူထကာ ခြင်ပြေးသဖြင့် ကလေးနှစ်ယောက် အိပ်နိုင်ခြင်းဖြစ်တော့၏။

နံနက်စောစော သုံးနာရီခန့်တွင် ရေထက်ဝက်ကျနေပြီ။ ဘကြီးသာကျော်နှင့် ဖိုးနီတို့ ကိုယ့်လုပ်ငန်းရှိရာသို့ လူစုခွဲ၍ထွက်လာခဲ့ကြသည်။ ချုံကလေးရှိရာ မြစ်ကွေ့ကိုရောက်တော့ အမှောင်ထုက လွှမ်းခြုံနေဆဲရှိသေးသည်။

နက်ပြာရောင်ကောင်းကင်တွင် ကြယ်ပွင့်ကလေးများက တဖျပ်ဖျပ် တောက်ပလျက်ရှိသည်။ ချုံနှင့်ဝါးနှစ်ပြန်ခန့်အကွာသောင်စပ်တွင် လှေကို အသာကပ်လိုက်သည်။ အသံမထွက်စေရန် ဂရုစိုက်၍ လှေပေါ်မှဝါးယင်းလိပ်များကို အသာချသည်။ ချုံအနားသို့ တဖြည်းဖြည်းကပ်၍အလာ၌ မြင်ရသော မြင်ကွင်းကြောင့် ရှေ့ဆက်၍ မလှမ်းနိုင်အောင်ဖြစ်ကာလတာပြင်သောင်စပ်တွင် ငူငူကြီးရပ်၍ နေမိတော့သည်။

ချုံကို စနစ်တကျ ညီညီညာညာပတ်ကာထားသော ဝါးတို့ဖရိုဖရဲဖြစ်နေသည်။ ချုံကိုင်းတချို့ဟိုတစ်စ သည့်တစ်စဖြစ်နေသည်။ တစ်စုံတစ်ယောက်က သူတို့ချုံကို ဖျက်ဆီးသွားခဲ့ပြီ။ ချုံထဲက ငါး၊ ပုစွန်တို့ကို ခြောက်လှန့်ထုတ်ယူသွားခဲ့ပြီ။

ကွန်သမားများ၊ ပိုက်သမားများတော့မဟုတ်တန်ရာ။ ချုံကိုလှုပ်ကာယမ်းကာ ခြောက်ထုတ်၍ ကွန်ဖြင့်၊ ပိုက်ဖြင့် မသိမသာဖမ်းယူသွားပေလိမ့်မည်။ အခုကိစ္စကတော့ တမင်ဖျက်ဆီးခဲ့သည်မှာ သေချာ၏။

နှစ်တောင်ခန့် မြေဝင်စိုက်၍ ကာထားသော ဝါးလုံးသည် သာမန်ဆွဲခါ လှုပ်ယမ်းရုံဖြင့် အခုကဲ့သို့ ကျွတ်ထွက်စရာမရှိပေ။

ဖိုးနီသည် လူကသာလတာပြင်တွင် ပေါက်နေသော လမုပင်ကဲ့သို့ မတ်မတ်ကြီးရပ်လျက်ရှိသော်လည်း စိတ်ကတော့ ယောက်ယက်ခတ်လှုပ်ရှားလျက်ရှိ၏။ မိမိနှင့်ရန်ဘက်ဟူ၍ မည်သူမျှမရှိ။ ရှိစေဦးတော့၊ "တံငါသည်အချင်းချင်းကတော့ ဒီလိုတော့ မလုပ်တန်ရာ"ဟု တွေးနေရင်းနှင့်ပင် ဖိုးနီ၏အာရုံတွင် မျက်နှာတစ်ခုကို ဖျတ်ကနဲပေါ်လာသည်။ "ကံလှများလား..."

ချုံသမားများသည် ချုံဖော်ရာတွင် မရှိမဖြစ်သော ဝါးယင်းလိပ်များကို ဘယ်သူမှကိုယ်ပိုင်မရှိကြ။ ဝယ်ထားနိုင်သူမရှိ။ ကွန်သမား၊ ပိုက်သမား၊ ဘဝန်းသမား၊ ချုံသမား တံငါသည်တို့ရလာသည့် ငါး၊ ပုစွန်များရောင်းချရာ ငါးဒိုင်များတွင်သာရှိကြသည်။

ထိုငါးဒိုင်တို့သည် ဝါးယင်းလိပ်များကို ဝယ်ယူထားကာ ချုံသမား၊ တမံဖော်သမားများကို အခကြေးငွေဖြင့် ငှားလေသည်။ သူတို့ထံမှ ယင်းလိပ်ငှားသူသည် မိမိတို့ရလာသော ငါး၊ ပုစွန်တို့ကို သူတို့ဒိုင်မှာသာ ရောင်းချရတော့သည်။ ယင်းလိပ်ငှားခလဲရသည့်အပြင် ဖောက်သည်လဲရသောနည်းဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်။

# ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ပုလဲ အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၈၀၀၆၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် သြဂုတ်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပုလဲမြို့နယ်မှာ နှမ်းဧက ၈၀၀၆၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြသည်။

ပုလဲမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့အတွက်အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးရှဉ့်ပိသာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးရှဉ့် ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သြဂုတ်လအတွင်း ငါးရှဉ့် ပိဿာချိန် ၄၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပြီး စက်တင်ဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ပြီးခဲ့တဲ့ စက်တင်ဘာလ ပထမပတ် လောက်ကတည်းက ငါးရှဉ့်တွေ သိသိသာသာ တင်ပို့အားကောင်းခဲ့ပါတယ်။ အရင်လကထက် ငါးရှဉ့်ပိဿာချိန် ၁၂၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက် ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့နေတာပါ။ ရန်ကုန်ဈေးကွက်ကနေ တစ်ဆင့် အခြားဈေးကွက်တွေကို ဆက်လက် ဖြန့်ဖြူးရောင်းချတာဖြစ်ပါတယ်။ အခုလို တင်ပို့အားကောင်းလာတော့ ငါးရှဉ့်မွေးမြူသူတွေနဲ့ လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။



ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးရှဉ့် ၁၀ ပိဿာလျှင် အရွယ်အစားပေါ်မူတည်ပြီး ငွေကျပ် ၂၀၅၀၀၀ မှ ၂၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ပေါင်မြို့နယ် ဇာကဒွန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပေါင် အောက်တိုဘာ ၁၇**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ဇာကဒွန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၁၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆုစန္ဒီအောင်နှင့် ဝန်ထမ်းများက ဇာကဒွန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၁ ဒသမ ၁ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာကူညီပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် သြဂုတ်လမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သုတ**

## ပူမှုစံတင် ကမ္ဘာတစ်ခွင်

\- အယ်လ်နီညို အပူလှိုင်း
လူတိုင်းအတွက် အန္တရာယ်၊
မိုးခေါင်ကာ ရေတွေရှား၍
ဒုက္ခများဖွယ်၊
ရေကြီးမှု ကြုံတစ်သွယ်
တောင်ပြိုမယ် သတိထား၊
သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုကြောင့်
ဆိုးကျိုးခုများ။

\- ပူမှုကြုံ ကမ္ဘာတစ်လွှား
ခံစားရမည့် အယ်လ်နီညို၊
သစ်တောသစ်ပင် ပြုန်းတီးသမို့
ဆုံးရှုံးကြီးသလို၊
ကာဗွန်ဒိုင်အောက်ဆိုက်က
ထုတ်လုပ်သမျှ အန္တရာယ်ပို
ကမ္ဘာကို ဆိုးကျိုးပေး၊
လူသားတွေ မဆင်ခြင်တတ်၍
(သဘာဝတရားက)
ဒဏ်ခတ်ပြီလေး။

\- လူတိုင်းကိုယ်စီ အသိကပ်တွေး
ထိန်းသိမ်းမနှေး သစ်တောသစ်ပင်၊
စက်သုံးယာဉ် စက်ရုံအမျိုးမျိုး
ဆိုးကျိုးကိုပြင်၊
သဘာဝဘေး မကြုံလာခင်
ကြိုတင်ကာကွယ်စို့၊
တို့မြေကမ္ဘာ အပူပင်ဝေးအောင်
ပညာပေးဖို့။

\- ကမ္ဘာမြေ မပျက်စီးဖို့
တားဆီးလို့ ထိန်းကြကာ၊
လူတိုင်းကိုယ်စီ နည်းလမ်းသိ
စည်းကမ်းရှိပါ၊
မေတ္တာတရား ထားကြမှသာ
ဘေးဆိုးကွာ အန္တရာယ်ဝေး၊
မြေကမ္ဘာနေ လူသားအပေါင်းတို့
စိတ်ကောင်းကိုမွေး။ ။

**မောင်နွေဦး(လယ်ဝေး)**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# စိတ်ဖိစီးမှုလျှော့ချခြင်း

ဒေါက်တာလွင်သန့်



စိတ်ဖိစီးမှုများခြင်းသည် လူတိုင်းတွင်ရှိတတ်ပြီး အချိန်ကြာသည်နှင့်အမျှ ခန္ဓာကိုယ်တွင်း ရောင်ရမ်းမှုဖြစ်စေသည်။ ထိုမှတစ်ဆင့် ရောဂါများဖြစ်တတ်သည်။ ထို့ကြောင့် မိမိကိုယ်ကို စိတ်ဖိစီးမှုလျှော့ချရမည်ဖြစ်သည်။

မိမိကိုယ်ကိုဂရုစိုက်မှုက ကောင်းမွန်သောဆေးတစ်ခွက်ဖြစ်ပြီး ကျန်းမာပျော်ရွှင်မှုအတွက် မရှိမဖြစ်လိုအပ်ရုံသာမက ခွန်အားဖြစ်စေကာ ကြုံတွေ့နေရသည့် အခက်အခဲများကို ကောင်းမွန်စွာရင်ဆိုင်ကျော်ဖြတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မိမိအတွက် အဆင်ပြေမည့် စိတ်ဖိစီးမှုကိုလျှော့ချပေးနိုင်ခြင်းကိုရှာဖွေ၍ မိမိအနှစ်သက်ဆုံးအချက်များမှ စတင်သင့်သည်။

အောင်မြင်မှုအသေးအမွှားများကို အာရုံစိုက်ပြီး မိမိ၏တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် အချိန်ပေးရုံပင်ဖြစ်သည်။ အခြားအရာများလုပ်ရန် အင်အားမရှိဟုခံစားရသည့်အချိန်တွင် အိပ်ခြင်းထက် ရေချိုးပြီး အဝတ်အစားလဲလိုက်သည်က စိတ်ဖိစီးမှုလျော့ကျကာ ခန္ဓာကိုယ် ပိုမိုလန်းဆန်းစေသည်။ ထို့ပြင် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း၊ လမ်းလျှောက်ခြင်းများ ပြုလုပ်သင့်သည်။ ခြေလှမ်းတစ်လှမ်းမှ စတင်ကာ ခြေလှမ်းတစ်ခုချင်းစီသည် အောင်မြင်မှုတစ်ခုအနေဖြင့် ဂုဏ်ပြုသင့်သည်။

**သဘာဝတရားနှင့် အချိန်ကုန်ဆုံးခြင်း**

ပန်းခြံ သို့မဟုတ် စိမ်းလန်းသည့်နေရာ သို့မဟုတ် ကမ်းခြေနေရာများ၌ ငါးမိနစ်မျှအချိန်ပေးခြင်းက စိတ်ဖိစီးမှုကိုလျော့ကျနိုင်သည်။

သဘာဝတရားကို မိမိအိမ်ထဲထိလည်း ယူဆောင်လာ၍ရသည်။ ပြတင်းပေါက်များအနီးတွင် သစ်ပင်ငယ်များ စိုက်ပျိုးခြင်း၊ ပန်းအိုးထဲရှိ ပန်းကလေးများကိုကြည့်ခြင်းဖြင့်ပင် စိတ်ဖိစီးမှုကို ပြေလျော့စေသည်။

ခြင်းတောင်းတစ်ခုပြင်ဆင်ကာ မိမိနှစ်သက်သောပစ္စည်းများကို ထည့်ထားသင့်သည်။ အမွှေးနံ့သာအိတ်၊ ခြေအိတ် သို့မဟုတ် အိမ်စီးဖိနပ်တစ်စုံ၊ မိမိအတွက်အဓိပ္ပာယ်ရှိသည့်စာအုပ်တစ်အုပ်၊ ချစ်ရသူများဆီကပေးပို့သော ကတ်ပြားများ၊ ပျော်ရွှင်စရာအချိန်များက မှတ်တမ်းဓာတ်ပုံများနှင့် မိမိအကြိုက်ဆုံး ဆေးဖက်ဝင်ပစ္စည်းများကိုပါ ထည့်သွင်းနိုင်သည်။ စိတ်ဖိစီးမှုလျှော့ချရန် အဆိုပါခြင်းတောင်းထဲမှပစ္စည်းတစ်ခုချင်းကို ထိတွေ့ခံစားကြည့်ခြင်းသည်လည်း စိတ်ဖိစီးမှုကို လျော့နည်းစေသည်။

**အာဟာရဓာတ်ပို၍မှီဝဲခြင်း**

ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများက မိမိစိတ်ခံစားချက်ကို မြှင့်တင်ပေးနိုင်သည်။ ကျန်းမာရေးနှင့်မညီညွတ်သည့် အစားအစာများက စိတ်ဓာတ်ကျနိုင်ခြေမြင့်မားစေပြီး သွေးတွင်းသကြားဓာတ်ကို ကမောက်ကမဖြစ်စေသဖြင့် စိတ်အပြောင်းအလဲမြန်စေသည်။ ပိုမိုကောင်းမွန်သော စားသောက်မှုပုံစံကို တည်ဆောက်ရန် အဆီနည်းသည့်ပရိုတင်း၊ လတ်ဆတ်သည့်သီးနှံများနှင့် သံလွင်ဆီကဲ့သို့ မပြည့်ဝဆီတို့ကို အဓိကထားစားသုံးသင့်သည်။

စိတ်ခံစားချက်ကို မြှင့်တင်ပေးနိုင်သည့် အစားအစာများဖြစ်သော နှမ်းကြိတ်စေ့၊ သစ်ကြားသီးနှင့် နနွင်းကဲ့သို့ ဟင်းခတ်အမွှေးအကြိုင်များအပြင် ဒိန်ချဉ်ကဲ့သို့ ပရိုဘိုင်အိုတစ် ပါဝင်သည့်အစားအစာများကို မကြာခဏ စားပေးသင့်သည်။

**အိုမီဂါ-၃ စားသုံးခြင်း**

အိုမီဂါ-၃ ကဲ့သို့ ကျန်းမာရေးနှင့် ညီညွတ်သည့် အဆီအက်စစ်များသည် နှလုံးကျန်းမာရေးကို မြှင့်တင်ပေးပြီး ရောင်ရမ်းမှုကို လျှော့ချပေးသောကြောင့် စိတ်ကျရောဂါကိုလည်း သက်သာစေနိုင်သည်။ တစ်နေ့လျှင် အိုမီဂါ-၃ တစ်ဂရမ်မှ နှစ်ဂရမ်ထိ ပါဝင်သော ဖြည့်စွက်စာစားသုံးရန်သင့်သည်။ အကယ်၍ စိတ်ကျရောဂါကုသဆေးများကို သောက်သုံးနေသူများ အိုမီဂါ-၃ သောက်သုံးပေးခြင်းက မိမိသောက်နေသောဆေးများ၏ အာနိသင်ကို ပိုမိုထိရောက်နိုင်သည်။

**လေ့ကျင့်ခန်းလုပ်ခြင်း**

လေ့ကျင့်ခန်းပြုလုပ်ခြင်းသည် ခန္ဓာကိုယ်က ထွက်ရှိသည့် ပျော်ရွှင်မှုဓာတ်တစ်မျိုးဖြစ်သည့် အန်သိုဖင်ဓာတ်များထွက်ရှိစေသောကြောင့် ကျန်းမာပျော်ရွှင်မှုအပေါ် သိသာထင်ရှားသည့် သက်ရောက်မှုရှိနိုင်သည်။ လေ့ကျင့်ခန်းကို တစ်နေ့လျှင် မိနစ်အနည်းငယ်မျှ စတင်သင့်သည်။ လေ့ကျင့်ခန်းဆိုသည်မှာ ပင်ပန်းပြင်းထန်ခြင်းဖြစ်ရန်မလိုပေ။ ယောဂကျင့်ခြင်း၊ ရေကူးခြင်းကဲ့သို့ ညင်သာသည့် လှုပ်ရှားမှုများကလည်း စိတ်ဖိစီးမှုလျှော့ချခြင်းကို များစွာအထောက်အကူပြုသည်။ ထို့ကြောင့် ရေရှည်လုပ်ဆောင်နိုင်ရန်အတွက် မိမိနှင့်ကိုက်ညီမည့် လေ့ကျင့်ခန်းမျိုးရွေးချယ်သင့်သည်။ သီချင်းနားထောင်ခြင်း၊ သီချင်းဆိုခြင်း၊ ကခုန်ခြင်းများကလည်း စိတ်ကိုတက်ကြွစေသည်။

**လူမှုဆက်ဆံရေးတည်ဆောက်ခြင်း**

လူသားများသည် မိမိတို့၏ခံစားချက်များကို မိမိယုံကြည်ရသည့်သူကို မျှဝေနိုင်သည့်အခါ စိတ်ဖိစီးမှုလျော့ကျလေ့ရှိသည်။ စကားပြောရန် ခွန်အားမရှိဟု ခံစားရသော်လည်း မိမိတွင်စကားပြောဖော်တစ်ဦးရှိခြင်းကလည်း မိမိကိုယ်ကို ဂရုစိုက်မှုတစ်မျိုးဖြစ်သည်။ အထီးကျန်ဆန်သည့်ခံစားချက်များကို လျှော့ချပေးပြီး စိတ်ကျန်းမာရေးကို မြှင့်တင်ပေးသည်။

**စိတ်နှင့်ခန္ဓာကိုယ်ချိတ်ဆက်မှုနည်းလမ်းများ**

တရားထိုင်ခြင်း၊ သတိကပ်ခြင်း၊ အသက်ပြင်းပြင်းရှူခြင်း စသည့်အလေ့အကျင့်များက စိတ်တည်ငြိမ်မှုနှင့် ကျန်းမာပျော်ရွှင်မှုကို ပေးစွမ်းနိုင်သည်။ ၎င်းအတွက် တစ်နေ့ကို မိနစ်အနည်းငယ်အချိန်ပေးရန်လိုအပ်သည်။ မိမိကို ပျော်ရွှင်စေသည့်နေရာမှ လူတစ်ဦးကို စိတ်ကူးထဲတွင် အထင်အရှား ပုံဖော်ကြည့်သင့်သည်။ ၎င်းကိုမိမိမျက်စိထဲ၌ မြင်ယောင်နေချိန်တွင် မိမိ၏ အသက်ရှူသွင်းရှူထုတ်ပုံနှင့် အထူးပေါင်းစပ်သင့်သည်။ အဆိုပါပုံရိပ်ကို တွေးတောကာ အသက်ကိုပြင်းပြင်းရှူသွင်းပြီး အသက်ရှူထုတ်သည့်အခါ ခန္ဓာကိုယ်အတွင်းမှ မကောင်းသည့် စွမ်းအင်များကို စွန့်ထုတ်လိုက်ပြီဟု မှတ်ယူသင့်သည်။

အလုပ်များများပြီးမြောက်ရန် မိမိကိုယ်ကို ဖိအားများ အလွန်အကျွံပေးနေမိသော်လည်းကောင်း၊ မိမိကတိပေးထားသည့် ကိစ္စရပ်များကြောင့် မွန်းကျပ်နေသော်လည်းကောင်း အတိုင်းအတာတစ်ခုသတ်မှတ်ရန် လိုအပ်သည်။

တရားမှတ်ခြင်းက မိမိကိုတည်ငြိမ်မှု၊ ငြိမ်းချမ်းမှုနှင့် မျှတမှုများပေးစွမ်းနိုင်ပြီး စိတ်ပိုင်းဆိုင်ရာအခြေအနေနှင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေး နှစ်ခုစလုံးကို အထောက်အကူပြုသည်။ ထို့ပြင် တရားမှတ်ခြင်းက လူတို့၏နေ့စဉ်လူနေမှုဘဝ ခံစားရသည့်စိတ်ဖိစီးမှုများလျော့ကျကာ စိတ်အေးချမ်းသာယာမှုကို မြှင့်တင်ရန် ခွန်အားပေးသည်။ တရားမှတ်သည့် နည်းလမ်းသိရှိထားလျှင် နေရာမရွေး၊ အချိန်မရွေးပြုလုပ်နိုင်သည်။ လမ်းလျှောက်ထွက်ချိန်တွင်လည်းကောင်း၊ အလုပ်သွားရန် ဘတ်စကားစီးချိန်တွင်လည်းကောင်း၊ ဆေးခန်း၌ စောင့်ဆိုင်းနေချိန်များတွင်လည်းကောင်း တရားရှုမှတ်နိုင်သည်။

**ရယ်မောခြင်း**

ဟာသဉာဏ်ရှိခြင်းက စိတ်ဖိစီးမှုကို လျော့ကျစေနိုင်သည်။ စိတ်ဖိစီးမှုများနေချိန်ပင် အတင်းအဓမ္မလုပ်ယူကာ ရယ်မောသင့်သည်။ ခန္ဓာကိုယ်အတွင်း ကောင်းမွန်သည့် ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများကိုလည်းဖြစ်ပေါ်စေသည်။ ရယ်မောခြင်းကစိတ်ဖိစီးမှုအပေါ် တုံ့ပြန်မှုမှာ အစပိုင်းတွင် စိတ်ကိုတက်ကြွစေပြီးနောက် ပြန်လည်ငြိမ်းအေးသွားစေသည်။ ထို့ကြောင့် ဟာသဖြစ်စေသောစာကို ဖတ်သင့်သည်။ ဟာသပြောသင့်သည်။ လူရွှင်တော်ပြက်လုံးများကြည့်ခြင်း၊ ရယ်မောစရာကောင်းသည့် စကားများကို သူငယ်ချင်းများနှင့် ပြောဆိုခြင်းများ ပြုလုပ်သင့်သည်။

**စိတ်ငြိမ်စေသည့်နည်းလမ်းများ**

မိမိပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသော အရာများကြောင့် စိတ်မွန်းကျပ်နေသည်ဟု ခံစားရသည့်အခါ စိတ်ငြိမ်စေသည့် အောက်ဖော်ပြပါ နည်းလမ်းများက မိမိစိတ်ကို ပြန်လည်လန်းဆန်းသွားစေသည်။ သိမ်မွေ့သည့် လှုပ်ရှားမှုများဖြစ်သောကြောင့် မည်သည့်နေရာမဆို ပြုလုပ်နိုင်သည်။

မိမိ၏လက်ညှိုး သို့မဟုတ် လက်သန်း၊ လက်သူကြွယ်ဖြင့် နားရွက်အပြင်ဘက် အပေါ်ပိုင်းမှ တွန့်နေသော အချိုင့်လေးကိုနှိပ်နယ်ပေးသင့်သည်။ နာရီလက်တံအတိုင်း အရင်လှည့်ပြီးနောက် နာရီလက်တံပြောင်းပြန်အတိုင်း ပြုလုပ်သင့်သည်။ လက်နှစ်ဖက်စလုံး၏ လက်ညှိုးနှင့်လက်မတို့ကို အသုံးပြုပြီး နားသီး၏ခြေရင်းမှ မိမိလည်ပင်းဘေးတစ်ဖက်စီကို အောက်ဘက်သို့ ပွတ်သပ်ပေးသင့်သည်။

မိမိလက်ဖဝါးထဲတွင် အလေးချိန်နည်းသည့် ပစ္စည်းတစ်ခုကိုကိုင်ထားပြီး အဆိုပါပစ္စည်းပေါ် အာရုံစိုက်ကာ စိတ်ကိုတည်ငြိမ်ရန် လုပ်သင့်သည်။ သေးငယ်သည့် ခရုခွံလေးများတစ်ခု သို့မဟုတ် ကျောက်ခဲတစ်လုံး သို့မဟုတ် အကြွေစေ့တစ်စေ့လည်းဖြစ်နိုင်သည်။

လေကို နှာခေါင်းဖြင့် ခပ်ပြင်းပြင်းရှူသွင်းပြီး ခန္ဓာကိုယ်တွင်းမှ လေများကို ပါးစပ်မှတစ်ဆင့် အပြင်သို့ ထုတ်သင့်သည်။ စိတ်တည်ငြိမ်သွားသည်ဟု ခံစားရသည်ထိ အကြိမ်ကြိမ်ရယ်သင့်သည်။

**စိတ်ဖိစီးမှုတိုင်းအကျိုးမဲ့ခြင်းမဟုတ်ပါ**

စာမေးပွဲဖြေဆိုခြင်း၊ ကားမောင်းခြင်းတို့တွင် စိတ်ဖိစီးမှုအတိုင်းအတာတစ်ခုထိ ရှိနိုင်သည်ကို တွေ့ရသည်။ လူမှုဘဝ နေ့စဉ်လှုပ်ရှားမှုများတွင် အလွန်အကျွံစိတ်ဖိစီးမှုမထားဘဲ တရားထိုင်ခြင်း၊ ရှုမှတ်ခြင်း၊ ခေတ္တခဏ အပန်းဖြေခြင်းမျိုးများ ပြုလုပ်၍ စိတ်ဖိစီးမှုကိုလျှော့ချနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။

❖ တရားထိုင်ခြင်း၊ သတိကပ်ခြင်း၊ အသက်ပြင်းပြင်းရှူခြင်း စသည့်အလေ့အကျင့်များက စိတ်တည်ငြိမ်မှုနှင့် ကျန်းမာပျော်ရွှင်မှုကို ပေးစွမ်းနိုင်သည်။ ၎င်းအတွက် တစ်နေ့ကို မိနစ်အနည်းငယ်အချိန်ပေးရန်လိုအပ်သည်။ မိမိကိုပျော်ရွှင်စေသည့်နေရာမှ လူတစ်ဦးကို စိတ်ကူးထဲတွင် အထင်အရှားပုံဖော်ကြည့်သင့်သည်။ ၎င်းကို မိမိမျက်စိထဲ၌ မြင်ယောင်နေချိန်တွင် မိမိ၏အသက်ရှူသွင်းရှူထုတ်ပုံနှင့်အထူးပေါင်းစပ်သင့်သည်။ အဆိုပါပုံရိပ်ကို တွေးတောကာ အသက်ကို ပြင်းပြင်းရှူသွင်းပြီး အသက်ရှူထုတ်သည့်အခါ ခန္ဓာကိုယ်အတွင်းမှ မကောင်းသည့်စွမ်းအင်များကို စွန့်ထုတ်လိုက်ပြီဟု မှတ်ယူသင့်သည်။ ❖

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ခင်ဦး အောက်တိုဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၆၁၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောပြောင်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူးရေ ၁၄၀၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ဖူးစားပြောင်း ၅၆၁၇ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းစိုက်ခင်းတွေ အခုလက်ရှိမှာ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင်းတောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ပေါင်းတည်မြို့နယ် ပေါက်အိုင်ကြီးကျေးရွာ၌ မြေနီလမ်းခင်းနေမှု စစ်ဆေး

ပေါင်းတည် အောက်တိုဘာ ၁၇

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်အိုင်ကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်း မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေလွင်စိုး၊ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့် ဝန်ထမ်းများက ပေါက်အိုင်ကြီးကျေးရွာ၌ ကျေးရွာတွင်း မြေနီလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ခရိုင်ဦးစီးမှူးက ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် မြေနီလမ်း အရှည်ပေ ၁၆၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ မြေနီလမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၅၃ သန်း စုစုပေါင်း ငွေကျပ် ၂၁ ဒသမ ၅၃ သန်းဖြင့် ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလတတိယပတ်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

သန္တာ

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးမုတ်ပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဒေးဒရဲ အောက်တိုဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးမုတ် ပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်းက ငါးမုတ် ပိဿာချိန် ၃၂၀၀၀သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးမုတ် ပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးမုတ်များကို ပြည်တွင်းဈေးကွက်တွင် ဝယ်လိုအားကောင်းလာခြင်းကြောင့် တင်ပို့မှုအား ကောင်းလာခြင်း ဖြစ်ကြောင်း သိရသည်။



"ငါးမုတ်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချမှုအား ကောင်းလာခဲ့တာပါ။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးမုတ်ပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က တင်ပို့ရောင်းချတဲ့ ငါးမုတ်တွေကို ရန်ကုန်ဈေးကွက်ကနေ ဝယ်ယူမှုများလာလို့ တင်ပို့မှုအားတက်ခဲ့တာပါ။ တင်ပို့မှုအား ကောင်းလာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာ တွေ့ရပါတယ်။ ဒီဘက်ဒေသက ထွက်တဲ့ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်" ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် အရောင်းအဝယ်ကောင်းမွန်သည့် ငါးမုတ်တစ်ပိဿာလျှင် ငွေကျပ် ၁၉၀၀၀ မှ ၂၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ ကျော်ကျော်လင်း

# မင်းဘူးမြို့နယ် ကန်ရေ - ၁ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းဘူး အောက်တိုဘာ ၁၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်ရေ - ၁ ကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှု လျှော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်း ဆောင်ရွက်ခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းနှင့် တာဝန်ရှိသူတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေ သိန်း ၄၀၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကန်ရေ - ၁ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၉ ဦးကို ရန်ပုံငွေကျပ် ၂၅၃ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၇ ဦးကို ရန်ပုံငွေကျပ် ၁၄၇ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၆ ဦးကို စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ဇင်မာ

# ပြည်မြို့နယ် အနောက်လက်ခုတ်ပင်ကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

ပြည် အောက်တိုဘာ ၁၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနောက်လက်ခုတ်ပင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေနှင့် ကျေးရွာပြည်သူလှူထည့်ဝင်ငွေတို့ဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေဇော်နှင့် ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့်အတူ အနောက်လက်ခုတ်ပင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း၊ ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

ပြည်မြို့နယ် အနောက်လက်ခုတ်ပင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်း လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၄ ဒသမ ၆၇ သန်း စုစုပေါင်း ငွေကျပ် ၁၉ ဒသမ ၆၈ သန်းဖြင့် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာ ၂၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကိုညီ

ကိုဗစ် - ၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက် အနားယူပါ။

# အယ်လ်နီညိုကာလ၏စိန်ခေါ်မှုများ အန္တရာယ်ကင်းစွာရင်ဆိုင်ကျော်လွှား

မေဇင်ထွန်း

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် ကမ္ဘာ့ရာသီဥတုအပေါ် သက်ရောက်မှုများစွာရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်သည်။ အဆိုပါဖြစ်စဉ်ကြောင့် အပူချိန်မြင့်တက်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ မိုးရွာသွန်းမှုပုံစံ ပြောင်းလဲခြင်းတို့ဖြစ်ပေါ်နိုင်သကဲ့သို့ အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းတို့လည်း ဖြစ်ပွားနိုင်သည်။ ထို့ကြောင့် အယ်လ်နီညိုကာလတွင် ပူပြင်းခြောက်သွေ့မှုသာ ဖြစ်ပေါ်နိုင်သည်မဟုတ်ဘဲ မိုးသည်းထန်စွာရွာခြင်း၊ မိုးကြိုးမုန်တိုင်းများ ဖြစ်ပေါ်နိုင်သည်ကို ကြိုတင်သတိပြုကာကွယ်ရန် လိုအပ်သည်။

အယ်လ်နီညိုဆိုသည်မှာ ပစိဖိတ်သမုဒ္ဒရာ အီကွေတာအနီးရှိ ပင်လယ်ရေမျက်နှာပြင်အပူချိန် ပုံမှန်ထက်မြင့်တက်လာခြင်းနှင့် ဆက်စပ်သည့် သဘာဝရာသီဥတုဖြစ်စဉ်တစ်ခုဖြစ်သည်။ အဆိုပါဖြစ်စဉ်သည် ပင်လယ်ရေမျက်နှာပြင်အပူချိန်ကိုသာ သက်ရောက်စေခြင်းမဟုတ်ဘဲ လေထုလည်ပတ်မှုနှင့် မိုးရွာသွန်းမှုပုံစံများကိုပါ ပြောင်းလဲစေနိုင်သည်။ ထိုပြောင်းလဲမှုများသည် ကမ္ဘာ့ဒေသအသီးသီးတွင် မတူညီသော ရာသီဥတုသက်ရောက်မှုများကို ဖြစ်ပေါ်စေတတ်သည်။ အချို့ဒေသများတွင် အပူချိန်မြင့်တက်၍ မိုးခေါင်ရေရှားမှု ကြုံတွေ့ရနိုင်သော်လည်း အချို့ဒေသများတွင် မိုးရွာသွန်းမှုပိုမိုများပြားခြင်းနှင့် ရေကြီးရေလျှံခြင်းတို့ ဖြစ်ပေါ်နိုင်သည်။

လက်ရှိရာသီဥတုအခြေအနေများနှင့် ပတ်သက်၍ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဆိုင်ရာ အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များကို အခြေခံကာ အယ်လ်နီညိုဖြစ်စဉ်၏ အားကောင်းလာနိုင်ခြေ၊ ကြာမြင့်နိုင်သည့်ကာလနှင့် ဒေသအလိုက် သက်ရောက်မှုများကို နိုင်ငံအလိုက် စောင့်ကြည့်သုံးသပ်ရန် လိုအပ်လာသည်။ ထို့ပြင် နိုင်ငံပိုင်မိုးလေဝသဌာနတို့က ထုတ်ပြန်ပေးနေသည့် အယ်လ်နီညိုပြင်းအားနှင့် ဖြစ်ပေါ်ချိန်တို့အပေါ် မူတည်၍ ရာသီဥတုသက်ရောက်မှုများ ကွဲပြားနိုင်သဖြင့် ခန့်မှန်းချက်များကို အချိန်နှင့်တစ်ပြေးညီ ပြည်သူများကလည်း လေ့လာပြီး ကြိုတင်ပြင်ဆင်ထားခြင်းသည် အရေးကြီးလာသည်။

အယ်လ်နီညိုကာလတွင် သတိပြုရမည့်အချက်တစ်ခုမှာ အပူချိန်မြင့်တက်ပြီး ပူပြင်းခြောက်သွေ့လာနိုင်သည့်အပြင် မိုးရွာသွန်းမှုလည်း ပုံမှန်မဟုတ်ဘဲ နေရာကွက်ကျားမိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ ဖြစ်လာနိုင်သည်။ ပုံမှန်အားဖြင့် မိုးနည်းမည်ဟု မျှော်မှန်းထားသည့်ကာလတွင် မိုးရွာသွန်းခြင်း၊ မိုးရာသီကုန်ဆုံးချိန်တွင် မိုးပြန်လည်ရွာသွန်းခြင်း၊ အချိန်တိုအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မိုးရွာသွန်းမှုအချိန်လွဲချော်ခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ သို့သော် အယ်လ်နီညိုဖြစ်စဉ်ရှိတိုင်း နေရာတိုင်းတွင် ထိုကဲ့သို့ဖြစ်မည်ဟု မဆိုနိုင်ပေ။ ဒေသအလိုက် ရာသီဥတုအခြေအနေများ ကွဲပြားနိုင်သဖြင့် ပြည်သူများက သက်ဆိုင်ရာ မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ သတင်းထုတ်ပြန်ချက်များကို အမြဲစောင့်ကြည့်သင့်သည်။

အချိန်အခါမဟုတ် မိုးရွာသွန်းမှုသည် စိုက်ပျိုးရေးလုပ်ငန်းများအပေါ် အခက်အခဲများ ဖြစ်ပေါ်စေနိုင်သည်။ သီးနှံများ ရင့်မှည့်ချိန်၊ ရိတ်သိမ်းချိန်နှင့် အခြောက်ခံသိုလှောင်ချိန်တို့တွင် မိုးရွာသွန်းပါက သီးနှံအရည်အသွေး ကျဆင်းခြင်း၊ ပျက်စီးဆုံးရှုံးခြင်းနှင့် တောင်သူများ၏ ဝင်ငွေလျော့နည်းခြင်းတို့ဖြစ်ပေါ်နိုင်သည်။ ထို့ပြင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းတို့လည်း ဖြစ်နိုင်သည်။ ထို့ကြောင့် မိုးခေါင်မည်ဟုသာ ကြိုတင်တွက်ဆမထားဘဲ မိုးရွာသွန်းမှု မမှန်ခြင်းနှင့် ရုတ်တရက်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်လာသည်။



အယ်လ်နီညို၏ သက်ရောက်မှုကို တိုက်ရိုက်ခံစားရနိုင်သည့် ကဏ္ဍတစ်ခုမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြစ်သည်။ အပူချိန်မြင့်တက်ပြီး မိုးနည်းပါက သီးနှံများအတွက် လိုအပ်သောရေ မလုံလောက်ခြင်း၊ မြေဆီလွှာအစိုဓာတ် လျော့နည်းခြင်းနှင့် သီးနှံအထွက်နှုန်း ကျဆင်းခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ မွေးမြူရေးတိရစ္ဆာန်များမှာလည်း အပူဒဏ်ကြောင့် ရေဓာတ်ခန်းခြောက်ခြင်း၊ အစာစားနိုင်မှု လျော့နည်းခြင်းကြောင့် အသားထွက်နှုန်း၊ ဥဥနှုန်းတို့ကျဆင်းလာခြင်း၊ အာဟာရမပြည့်ဝ၍ သေဆုံးခြင်းတို့ ကြုံတွေ့နိုင်သည်။

ထို့ကြောင့် တောင်သူများအနေဖြင့် ရာသီဥတုခန့်မှန်းချက်များနှင့်အညီ စိုက်ပျိုးချိန်ကို ပြောင်း၍စိုက်ခြင်း၊ ဒေသနှင့်ကိုက်ညီသော ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော သီးနှံမျိုးများကို ရွေးချယ်စိုက်ပျိုးခြင်း၊ ရေလိုအပ်ချက်နည်းပါးသည့် သီးနှံများကို ပြောင်းလဲစိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းပြီးသီးနှံများကို မိုးရေမစိုစေရန် အမိုးအကာအောက်တွင် စနစ်တကျသိုလှောင်ခြင်းတို့ကို ဆောင်ရွက်သင့်သည်။ မွေးမြူရေးလုပ်ငန်းများတွင်လည်း တိရစ္ဆာန်များအတွက် သန့်ရှင်းသော သောက်ရေ၊ အရိပ်အာဝါသနှင့် လေဝင်လေထွက်ကောင်းသောနေရာများ ရရှိရေးကို ကြိုတင်စီစဉ်ထားရမည်။

အယ်လ်နီညိုကာလတွင် ရေရှားပါးမှုဖြစ်ပေါ်လာနိုင်သဖြင့် ရေအရင်းအမြစ်များကို စနစ်တကျ စီမံခန့်ခွဲခြင်းသည်လည်း အရေးကြီးသည်။ မိုးရွာသွန်းချိန်တွင် ရေကိုအလေအလွင့်မရှိ စုဆောင်းသိုလှောင်ထားခြင်း၊ ရေကန်နှင့် ရေတွင်းများကို ထိန်းသိမ်းခြင်း၊ သောက်သုံးရေကို သန့်ရှင်းစွာထားရှိခြင်းနှင့် ရေချိုအရင်းအမြစ်များကို ခြိုးခြံချွေတာသုံးစွဲခြင်းတို့ကို ဆောင်ရွက်သင့်သည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း ရေကိုလိုအပ်သည့်နေရာနှင့်အချိန်တွင်သာ ထိရောက်စွာအသုံးပြုခြင်းဖြင့် ရေဆုံးရှုံးမှုကို လျှော့ချနိုင်သည်။

ထို့ပြင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်လာပါက ရေကြီးရေလျှံမှုများ မဖြစ်လာစေရေးရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများကို ဆယ်ယူရှင်းလင်းထားခြင်း၊ ရေကြီးနိုင်သည့်နေရာများကို ကြိုတင်သတ်မှတ်ထားခြင်းနှင့် အရေးပေါ်ရွှေ့ပြောင်းရေးအစီအစဉ်များ ပြင်ဆင်ထားခြင်းတို့ကိုလည်း ဆောင်ရွက်သင့်သည်။ အထူးသဖြင့် မြေနိမ့်ပိုင်း၊ မြစ်ကမ်းဘေးနှင့် တောင်စောင်းဒေသများတွင် နေထိုင်သူများသည် သက်ဆိုင်ရာဌာနများ၏ သတိပေးချက်များကိုလိုက်နာပြီး လိုအပ်ပါက အန္တရာယ်ကင်းရာသို့ အချိန်မီရွှေ့ပြောင်းနိုင်ရန် အသင့်ပြင်ဆင်ထားရမည်။

ထို့ပြင် အပူချိန်မြင့်တက်ခြင်းနှင့် ခြောက်သွေ့မှုများကြောင့် တောမီးလောင်မှု ဖြစ်ပွားနိုင်ခြေလည်း မြင့်တက်လာနိုင်သည်။ တောမီးသည် သစ်တောများ၊ တောရိုင်းတိရစ္ဆာန်များနှင့် ၎င်းတို့၏ နေထိုင်ရာ ပတ်ဝန်းကျင်ကို ပျက်စီးစေသည့်အပြင် မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေကာ လူတို့၏ ကျန်းမာရေးကိုလည်း ထိခိုက်စေနိုင်သည်။ ထို့ကြောင့် သစ်တောနှင့် မြက်ခင်းပြင်များအနီးတွင် မီးကို ပေါ့ဆစွာအသုံးမပြုခြင်း၊ တောင်ယာမီးရှို့ခြင်းကို ရှောင်ကြဉ်ခြင်း၊ မီးလောင်မှုတွေ့ရှိပါက သက်ဆိုင်ရာဌာနများထံ အမြန်သတင်းပို့ခြင်းတို့ကို အလေးထားဆောင်ရွက်သင့်သည်။

အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူဒဏ်က လူ့ကျန်းမာရေးကို ထိခိုက်စေတတ်သည်ကိုလည်း လျစ်လျူရှု၍မရပေ။ အပူချိန်မြင့်မားချိန်တွင် ခန္ဓာကိုယ်မှ ရေဓာတ်ဆုံးရှုံးမှု ပိုမိုများပြားလာနိုင်ပြီး ပင်ပန်းနွမ်းနယ်ခြင်းနှင့် အပူလွန်ကဲခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ရေကိုလုံလောက်စွာ သောက်သုံးခြင်း၊ နေ့လယ်ပိုင်း နေအပူပြင်းချိန်တွင် အပြင်ထွက်ခြင်းနှင့် အားစိုက်လုပ်ကိုင်ရသည့် အလုပ်များကိုလျှော့ချခြင်း၊ အရိပ်ရပြီး လေဝင်လေထွက်ကောင်းသောနေရာတွင် အနားယူခြင်းတို့ကို လိုက်နာသင့်သည်။ အထူးသဖြင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များနှင့် နာတာရှည်ရောဂါရှိသူများကို အပူဒဏ်မှ ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်သည်။

အယ်လ်နီညိုကြောင့် ရာသီဥတုပြောင်းလဲမှုများသည် လူတစ်ဦးချင်းစီ၏ ကျန်းမာရေးသာမက နေ့စဉ်လူနေမှုဘဝနှင့် စီးပွားရေးလုပ်ငန်းများကိုပါ သက်ရောက်နိုင်သည်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှု မြင့်တက်လာခြင်း၊ သောက်သုံးရေလိုအပ်ချက်များပြားလာခြင်း၊ သီးနှံဈေးနှုန်းများ အတက်အကျဖြစ်ခြင်းနှင့် အလုပ်လုပ်ကိုင်နိုင်စွမ်း ကျဆင်းခြင်းတို့သည် ပြည်သူများ၏ လူမှုစီးပွားဘဝအပေါ် ဖိအားများ ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် အိမ်ထောင်စုတစ်စုချင်းစီအနေဖြင့် သောက်သုံးရေကို ကြိုတင်စုဆောင်းထားခြင်း၊ အရေးပေါ်အသုံးအဆောင်များ ပြင်ဆင်ထားခြင်း၊ အိမ်ပတ်ဝန်းကျင်ရှိ ရေနုတ်မြောင်းများနှင့် မီးဘေးအန္တရာယ်များကို စစ်ဆေးထားခြင်းတို့ကို ပုံမှန်ဆောင်ရွက်သင့်သည်။

ကောလာဟလသတင်းများကို နားထောင်၍ စိုးရိမ်ပူပန်နေခြင်းထက် ယုံကြည်စိတ်ချရသော သတင်းရင်းမြစ်များမှ အမြဲလေ့လာစောင့်ကြည့်ရန် ဖြစ်သည်။ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာဌာနများ၏ ခန့်မှန်းချက်များ၊ ကျန်းမာရေးဆိုင်ရာ အကြံပြုချက်များနှင့် သဘာဝဘေးအန္တရာယ် သတိပေးချက်များကို အချိန်မီရရှိပါက ကြိုတင်ပြင်ဆင်မှုများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မှန်ကန်၍ ယုံကြည်ရသော သတင်းအချက်အလက်များကို မိသားစုဝင်များ၊ အိမ်နီးချင်းများနှင့် လူမှုအသိုက်အဝန်းအတွင်း မျှဝေပေးခြင်းသည်လည်း အန္တရာယ်လျော့ချရေးအတွက် အထောက်အကူပြုနိုင်သည်။

အယ်လ်နီညိုဖြစ်စဉ်ကို တစ်ဦးတစ်ယောက်တည်း၏ ကြိုးပမ်းမှုဖြင့် တားဆီးနိုင်မည်မဟုတ်သော်လည်း အစိုးရ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူတို့ပူးပေါင်း၍ အယ်လ်နီညို၏ သက်ရောက်မှုများကို ကြိုတင်ပြင်ဆင်ခြင်း၊ သတိပြုကာကွယ်ခြင်းတို့ကို အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် လျှော့ချနိုင်သည်။ အပူချိန်မြင့်တက်မှုနှင့် မိုးခေါင်ရေရှားမှုကိုသာမက အချိန်အခါမဟုတ် မိုးရွာသွန်းမှု၊ ရေကြီးရေလျှံမှုနှင့် တောမီးအန္တရာယ်တို့ကိုပါ ထည့်သွင်းစဉ်းစားကာ အခြေအနေအလိုက် လိုက်လျောညီထွေ ပြင်ဆင်ထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုနှင့်အတူ သက်ဆိုင်ရာဌာနများ၊ တောင်သူလယ်သမားများ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများအားလုံးက မိမိတို့၏ သက်ဆိုင်ရာကဏ္ဍအလိုက် အယ်လ်နီညိုကြိုတင်ကာကွယ်ရေးအစီအစဉ်များကို လက်တွေ့အကောင်အထည်ဖော်ခြင်းနှင့် အန္တရာယ်ဖြစ်ပေါ်လာချိန်တွင် စည်းလုံးညီညွတ်စွာ တုံ့ပြန်ဆောင်ရွက်ခြင်းတို့ဖြင့် အယ်လ်နီညိုကာလ၏ စိန်ခေါ်မှုများကို အန္တရာယ်ကင်းကင်း အတူတကွ ရင်ဆိုင်ကျော်လွှားနိုင်မည်ပင်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

**ကိုးကား**

- ၆-၁၀-၂၀၂၆ နှင့် ၁၅-၁၀-၂၀၂၆ ထုတ် ရတနာပုံသတင်းစာများ။

# ချစ်စရာ့အရွယ် စာဖတ်မယ်

## အောင်မြင်မှု ဆိုသည်မှာ

သားသားမီးမီးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်လေးကတော့ "အောင်မြင်မှုဆိုသည်မှာ"ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက တောအုပ်ကြီးအတွင်းမှာ တောဘုရင်လို့ခေါ်တဲ့ ခြင်္သေ့ကြီးလေးကောင် အုပ်စိုးနေထိုင်သတဲ့ကွယ်။ ခြင်္သေ့ကြီးလေးကောင်ဟာ အရှေ့ဘက်ခြမ်း၊ အနောက်ဘက်ခြမ်း၊ တောင်ဘက်ခြမ်း၊ မြောက်ဘက်ခြမ်းဆိုပြီး ခွဲပြီး အုပ်ချုပ်သတဲ့ကွယ်။ အရှေ့ဘက်ခြမ်း၊ အနောက်ဘက်ခြမ်း၊ တောင်ဘက်ခြမ်း၊ မြောက်ဘက်ခြမ်းတို့ရဲ့ အလယ်တည့်တည့် ကုက္ကိုပင်ကြီးမှာ ပညာရှိဇီးကွက် နေထိုင်သတဲ့ကွယ်။ တောဘုရင် ခြင်္သေ့ကြီးလေးကောင်ဟာ ဘယ်ကိစ္စကိုမဆို ဆောင်ရွက်တဲ့အခါ ပညာရှိဇီးကွက်ဆီမှာ အကြံဉာဏ်လာတောင်းကြတယ်။ ခြင်္သေ့ကြီးလေးကောင်ဟာ ကိုယ်ပိုင်အရည်အချင်းတွေလဲရှိကြသတဲ့။ ဒါပေမဲ့ အရှေ့ဘက်ခြမ်းက ခြင်္သေ့ကြီးဟာ အတတ်ပညာတတ်ကျွမ်းပြီး ခွန်အားဗလဟာလဲ ဆင်ပြောင်ငါးစီးလောက် သန်မာတာပေါ့ကွယ်။

တစ်နေ့မှာတော့ အရှေ့ဘက်ခြမ်းက ခြင်္သေ့ကြီးဟာ အကြံတစ်ခုရသတဲ့။ အဲဒီအကြံကတော့ အနောက်ဘက်ခြမ်း၊ တောင်ဘက်ခြမ်း၊ မြောက်ဘက်ခြမ်းက တောဘုရင်ခြင်္သေ့တွေနဲ့ တိုက်ခိုက်ပြီး မိမိရဲ့အစွမ်းသတ္တိပြမယ်ပေါ့ကွယ်။ ဒါကြောင့် သူရဲ့အစီအစဉ်ကို စတင်အကောင်အထည်ဖော်ဖို့ တောင်ဘက်ခြမ်းက ခြင်္သေ့ဘုရင်ဆီ စစ်သည်ဗိုလ်ပါတွေနဲ့ လာကြသတဲ့။ အရှေ့ဘက်ခြမ်းက တောဘုရင်ခြင်္သေ့ကြီးလာတဲ့အကြောင်းကို တောင်ဘက်ခြမ်းက ခြင်္သေ့ဘုရင် ကြားသိတဲ့အခါ

"မိမိမှာ မတိုက်ခိုက်ဝံ့ကြောင်း"

ကိုယ်တိုင်သွားရောက်ပြောသတဲ့။ ပြီးတော့ အရှေ့ဘက်ခြမ်းက တောဘုရင်အကြိုက် လက်ဆောင်ပစ္စည်းတွေ ပေးလိုက်သတဲ့ကွယ်။ ဒီသတင်းဟာ အရှေ့၊ အနောက်၊ တောင်၊ မြောက် နေရာအနှံ့ဆီ ပျံ့သွားသတဲ့။

အရှေ့ဘက်ခြမ်းက တောဘုရင်ခြင်္သေ့ကြီးဟာ အနောက်ဘက်ခြမ်းက တောဘုရင်ခြင်္သေ့ကြီးဆီ စစ်သည်ဗိုလ်ပါတွေနဲ့ ရောက်လာပြန်သတဲ့။ တောင်ဘက်ခြမ်းက ခြင်္သေ့လိုပဲ အနောက်ဘက်ခြမ်းက တောဘုရင်ခြင်္သေ့ဟာ အရှေ့ဘက်ခြမ်းက တောဘုရင်ခြင်္သေ့ကြီးကို မတိုက်ခိုက်ဝံ့ကြောင်းပြောပြီး လက်ဆောင်ပစ္စည်းတွေ ပေးလိုက်ရသတဲ့ကွယ်။ ဒီသတင်းဟာ မြောက်ဘက်ခြမ်းက တောဘုရင်ခြင်္သေ့ကြီးဆီ ရောက်သွားသတဲ့။ ဒါကြောင့် မြောက်ဘက်ခြမ်းက တောဘုရင်ခြင်္သေ့ကြီးက အစည်းအဝေးခေါ်သတဲ့။ ပြီးတော့ ခြင်္သေ့အပေါင်းတို့ကို စကားဆိုလိုက်သတဲ့ကွယ်။

"ကဲ... ခြင်္သေ့အပေါင်းတို့ အရှေ့ဘက်ခြမ်းက တောဘုရင်ခြင်္သေ့ဟာ ကျွန်ုပ်နေတဲ့မြောက်ဘက်ခြမ်းကို မကြာခင်ရောက်လာပြီး တိုက်ခိုက်ဖို့ပြောလိမ့်မယ်။ ဒါကြောင့် တို့တွေဟာ အခြားခြင်္သေ့တွေနဲ့ မတူ



ကြောင်း သက်သေပြရမယ်။ ခြင်္သေ့တွေကလဲ မြောက်ဘက်ခြမ်းက တောဘုရင်ခြင်္သေ့ကြီးရဲ့စကားကို သဘောတူကြသတဲ့။ ဒီသတင်းဟာ အရှေ့ဘက်ခြမ်းက တောဘုရင်ခြင်္သေ့ကြီးဆီ ပေါက်ကြားသွားတာပေါ့။ ဒါကြောင့် အရှေ့ဘက်ခြမ်းက တောဘုရင်ခြင်္သေ့ကြီးဟာ မိမိတိုက်ခိုက်ရမှာကိုတွေးပြီး ပျော်နေတာပေါ့။ စစ်သည်ဗိုလ်ပါအားလုံးနဲ့ မြောက်ဘက်ခြမ်းကို ချီတက်လာသတဲ့။ ချီတက်လာရင်း တောအုပ်ရဲ့ လမ်းလေးခွကိုရောက်တဲ့အခါ အရှေ့ဘက်ခြမ်းက တောဘုရင် ခြင်္သေ့ကြီးဟာ ပညာရှိဇီးကွက်ဆီဝင်ပြီး မိမိနဲ့မြောက်ဘက်ခြမ်းက တောဘုရင်ခြင်္သေ့နဲ့ တိုက်ခိုက်ရင် ဘယ်သူနိုင်မလဲလို့ မေးသတဲ့။ ထိုအခါ ပညာရှိဇီးကွက်က "အရှင် ဘယ်သူကို သွားမေးမေး အရှင့်ရဲ့ဘုန်းကံ ခွန်အားကို ဘယ်တောဘုရင် ခြင်္သေ့တွေ မယှဉ်ပြိုင်နိုင်ပါ။ အခု မြောက်ဘက်ခြမ်းက တောဘုရင်ခြင်္သေ့နဲ့တိုက်ခိုက်ရင်လဲ အရှင်သာ နိုင်မယ်"လို့ ပြောသတဲ့။ ပညာရှိဇီးကွက်ရဲ့စကားကို အရှေ့ဘက်ခြမ်းက တောဘုရင် ခြင်္သေ့ကြားတဲ့အခါ ငါနိုင်မှာပဲလို့တွေးပြီး ဖွဲ့ လုံ့လ ဝီရိယကို လျှော့လိုက်သတဲ့ကွယ်။

မြောက်ဘက်ခြမ်းက ခြင်္သေ့ဘုရင်ကတော့ ပညာရှိ ဇီးကွက်ရဲ့စကားကိုကြားတဲ့အခါ အတော်လေးစိတ်ထိခိုက်လာသတဲ့ကွယ်။ အဲဒီနောက်မှာတော့ မြောက်ဘက်ခြမ်းက ခြင်္သေ့ဘုရင်ဟာ မိမိကိုယ့်ကို အားပေးရင်း စဉ်းစားသတဲ့။

"အင်း... ခုအချိန်သာ ငါပျော့ညံ့ပြီး ဖွဲ့ လုံ့လ ဝီရိယကိုလျှော့ရင် ငါ့ကိုဘယ်သူမှ ယုံကြည်အားကိုးမှာ မဟုတ်တော့ဘူး။ အရှုံးကို လက်ခံတဲ့သူရယ်လို့ လက်အောက်ငယ်သားတွေရဲ့ ရယ်မောလှောင်ပြောင်ခြင်းခံရမယ်။ ဘိုးစဉ်ဘောင်ဆက် ငါတို့မျိုးနွယ်ရဲ့ဂုဏ်ဟာ ငါ့ကြောင့် ညှိုးနွမ်းလိမ့်မယ်။ ငါ့ရဲ့ သားမြေးစဉ်ဆက် ခြင်္သေ့တွေကြား မျက်နှာငယ်ငယ်နဲ့နေရမယ်။ အရာအားလုံးဟာ ငါ့အပေါ်ပဲမူတည်တယ်။ ငါစိတ်ဓာတ်ကျလို့မဖြစ်ဘူး။ ငါနိုင်ရမယ်။ ငါဟာ မြောက်ဘက်ခြမ်းက တောဘုရင်ဖြစ်ကြောင်း ပြရမယ်"လို့ အမျိုးမျိုးတွေးကာ မြောက်ဘက်ခြမ်းက ခြင်္သေ့ဘုရင်ဟာ အရင်ကထက် မိမိတတ်ထားတဲ့ပညာတွေကို အခြားခြင်္သေ့တွေကို သင်ကြားပေးသတဲ့။ နေ့ညပုံမှန် ဖွဲ့ လုံ့လ ဝီရိယ ပေါင်းစပ်ကာ လေ့ကျင့်နေသတဲ့ကွယ်။ ဒ့ါပြင်ခြင်္သေ့အားလုံးကိုညီညာသောအင်အားနဲ့ တကွ အရှေ့ဘက်ခြမ်းက ခြင်္သေ့ကိုတိုက်ခိုက်အနိုင်ယူဖို့ ပြောဆိုဆုံးမသတဲ့။

ဒီလိုနဲ့ အရှေ့ဘက်ခြမ်းက တောဘုရင် ခြင်္သေ့နဲ့ မြောက်ဘက်ခြမ်းက ခြင်္သေ့တို့ တိုက်ခိုက်လာတာ တစ်ရက်ကျော်ကြာတဲ့ထိ အနိုင်အရှုံးက မပေါ်သေး ဖြစ်နေသတဲ့ကွယ်။ ဒါပေမဲ့ အရှေ့ဘက်ခြမ်းက တောဘုရင်ခြင်္သေ့ဟာ သက်လုံကျလာသတဲ့။ မြောက်ဘက်ခြမ်းက တောဘုရင်ခြင်္သေ့ကတော့ အမောလုံ အားပိုကောင်းလာသတဲ့။ နောက်ဆုံး အရှေ့ဘက်ခြမ်းက တောဘုရင် ခြင်္သေ့ဟာ တိုက်ခိုက်တဲ့ဒဏ်ကိုမခံနိုင်ဘဲ ထွက်ပြေးရသတဲ့ကွယ်။

အရှေ့ဘက်ခြမ်းက တောဘုရင်ခြင်္သေ့ဟာ ပြေးရင်း ပြေးရင်း ပညာရှိဇီးကွက်နေတဲ့ ကုက္ကိုလ်ပင်ဆီ ရောက်လာသတဲ့။ ပြီးတော့ ပညာရှိဇီးကွက်ကို စကားဆိုလိုက်သတဲ့။ "မိမိမနိုင်ဘဲ နိုင်တယ်"လို့ မုသားစကားဆိုကြောင်း ပညာရှိဇီးကွက်ကိုလှမ်းပြောလိုက်သတဲ့။ အဲဒီအချိန် ပညာရှိဇီးကွက်က "အရှင်ကျွန်ုပ်သည် မုသားစကားမဆို။ အရှင်သာ လုံ့လ ဝီရိယလျှော့၍ ရှုံးခြင်းဖြစ်တယ်။ ဒါကြောင့် ဖွဲ့လုံ့လ ဝီရိယရှိသော မည်သူကိုမဆို ကျွန်ုပ်၏ ပညာအစွမ်းဖြင့် မတားဆီးနိုင်"ဟု ပြောသတဲ့ကွယ်။ အရှေ့ဘက်ခြမ်းက တောဘုရင်ခြင်္သေ့ဟာ မိမိရှုံးရခြင်းအကြောင်းကိုသိရှိပြီး အရှေ့ဘက်ခြမ်းတောအုပ်သို့ ပြန်သွားသတဲ့ကွယ်။

ပုံပြင်လေးရဲ့သင်ခန်းစာကတော့ လောကမှာ ပညာအရည်အချင်း ဘယ်လောက်ရှိရှိ ဖွဲ့ လုံ့လ ဝီရိယ မရှိရင် မည်သည့်ကိစ္စကိုမဆို မအောင်မြင်နိုင်ကြောင်း အရှုံးကိုသာ လက်ခံရကြောင်းသိရှိပြီး မည်သည့်ကိစ္စကိုပဲလုပ်လုပ် ဖွဲ့ လုံ့လ ဝီရိယ ပညာ ပေါင်းစပ်ပြီး ကြိုးစားကြပါလို့ ဆန္ဒပြုလိုက်ပါတယ်ကွယ်။ ။

**မောင်ပုည(ဟသ်ာတမြေ)**

## ဆို က ရေး တီး

- စည်းနှင့်ဝါးက အခြေခံ
  မြန်မာ့ ဂီတသံ။
- ခေါင်းခါးမကျန် ငြိမ့်ညောင်းလှ
  အနုသုခုမ။
- ရေးသီဝါကျ ကာရန်ချို
  တေးပြုသံ သီဆို။
- ယဉ်ကျေးမှုကို ထိန်းသိမ်းပေး
  ဆို က ရေး တီး လေး။ ။



**မောင်မျိုးချစ်(အညာမြေ)**

## ဘူးသီးဟင်း

- ခေါင်းကသေးလို့ အောက်ပိုင်းကျယ်
  ဘူးသီးလို့ခေါ်တယ်။
- စိမ်းနုရောင်ခြယ် သူ့အသွေး
  မျက်စိကြည်လင်အေး။
- အိမ်နံဘေးက ဘူးစင်မှာ
  ခူးဆွတ်ယူလို့သာ။
- အခွံနွာလို့ မေမေချက်
  စားကောင်းဟင်းတစ်ခွက်။ ။



**ချမ်းငြိမ်းဝင်း(မိုးညှင်း)**

# (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာ့ဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀,၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**







## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ထုံးဘိုကျေးရွာ၊ အလက(ခွဲ)ထုံးဘို၊ ကျောင်းဝင်အမှတ်-၀၆၈၁ ဖြင့် Grade-3 တွင်ပညာသင်ကြားနေသော (ဘ) ဦးနေ လင်းအောင်၏သား မောင်ခန့်အာကာဇွဲအား **မောင်ခန့်သော်ဟိန်းဟု** အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ခန့်သော်ဟိန်း**

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းမြို့၊ အုန်းတောကျေးရွာနေ (ဘ) ဦးချော(၅/စကန(နိုင်)၁၅၈၆၄၀) (မိခင်) ဒေါ်စုစုလှိုင်(၅/စကန(နိုင်)၁၅၈၉၈၈)တို့၏သား ဖြစ်သူ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း(အုန်းတောစစ်ကိုင်းမြို့)၊ Grade-6 တွင် ပညာသင်ကြားခဲ့သော **မောင်လင်းလက်ထွန်း** ၏ မွေးသက္ကရာဇ်အမှန်မှာ (၂၈-၁-၂၀၀၉) ဖြစ်ပါကြောင်း။ မောင်လင်းလက်ထွန်း၊ ၂၈-၁-၂၀၀၉

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းမြန်မာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်ဖိုလ်၏သား **မောင်အောင်သီဟဖိုလ်** ၏ မွေးသက္ကရာဇ်အမှန်မှာ မွေးစာရင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ ၂၁-၆-၂၀၀၇ ဖြစ်ပါကြောင်း။

မောင်အောင်သီဟဖိုလ်၊ ၂၁-၆-၂၀၀၇

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ စံဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော (ဘ)ဦးခင်မောင်သင်း၏သားဖြစ်သူ မောင်ကောင်းခန့်ကျော်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၁၂-၂၀၀၈ ဖြစ်ပါကြောင်း။ မောင်ကောင်းခန့်ကျော်၊ ၁၈-၁၂-၂၀၀၈

## အဖိုးတန်ရေချိုကို ချွေတာပါ

## ပျောက်ဆုံးကြောင်း

ပျော်ဘွယ်မြို့နယ်၊ ယင်းတော်မြို့မရွာနေ ဒေါ်သင်းသင်းနိုင် (ဘ) ဦးအာလာဒင်(၉/ပဘန(နိုင်)၁၂၅၃၈၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MK-568983)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-956922846**

## လျှင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur က အာကာသပြတိုက် (ရန်ကုန်)သို့ လှူဒါန်းသည့်ပစ္စည်းများ လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက လက်ခံရယူစဉ်။

## အာကာသပြတိုက်(ရန်ကုန်)သို့ အိန္ဒိယနိုင်ငံက လှူဒါန်းသည့် ပစ္စည်းများ လွှဲပြောင်းပေးအပ်

ရန်ကုန် အောက်တိုဘာ ၁၇

အာကာသပြတိုက်(ရန်ကုန်)သို့ အိန္ဒိယနိုင်ငံက လှူဒါန်းသည့်ပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ဒဂုံမြို့နယ် အာကာသပြတိုက်(ရန်ကုန်)တွင် ကျင်းပသည်။

လှူဒါန်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Abhay Thakur က လှူဒါန်းသည့်ပစ္စည်းများအကြောင်းကို ရှင်းလင်းတင်ပြကာ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက အာကာသပြတိုက်(ရန်ကုန်)သို့

စာမျက်နှာ ၂၂ ကော်လံ ၄ ☆

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၇

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊

စာမျက်နှာ ၂၃ ကော်လံ ၄ ❖



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

**ကြေးမုံ ယနေ့ ဖတ်စရာ**

စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၌ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခိုင်နှင်းစိုး၏ မြန်မာ့သီဟိုဠ်သရက်စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းပြည်ပဈေးကွက်ချိတ်ဆက်ဆောင်ရွက်ရေးစိန်ခေါ်မှုများ စာတမ်းကောက်နုတ်ချက် စာမျက်နှာ - ၁၉

## ကမ္ဘာ့ချန်ပီယံရှစ် စက်ဘီးစီးပြိုင်ပွဲတွင် အီတလီစက်ဘီးစီး ကစားသမား ဂျိုနသန်မီလန် ရွှေတံဆိပ် ဆွတ်ခူး

ပေကျင်း အောက်တိုဘာ ၁၇

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် UCI Track Cycling World Championship စက်ဘီးစီးပြိုင်ပွဲတွင် အီတလီစက်ဘီးစီးကစားသမား ဂျိုနသန်မီလန် ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်ဟု TNT Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၂၃ ကော်လံ ၁ ●



## ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ငါးထပ်အဆောက်အအုံ တစ်လုံးကို ထပ်မံဖြိုချဖျက်ဆီး

နေပြည်တော် အောက်တိုဘာ ၁၇

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများ စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ် အဆောက်အအုံတစ်လုံးကို

စာမျက်နှာ ၂၃ ကော်လံ ၁ ■




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ်အဆောက်အအုံကို စက်ယန္တရားများဖြင့် စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးနေမှု မှတ်တမ်းဓာတ်ပုံ။

## ပြည်ကြီးတံခွန်မြို့နယ်အနီး အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ခတ်

နေပြည်တော် အောက်တိုဘာ ၁၇

ယနေ့နံနက် ၈ နာရီ ၂၅ မိနစ် ၅၄ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ တောင် - အနောက်တောင်ဘက် ၁၁ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပြည်ကြီးတံခွန်မြို့နယ်၏ တောင် - အနောက်တောင်ဘက် သုံးမိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁.၈၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၉ ဒီဂရီ၊ အနက် ငါးကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၀(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။